www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

## နတ်သားအိပ်ဆေးခပ်ထားတဲ့ ညနေခင်း

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ဒဂုံမြို့နယ်။

ယ်မင်းဘုံ ၈၉၅. ၈၃

နတ်သားအိပ်ဆေးခပ်ထားတဲ့ ညနေခင်း။ မယ်မင်းဘုံ (ရန်ကုန်)။

စေတနာစာပေ၊ ၂၀၁၂

-စ၊ ၅×၇

နတ်သားအိပ်ဆေးခပ်ထားတဲ့ ညနေခင်း

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

## အမှတ်တရ

To

Dear Maeminbom,

မင်္ဂလာပါ။

"အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ်"ဝတ္ထုလေးက မိုက်တယ်။ ရနောင်းထင်ရဲ့စတိုင်လ်က မိုက်တယ်။ သူ့ရဲ့ professional ဘဝလေးက တအားကို စိတ်ချမ်းမြေ့ဖွယ်ပဲနော်။ ဇာတ်လမ်းလေးကလေ အရင်ရေးနေကြပုံစံနဲ့မတူဘဲ တစ်ဘာသာ ကွဲထွက်သွားတယ်။ ဆရာမမှာ ကိုယ်ပိုင်ဟန်တွေရှိတယ်။ အရမ်းလန်းတဲ့ idea တွေက ဖမ်းစားမှုတွေပေးတယ်။ ဆက်ပြီးတော့လည်း ဒီ့ထက် ဒီ့ထက် ပိုကောင်းတဲ့ဝတ္ထုလေးတွေ ရေးနိုင်ပါစေနော်။ "နှတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း"ဝတ္ထုကတော့ ခေါင်းစဉ်နဲ့တင် ဖျားသွားပါတယ်။ အရမ်းချီးကျူးပါတယ်။

Your Audience,

Paing Phyo Khant
2nd year (Physics)
Pyay Univerisity.

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## စာေပ်ာစာပေ

### အမှတ်တရအစီအစဉ်

မင်္ဂလာပါ မမ "မယ်မင်းဘုံ"

မမရဲ့(၁၀)အုပ်မြောက် အမှတ်တရဖြစ်တဲ့ "နပုံးမှာရေးဖို့ မေ့တဲ့စာ" ဆိုတဲ့ စာအုပ်လေးက တကယ့်ကို အမှတ်တရပါပဲ မမရယ်။ အဲဒီစာအုပ်က အရမ်းကိုဖတ်လို့ကောင်းပါတယ်။ အဲဒီထဲက "မိုးညကင်း" ရဲ့ပုံစံက အရမ်းမိုက်တယ်နော်။ ယောကျ်ားတွေရဲ့ ပြောင်းလဲတတ်ပုံကို ပြထားလို့လေ။ ချွေးရေးခြယ်ကိုလည်း အရမ်းသနားတယ်။ ထူးထူးဆန်းဆန်းလေး လုပ်တတ်တဲ့ပုံစံလေးက တကယ့်ကို ဇာတ်လမ်းကို ထူးခြားစေတယ်နော်။ ဇာတ်အိမ်လေးက ပုံပြင်ဆန်ပေမယ့် အရမ်းကိုဆွဲဆောင်အားကောင်းတာ အဆုံးထိအောင်ပါပဲ။ မမက အရမ်းတော်တယ်နော်။ မမရဲ့စာအုပ်ဆိုရင် သမီးတို့ညီအစ်မက အမြဲတမ်း လုဖတ်ရတာလေ။

မမ ဒီထက်မက အောင်မြင်ပါစေ။

မမရေ မတူညီတဲ့ အသိုင်းအဝိုင်းနှစ်ခုကြားက ခပ်ဆိုးဆိုးကောင်လေးနဲ့ နူးညံ့တဲ့ကောင်မလေးရဲ့ အရမ်းချစ်ကြတဲ့ ဇာတ်လမ်းမျိုး၊ အားလုံးကစိုင်းတားကြတဲ့ပုံစံမျိုးလေး အဆင်ပြေရင် ရေးပေးပါနော်။ ဖတ်ချင်လို့ပါ မမရယ်။

အခု(၁၀)အုပ်မြောက် စာအုပ်မှစ၍ နောက် အုပ်(၁၀၀)၊ (၁၀၀၀)မြောက် စာအုပ်တွေကို ဆက်လက်ထုတ်ဝေနိုင်ပါစေ။ ရှေ့ဆက်ပြီးလည်း မျှော်လင့်အားပေးနေပါမယ်။

မမရဲ့ထာဝရပရိသတ် ...

**ညီမလေး သူသူ + သန္တာ**

Super One(Tawwin)

## စာေပ်ာစာပေ

### အမှတ်တရအစီအစဉ်

25-6-2012

သို့

မယ်မင်းဘုံ(မမ) ...

မရဲ့ပရိသတ်ပါ။ မမရဲ့စာအုပ်တွေကို အမြဲအားပေးနေပါတယ်။ မရဲ့ဇာတ်လမ်းလေးတွေက တစ်ခုနဲ့တစ်ခု မထပ်ဘူးနော်။ အနမ်းမြို့ကသတို့သား ဇာတ်လမ်းလေးက သိပ်ကောင်းပါတယ် မမရယ်။ မမ့်, ဒီထက်မက idea ဆန်းဆန်းလေးတွေနဲ့ ထပ်ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**မြီးမြီး**

မြင့်မိုရ်ဆောင်

ဒါးပိန်မြို့နယ်၊ လှည်းကူး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

Hello မယ်မင်း ...

အလွမ်းမြစ်အတွက် အဆန်းတသစ် မိတ်ဆက်စာရေး လိုက်ပါကယ်။ ကျွန်တော်က ရဲရင့်ပါ။ မမယ်မင်းဆီက ပြန်စာကို မျှော်နေတာပိုင်း ကျွန်တော့် စာမပြန်ဖြစ်ခဲ့တာ စိတ်မဆိုးနဲ့နော်။ မမယ်မင်းရဲ့ဝတ္ထုတွေဖတ်ပြီး ဘာရေးရမှန်းမသိတော့လောက်အောင် စာအုပ်တွေက ဆွဲဆောင်နေလို့ပါပဲ။ ဆက်ပြီးတော့လည်း အားပေးနေဦးမှာပါ။

"နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း"ဝတ္ထုလေး ကတော့ ဘယ်တော့ထွက်မလဲခင်ဗျ။

ထာဝရပရိသတ် ...

ရဲရင့်
2nd yrar
English
တာ့ဝတက္ကသိုလ်။

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

ဆရာမမယ်မင်းဘဲ့ ...

မင်္ဂလာပါ။ ဟောမာန်က ဆရာမရဲ့ပရိသတ်ပါ။ ဆရာမရဲ့ စာတွေ အရမ်းကောင်းတယ်နော်။ အခုနောက်ဆုံးထွက်တဲ့ "ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်"စာအုပ်က ကောင်းတယ်။ ဒါပေမဲ့ ဇာတ်ရဲ့ ဖြစ်တဲ့ ဟာန်ပန်ရဲ့နေရာကို ဇာတ်သိမ်းဖော်မပြဘူးနော်။ အရင်တုန်းက စာအုပ်တွေမှာလည်း ဇာတ်ရှိရဲ့အကြောင်းကို သိမ်မဖော်ပြဘူးနော်။ အစ်မမယ်လို့ ခေါ်ပါရစေနော်။ အစ်မရဲ့ကလောင်နာမည်နဲ့ လူနာမည် က တူလား။ ဟောမာန်ရဲ့နာမည်က နန်းဟောမာန်ဦးပါ အစ်မမယ်။ အစ်မရဲ့မွေးချင်းတွေရယ်၊ Brithday ရယ်၊ မိသားစုရယ်၊ ဓာတ်ပုံရယ် သိချင်တယ် မြင်ချင်တယ် ပေးပါလား။

ဟောမာန်ရဲ့စာ အများပါရင် ခွင့်လွှတ်ပါ။

အစ်မမယ်ရဲ့ ...

Ever ပရိသတ်

**နန်းဟောမာန်ဦး**
mamanoo.94 @ gmail,con
18 x 19 ကြား၊ 62 x 63 ကြား
နန်းရှေ့ဈေးမြောက်ဘက်
မန္တလေး။
ဦးမြင့်ဦးဆိုင်ကယ်ဝယ်ရှောပ်ဆိုင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**စေတနာစာပေ၏**

## အမှတ်တရအချစ်အခွေ

2-8-2012

သို့

မယ်မင်းရေ ...

ဝတ္ထုလေးက အရမ်းမိုက်တာပဲနော်။

ခေါင်းစဉ်ကလည်း တအားစိတ်ဝင်စားဖို့ကောင်းတယ်။ နိုင်းမြစ်ရဲ့ ချစ်တတ်ပုံကတော့ အားကျစရာပဲ။ ဇာတ်သိမ်းထားပုံသေးက တကယ်ချစ်စရာလေး၊ တို့ကတော့ ဘယ်သူနဲ့ပေးညားရမှန်းမသိတော့ အဲလိုဇာတ်သိမ်းလေးက ပိုကောင်းတာပေါ့။ မယ်မင်းရေ ... အောင်မြင်ပါစေ။

BURMESE CLASSIC

ချစ်တဲ့ ...

ဆော်ဆော်

U.F.L (Eng)

ရန်ကုန်

**စေတနာစာပေ၏**

## အမှတ်တရအချစ်အခွေ

မမယ်မင်းရေ ...

ဒီလထွက်တဲ့စာအုပ်ကတော့ ရှယ်ပဲနော်။ ခေါင်းစဉ်က အရမ်းမိုက်တယ်။ ဘယ်လိုများ အချစ်တွေမိုးလင်းမလဲ မျှော်တလင့်လင့် ရှိနေခဲ့တာ။ တကယ်တန်သွားပြီ။ ကဗျာလေးတွေကလည်း ကောင်းတယ်။ ကျွန်တော် အကြိုက်ဆုံးဒိုင်ကတော့ ရနောင်းထင်က မိုစို့ကို ကိုယ့်ဝတ္ထုထဲမှာ ထည့်သုံးမယ့်စကားလေးပါဆိုပြီး နှစ်သိမ့်ပေးတဲ့ ဒိုင်လေ။ တော်တော်မိုက်တယ်နော်။ တကယ်ကို လက်တွေ့ဆန်တယ်။ အစ်မက အချစ်ဒဿနလေးတွေတွေးတာ အရမ်းကောင်းတယ်နော်။ ဝတ္ထုဆိုပေမယ့် လက်တွေ့ဆန်တဲ့ဝတ္ထုမျိုးလေးတွေရေးတဲ့ အစ်မကို ကျေးဇူးတင်ပါတယ်။

မမယ်မင်းရဲ့
ထာဝရပရိသတ် ...

သူရ ZAW
တိုက်(၁၇)၊ ၅၆–လမ်း၊
ပုစွန်တောင်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မမရေ ...

မမရဲ့"အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ်"ဝတ္ထုလေးက တအားကို ဖတ်လို့ကောင်းပါတယ်။ မညားတော့ဘူးလို့ ထင်ထားပြီးမှ ညားသွားလို့ အရမ်းသဘောကျတယ်။ ဇာတ်သိမ်းခန်းလေးက တအားဆန်းတယ်နော်။ "အော်တိုထိုးပေးပါ ဆရာ"ဆိုတဲ့ စကားလေးကိုပြောတဲ့ သစ်ရွက်စိုစိုရဲ့စကားသံလေးက နားထဲတောင် ကြားယောင်မိသွားတယ်။ ရနှောင်းထင်ကလည်း မိုက်တယ်နော်။ သူ့စတိုင်လ်က မိုက်တိမိုက်ကန်းမဟုတ်ဘဲ အေးအေးဆေးဆေးလေး။ မမကို တောင်းဆိုချင်တာလေး တစ်ခုရှိပါတယ်။ "အမုန်းကမ်းရိုးတန်း"ဝတ္ထုလိုမျိုး အကွဲဇာတ်လမ်းလေး ရေးပေးပါဦးနော်။ မမစာအုပ်တွေက ဘာမှပြောစရာမလိုအောင် ကောင်းတာမို့ အမြဲအားပေးနေပါတယ်။

မမ ဒီ့ထက်မက အောင်မြင်ပါစေလို့ ...

ဆုမွန်ခြွေသည့် ...

နွေးနွေး

ရှားခဲကျေးရွာ

ဟသ်ာတ။

## စေတနာစာပေး

### အမှတ်တရအစီအစဉ်

23-6-12

မင်္ဂလာပါ မမမယ်မင်းဘုံ ...

"အနမ်းမြို့ကသတို့သား"ဆိုတဲ့ ခေါင်းစဉ်လေးက ဆန်းသလို ဇာတ်အိမ်တည်ထားပုံကလည်း အရမ်းကိုပဲ ဆွဲဆောင်မှုရှိပါတယ်။ တစ်ယောက်တည်းကို နှစ်ယောက်ခွဲထားတဲ့ idea ကလည်း အရမ်းမိုက်တယ်။ ကာရန်ခြယ်ရဲ့မာနကို အရမ်းသဘောကျသလို ရိန်ရိန်ရဲ့ ကိုယ်ချစ်တဲ့သူအပေါ် ခွင့်လွှတ်နားလည်နိုင်တဲ့ စိတ်လေးကိုလည်း ကြိုက်တယ်။ မမ တစ်အုပ်ထက်တစ်အုပ် ပိုပိုပြီးကောင်းလာတယ်။ ပိုပြီးတော့လည်း ဆွဲဆောင်မှုက ပြင်းလာတယ်။ ဥပမာပေါ့ ... မမရဲ့ စာအုပ်ကို စဖတ်ပြီဆိုတာနဲ့ မပြီးမချင်း ထိုင်ရာက မထချင်အောင် ဖြစ်ရတာလေ။ မမ ကျောင်းစာတွေတစ်ဖက်နဲ့ စာရေးဆရာမလည်း လုပ်တယ်ဆိုတော့ မမက အရမ်းတော်တာပဲနော်။ အားကျလိုက်တာ မမရယ်။ မမရဲ့ထွက်သမျှ စာအုပ်အားလုံးကို အမြဲစောင့်မျှော်အားပေးနေပါ့မယ်။ ချစ်ရပါသော မမ"မယ်မင်းဘုံ"ဆိုတဲ့ စာရေးဆရာမကြီးကို ဒီ့ထက်မက ပိုပိုအောင်မြင်တဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အမြဲတမ်း အားပေးနေတဲ့ ...

ညီမလေး

**သူသူ + သန္တာ**

**Super One (Taw win)**

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

သို့

ဘုံရေ ...

ဘုံလို့ ခေါ်ခွင့်ပြုပါနော်။ ညိုလေ ဝတ္ထုတွေ အမျိုးစုံ ဖတ်ဖူးတယ်။ အဲဒီထဲမှာ ညို နှစ်သက်ရတဲ့ စာရေးဆရာ၊ ဆရာမ များ စွာပါရှိတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ မိတ်ဆက်စာရေးပို့ခဲ့ခြင်း မရှိ ခဲ့ပါဘူး။ ဘုံကိုတော့ မိတ်ဆက်စာ ရေးမိသွားတယ်။ ဘာလို့လဲဆို တော့ ဘုံရဲ့ဝတ္ထုလေးတွေဟာ ညို့ကို စိတ်ကြည်နူးမှုရသမျိုးစုံကို ပေး နေသလို ဘုံရဲ့ကလောင်နာမည်လေးကိုချစ်လို့ တကူးတကကို ရေးပို့ လိုက်တာပါ။ ညိုရေးတဲ့ထဲမှာ တစ်စုံတစ်ရာ မှားတာပါခဲ့ရင် တောင်း ပန်ပါတယ်။ ဘုံကပဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးစေချင်ပါ တယ်။ ဒီလို တစ်ခါမှ မိတ်ဆက်စာမရေးဖူးတော့ စာမချောခဲ့ရင် စိတ် မရှိနဲ့နော်။

ဘုံရဲ့ဝတ္ထုထဲမှာ "အနမ်းမြို့ကသတို့သား" ဆိုရင် တအား သဘောကျတယ်။ ပြီးတော့ "နဖူးမှာရေးဖို့မေ့တဲ့စာ" ဝတ္ထု။ ပြောရရင် တော့ ဘုံဝတ္ထုတွေ အားလုံးက ဖတ်လို့ကောင်းတယ်။ ဘုံရေ ... ဘုံက ရန်ကုန်ကပဲလား။ ကျောင်းပြီးသွားပြီလား။ ဘုံက အရမ်းချစ်ဖို့ကောင်း တယ်ဆိုတာ ဘုံရဲ့စာအုပ်တွေထဲကနေ ခန့်မှန်းလို့ ရပါတယ်။ ဘုံလေး ဘဝမှာ ပျော်စရာများနဲ့ ထာဝရစိတ်ချမ်းသာကိုယ်ကျန်းမာပါစေလို့ ညိုက ဆုတောင်းပေးပါတယ်။

ဘုံလေးကို အရမ်းအားပေးတဲ့ ...

ထာဝရပရိသတ် ...

**ညိုညိုရွှေး**

မြရွှေဝါလမ်း၊ တော်ကူးကျေးရွာ



## အမှတ်တရအစီအစဉ်

29-6-12

သို့

မင်္ဂလာပါ မယ်မင်းရေ ...

မယ်မင်းရဲ့ (၁၂)အုပ်မြောက် အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေမိုးလင်းခဲ့တယ် ဝတ္ထုလေးကို သဘောကျ နှစ်မြို့က်စွာ အားပါးတရ ဖတ်ပြီးသွားပါပြီ။ မယ်မင်းရဲ့ဝတ္ထုလေးကို ဖတ်ပြီးရင် ရင်ထဲမှာ တစ်မျိုးလေးတော့ ကျန်ခဲ့တာချည်းပဲ။

စာရေးကောင်းတဲ့ မယ်မင်းတစ်ယောက် အောင်မြင်မှု သရဖူဆွတ်ခူးနိုင်ပါစေလို့ ဘုရားမှာ ဆုတောင်းပေးနေတယ်။ မယ်မင်း ထာဝရ ပျော်ရွှင်အောင်မြင်နိုင်ပါစေ။

**လင်းစု**

တ/ဥက္ကလာ

ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

ချစ်ရတဲ့ညီမလေး (ဆရာမမယ်မင်းဘုံ) ...

ညီမလေးရဲ့ဝတ္ထုတွေဖြစ်ရတာ အရမ်းကောင်းတယ်။ ညီမလေးရဲ့ idea တွေက ဆန်းသစ်တယ်။ ဆင်းရဲတဲ့ဇာတ်လမ်းလေးလည်း ရေးပေးပါဦး။ အခြေခံလူတန်းစားတွေရဲ့ အချစ်နဲ့ဘဝ လွန်ဆွဲပုံလေးမျိုးပေါ့။ ညီမလေးရဲ့ idea တွေနဲ့သာ ရေးလိုက်မယ်ဆို သိပ်ဖတ်လို့ကောင်းမှာ အသေအချာပဲ။ ချစ်သူလိမ်းဖို့ဒေးခရင်မ်တို့၊ အချစ်ဧရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့် စာအုပ်လေးတွေဆို အပိုင်တောင်ဝယ်သိမ်းထားတာ။ (ကြိုက်လွန်းလို့လေ)။ ဇာတ်လမ်းလေးတွေကလည်း အရမ်းကောင်းတယ်။ ညီမလေး အချိန်အားလို့ စာပြန်ဖြစ်မယ်ဆိုရင် ညီမလေးရဲ့ဓာတ်ပုံလေးပါ ထည့်ပေးပါနော်။ ရွာထဲမှာ ညီမလေးဘယ်လောက်ချောကြောင်း ကြွားချင်လွန်းလို့လေ။ ညီမလေးက ကျောင်းပြီးပြီလား။ အစ်မကတော့ ညီမလေးကို လေးစားခင်မင်တယ်။ ဝတ္ထုစာအုပ်တွေက အရမ်းကို အသက်ဝင်ပါတယ်။

စာပေလောကရဲ့အလင်းဆုံးကြယ်တစ်ပွင့်ဖြစ်ပါစေ

ချစ်သောပရိသတ် ...

**မအိမ့်မိုး**

၃၇ပ–မြရွှေဝါလမ်း

တော်ကူး၊ မုဒုံမြို့၊ မွန်ပြည်နယ်။

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

17-6-12

ဆရာမ မယ်မင်းဘုံ ...

မင်္ဂလာပါ။ ကျွန်တော်က ဆရာမရဲ့ပရိသတ်ပါ။ ဆရာမဆီကို အရင်က စာရေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီစာက ဆရာမဆီ မရောက်ဖူးလား မသိဘူး။ ဝတ္ထုထဲမှာ အမှတ်တရထည့်တာ မတွေ့ရဘူး။ ကျွန်တော်က ဆရာမရဲ့ဝတ္ထုစာအုပ်တွေကို နှစ်သက်အားပေးနေတဲ့သူပါ။ ဆရာမရဲ့ဝတ္ထုတွေဟာ အရမ်းပဲ ဖတ်လို့ကောင်းပါတယ်။ အခုနောက်ပိုင်းမှာ ဆရာမရဲ့အရေးအသားတွေက အရမ်းသွက်လာပြီး ဇာတ်အိမ်လည်း ပိုခန့်လာတယ်နော်။ သဘာဝဆန်တဲ့ အချစ်ဇာတ်လမ်းရှယ်လေးတွေကိုလည်း ရေးပေးပါဦးလို့ တောင်းဆိုချင်ပါတယ်။ ဆရာမရဲ့ဇာတ်ကောင်နာမည်တွေက အရမ်းလှတယ်၊ ဆရာမက အရမ်း talent ရှိတဲ့ စာရေးဆရာမပါပဲ။ အခုဆိုရင် ဆရာမရဲ့ပရိသတ်တွေ ကျွန်တော်တို့မြို့မှာ အများကြီးပဲ သိလား။ အငှားသွက်တဲ့ဝတ္ထုစာအုပ်တွေထဲမှာ ဆရာမစာအုပ်က ထိပ်ဆုံးတန်းမှာရှိတယ်။ ကျွန်တော့်သူငယ်ချင်းတွေကလည်း ဆရာမဆီကို မိတ်ဆက်စာပို့ကြမယ်တဲ့။ ဆရာမကို g-mail ကနေကော ဆက်သွယ်လို့ ရပါသလားခင်ဗျ။ ဆရာမရဲ့ profile လေးတွေကို သိခွင့်ရှိမယ်ဆိုရင် သိပါရစေ။

ကျွန်တော်တို့ အားပေးတဲ့ ဝတ္ထုစာအုပ်ပေါင်းများစွာကို ဒီ့ထက်မက ဆရာမ ရေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

ကျေးဇူးကမ္ဘာပါ ဆရာမ ...

**လင်းသစ်**

ရွာသစ်ဘုန်းကြီးကျောင်းလမ်း၊ ရွှေဟောင်

ချောင်းသာ(ခွဲ)၊ ပုသိမ်မြို့

www.burmeseclassic.com

www.burmeseclassic.com



သို့

မင်္ဂလာပါ မမဘုံ ...

သမီးက အိကာစ်ပါ။ မမဘုံ မှတ်မိပါ့မလား မသိဘူး။ မမဘုံနဲ့ ဖုန်းတစ်ခါပြောဖူးတယ်လေ။ အဲဒီနောက်ပိုင်း သမီးမဆက်ဖြစ်ပေမယ့် မမကို အမြဲသတိရနေသလို မမရဲ့စာအုပ်တွေကိုလည်း လတိုင်းမပြတ် ဖတ်နေဆဲပါ။ မမဘုံရေ ... မမဘုံရဲ့ဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာတယ်နော်။ ဂုဏ်ယူပါတယ် မမဘုံ။ သမီးတို့လို ပရိသတ်တွေကို မာနမကြီးဘဲ ဖော်ရွေစွာ ဆက်ဆံတာကိုလည်း အရမ်းဝမ်းသာပါတယ်။ မမဘုံရဲ့ဝတ္ထုတွေထဲမှာ "ဆယ်ကျော်သက်ဂိမ်း"ကို အကြိုက်ဆုံးပဲ။ အဲဒီဝတ္ထုက တော်တော်လေး အမိုက်စားရေးထားတာနော်။ မမဘုံကို အားကျတယ် သိလား။ မမရေ ... သမီးစာ ရှည်သွားပြီထင်တယ်။ ပြောချင်တာတွေ အများကြီးရှိပေမယ့် မမဘုံ စိတ်ရှုပ်သွားမှာစိုးလို့ နောက်မှ ပြောပြတော့မယ်နော်။ သမီး ဖုန်းဆက်တာကို လက်ခံစကားပြောပေးပါနော် မမ။

ချစ်တဲ့မမ ထာဝရပျော်ရွှင်အောင်မြင်ပါစေ ...

**အိကာစ်**(PCO-)
ရေနံချောင်း။



သို့

ခင်ရတဲ့ ဘုံလေးရေ ...

ပျော်ရွှင်ပါစေနော်။ ဘုံလေးကို အရမ်းခင်မင်မိတာကြောင့် အခုလို တလေးတစား မိတ်ဆက်စာ ရေးပေးလိုက်ပါတယ်။ ဘုံလေးရဲ့ဝတ္ထုစာအုပ်လေးတွေကို ဖတ်ရတာ အရမ်းကိုဖတ်လို့ကောင်းတယ်။ ချစ်ရင် ... နှစ်မိနစ်စောင့် ဝတ္ထုလေးဆို တစ်မျိုးလေးဆန်းတယ်နော်။ ဘုံလေးရဲ့စာရေးဟန်လေးက အရမ်းမိုက်တယ်။ ကိုယ်ပိုင် Style လည်းရှိတယ်။ လှုကလည်း လန်းလို့ စာရေးတာလေးတွေကလည်း လန်းတာဖြစ်မယ်နော်။ အဲဒါကြောင့် ဘုံလေးရဲ့ဓာတ်ပုံလေးကို လက်မှတ်လေးထိုးပြီး ပေးပါလားလို့ တောင်းဆိုပါရစေ။

ချစ်တဲ့ဘုံလေး အထူးချွန်ဆုံး ကြယ်လေးတစ်ပွင့်ဖြစ်ပါစေ။

ဘုံလေးဘဝရဲ့ဆန္ဒတွေတိုင်းကို
ပြည့်ဝပါစေလို့ ဆုတောင်းပေးတဲ့ ...

**မမအေမြတ်**
(၅)လမ်း၊ ညောင်တုန်းမြို့
ဧရာဝတီတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

## အမှတ်တရအခန်းအစဉ်

To

မယ်မင်း ...

မမ မိတ်ဆက်စာ ရေးပို့လိုက်ပါတယ်။ မယ်မင်းရဲ့ စာအုပ်လေးတွေက တစ်လနဲ့တစ်လ မတူဘဲ ပိုပိုပြီးတော့ကောင်းလာတယ်နော်။ Idea တွေကလည်း အရမ်းမိုက်တာပဲ။

"အနမ်းမြို့ကသတို့သား" စာအုပ်လေးကို အရမ်းကြိုက်လို့ နှစ်ခါပြန်တောင် ဖတ်ဖြစ်တယ်။ ကောင်လေးက အရမ်းနဲ့ Romantic လုပ်တတ်တယ်နော်။ ကဗျာတွေကလည်း ကာရံနဘောကျအောင် စပ်ထားတော့ ပိုပြီးတော့ ဖတ်လို့ကောင်းတယ်နော်။ မယ်မင်းက ဝတ္ထုရေးရုံတင်မကဘဲ ကဗျာစာအုပ်တွေပါ ရေးရင်လည်း ကျော်ကြားမှာ သေချာတယ်။ မယ်မင်းရဲ့ နောက်လ နောက်လတိုင်းမှာ ထွက်ရှိမယ့် စာအုပ်တိုင်းကို စောင့်မျှော်ဖတ်ရှုမယ် ...

မမ
ဝါဝါလှိုင်
မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်
ထောက်ရှာပင် ကမ်းနီရေနံမြေ။

## စေတနာစာပေ၏

## အမှတ်တရအခန်းအစဉ်

1-8-2012

သို့

မင်္ဂလာပါ မမဘုံရေ ...

မမဘုံရဲ့ ဒီလထုတ်လုံးချင်းလေးကို ဖတ်လို့ပြီးသွားပါပြီ။ အရမ်းကို အားရကျေနပ်မိပါတယ်။ ပိုင်ပိုင်တို့ကတော့ မေဒေးလေးကို သောင်ယံလေးနဲ့ပဲ ပေးညားလိုက်တယ်။ စစ်နေကွန်းကိုတော့ သိပ်သဘောမကျစေဘူး။ ခင်လမင်းကိုတော့ သနားမိတယ်၊ သူ့ရဲ့ စိတ်ဓာတ်လေးက လေးစားဖို့ကောင်းတယ်။

မမဘုံရေ စာမျက်နှာ(၁၅)က မေဒေးရဲ့ ညည်းအဖေဆီ စာဖြစ်ဖြစ် အလုပ်ဝင်မှာပေါ့။ နင်တော်တော်နဲ့တယ်နော်။ အေး ... သုပ်ကိုလုပ်ရမယ် ဆိုတဲ့ အပိုဒ်ကို လုံးဝနားမလည်ဘူး။ ဘယ်ကနေ ဘယ်လိုဆက်စပ်ပြီး ပြောလိုက်တဲ့စကားမှန်းကို မသိလိုက်ဘာ။ အဲဒါလေးကို ပိုင်ပိုင်ဆီ စာပြန်ရင် ရှင်းပြပေးပါဦးနော်။ ဒီတစ်ခါ မျက်နှာဖုံးနဲ့ချိကလည်း ဝေဖန်စရာမလိုအောင် လုပ်ပါတယ်။ ဒီကြားထဲ ပိုင်ပိုင်နဲ့ မမဘုံ အဆက်အသွယ် ပြတ်သွားသေးတယ်နော်။ ပိုင်ပိုင်လည်း ထုံးဝမအားလို့ပါ။ ဒါပေမဲ့ မမဘုံရဲ့ ထွက်သမျှစာအုပ်အားလုံးကို အမင်းဆီက ယူဖတ်တယ်။ အနမ်းမြို့က သတို့သားဆိုရင် ပိုင်ပိုင် အရမ်းနှစ်သက်ရတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ လမင်းဆိုရင် အဲဒီဝတ္ထုအကြောင်း ဆို ပြောလို့ကို မပြီးတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစာပေး

အမှတ်တရအစီအစဉ်

အလွမ်းမြစ်ပင်လယ်ကလည်း အရမ်းကို ဖတ်လို့ကောင်းပါတယ်။ ဒါပေမဲ့ ထနောင်းသွင်နဲ့ ရွှန်းရိပ်စိုတို့ကို ညားစေချင်တာပေါ့။ သစ်ရွက်စိုစို ရဲ့ Character change သွားပုံက အရမ်းကိုမိုက်တယ်။

OK ! မမဘုံရေ နှုတ်ဆက်ပါတယ် ...

Good Luch !

စာပေလောကမှာ ဒီထက်မက အောင်မြင်နိုင်ပြီး ပရိသတ်တွေ အားပေးမှုကို အများကြီး ရယူနိုင်ပါစေ။

ဝေးတစ်နယ်မြေမှ ...

စိုင်စိုင်
2nd Civil
TU (Kalay)

မေတ္တာစာပေး

အမှတ်တရအစီအစဉ်

၂၀-၆-၂၀၀၂

မမယ်မင်းဘုံ ...

မင်္ဂလာပါနော် ...

အနမ်းမြို့ကသတို့သားလေးကို ဖတ်လို့ပြီးသွားပါပြီ။ သိပ်ကြိုက်ပါတယ်ကွယ်။ စီဒီယိုအဖြစ် ဟိန်းဝေယံနှင့်ရိုက်လျှင် သိပ်လိုက်မယ်လို့ ထင်ပါတယ်။ မမယ်မင်းဘုံရဲ့ အနမ်းမြို့ကသတို့သားလေးကတော့ ဘယ်သူဖြစ်မှာလဲဟင်။

အပိုအလိုမရှိ ရေးသားထားတဲ့ မယ်မင်းဘုံကို လေးစားမိပါတယ်။

ချစ်ခင်စွာဖြင့်

ချစ်မူးသွယ်
ကျောက်တန်း

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဘုံ ...

မေသက် စာရေးလိုက်ပါတယ်။ နဖူးမှာရေးဖို့မေ့တဲ့စာ ဝတ္ထုကို မေသက် ဖတ်ရပါတယ်။ မမခေါင်းစဉ်လေးတွေက ကဗျာဆန် တယ်နော်။ အရေးအသား အချိတ်အဆက်တွေ မိတယ် မမရယ်။ "မိုးညကင်း"ဆိုတဲ့ နာမည်ကို မေသက် အရမ်းကြိုက်တယ်။ မမရေး တဲ့ သဘာဝကျတယ်။ "မိုးညကင်း"အနေနဲ့ ကလဲ့စားချေချင်တဲ့စိတ် တော့ ပေါ်မှာပဲ။ ဒါ သူ့သူ့ကိုယ်ကိုယ်ပဲလေ။ နောက်မှ ချစ်တဲ့စိတ်တွေ တဖြည်းဖြည်း ဖြစ်ပေါ်လာတာကလည်း မှန်တာပဲ။ မမ ဒီတစ်ခါရေး တဲ့ဝတ္ထုက တော်တော်အရသာရှိတယ်။ နောက်ထွက်မယ့် "အနမ်းမြို့ရဲ့ သတို့သား"စာအုပ်ကို မေသက် ဖတ်ပြီး အကြဲပြုနေဦးမှာပါ။ မမဘုံ တစ်ယောက် စိတ်ကူးထဲက အချစ်ဇာတ်လမ်းလေးတွေ ပရိသတ်ရှေ့ မှောက် များများချပြနိုင်ပါစေ။ မမဘုံရေးတဲ့ ဝတ္ထုတွေထဲမှာ English စာလုံးတွေ တော်တော်များများ ပါတယ်နော်။ မမဘုံရဲ့ဇာတ်ပုံလေး လည်း ထည့်ပေးလိုက်ပါဦးနော်။ မမဘုံရဲ့နောက်ထွက်မယ့်စာအုပ်တွေ ကို ရင်ခုန်စွာနဲ့ စောင့်ဆိုင်းနေမှာပါ။ မမဘုံ တစ်ယောက် ဆန္ဒနဲ့ဘဝ တစ်ထပ်တည်း ကျပါစေ။

မမဘုံရဲ့အမာခံပရိသတ် ...

**မေသက်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်

(၁၀)ရပ်ကွက်၊ ခိုင်ရွှေဝါ(၄)လမ်း။

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

ဆရာမမယ်မင်းဘုံရဲ့ နဖူးမှာရေးဖို့မေ့တဲ့စာ ဝတ္ထုတွေ ကို ကျွန်တော် ဖတ်နေရတဲ့အချိန်မှာ ခြေထောက်တစ်ဖက်""ခြ"တက် သွားတာ မသိလိုက်အောင်ပါဘဲ။ ဝတ္ထုထဲ ကျွန်တော်ရောက်သွားတယ်။ အမြဲတမ်း အားပေးနေပါတယ်။ ဒီဇာတ်လမ်းက ကျွန်တော့်ဘဝနဲ့ တိုက်ဆိုင်တော့ Mood ဝင်သွားတယ်လေ။ ကျွန်တော် ရှေ့ကြိုဖြစ်တဲ့ အကြောင်းနဲ့ ပတ်သက်ပြီး သိချင်တယ်။ ကျွန်တော့် ကောင်မလေးက အဲဒီအကြောင်းကို အစက မယုံဘူး ဆရာမရဲ့။ ဆရာမရဲ့ဝတ္ထုစာအုပ် ကို ပြတော့မှ လက်ခံရတော့မလို ဖြစ်နေပြီလေ။ ပိုပြီးသေချာအောင် ဆရာမရဲ့ထောက်ခံစာနဲ့အတူ ရှေ့ဖြစ်စဉ်ကို ဘယ်လိုလေ့လာရမလဲ ဆိုတာ လမ်းညွှန်ချက်လေး ပေးပါနော် ဆရာမ မယ်မင်းဘုံ။

World first Bestseller ဖြစ်ပါစေ။

ဇာတ်မင်းသားလေး

Model သရုပ်ဆောင်

**ပိုင်သစ်**

အမှတ်(၁၂)၊ မြင်းခြံ

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေး

### အမှတ်တရအစီအစဉ်

1-8-2012

To

ဒီတစ်ခေါက် လမင်းရဲ့(၁၃)ကြိမ်မြောက်စာမှာ အပြောင်းအလဲဖြစ်သွားအောင် “မယ်မယ်”လို့ ပြောင်းပြီးခေါ်လိုက်မယ်နော်။

ချစ်စနိုးနဲ့ခေါ်တာမို့ စိတ်တော့မဆိုးစေချင်ဘူး။ ဒီလထွက်ပေးတဲ့ အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ ဝတ္ထုကို ဖတ်ပြီးသွားပါပြီ။ ဒီဝတ္ထုက တခြားဝတ္ထုတွေနဲ့ယှဉ်ရင် နောက်မှာကျန်ခဲ့တာပေါ့။ လမင်းကတော့ သိပ်သဘောမကျဘူး။

ဒါပေမဲ့လည်း အပြင်လောကမှာ ဒီလိုမျိုးတွေ ရှိတတ်တော့ သဘာဝကျပြီး ကောင်းပါတယ်။ ဒီဝတ္ထုလေးက title ကလည်း လန်းနေတော့ လမင်းက အရမ်းမျှော်မှန်းထားတာ၊ ဒါပေမဲ့လည်း မျှော်မှန်းထားသလောက် ဖြစ်မလာတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒီလိုဝေဖန်တာ စိတ်တော့မဆိုးစေချင်ဘူး။ လမင်းက မယ်မယ်ကို စာပေလောကမှာ အရမ်းအောင်မြင်ကျော်ကြားစေချင်တာပါ။ စိတ်မဆိုးဘူးမို့လား ?။ မြတ်မေဒေးနေရာမှာ လမင်းဆိုရင် သူချစ်နှင့်ကိုယ်ချစ်ဆိုရင် သူချစ်ကို ရွေးလိုက်မှာ၊ အဲဒါကြောင့်မို့ ဇာတ်သိမ်းမှာ နိုင်းမြစ်သောင်ယံနဲ့ပဲ လမင်းကတော့ ညားပေးလိုက်မယ်။

မယ်မယ်ရဲ့ဝတ္ထုတွေ ဗီဒီယိုရိုက်တာ သိရတဲ့အတွက် အရမ်းကို ဂုဏ်ယူမိပါတယ်။ နောက်ထပ်ထွက်မယ့် ဝတ္ထုတွေလည်း ဗီဒီယိုရိုက်ပါစေလို့ ဆုတောင်းပါတယ်။

## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မယ်မယ်ရဲ့ဝတ္ထုတွေအားလုံး လမင်းဆီမှာ ရှိပါတယ်။ အခုဆိုရင် လမင်းတို့ရဲ့ကျောင်းမှာ မယ်မယ်ရဲ့ပရိသတ်တွေ အများကြီး ရှိနေပါပြီ။ ဖတ်ပြီးတဲ့သူတိုင်း မယ်မယ်ရဲ့ဝတ္ထုတွေကို အရမ်းကြိုက်ကြတာ။

မယ်မယ်ရေ “နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း” ကျမှ တွေ့ရအောင်နော်။

မယ်မယ် ရှေ့ဆက်ရမယ့် အနုပညာလမ်းခရီးမှာ ငြိမ်းချမ်းမှုတွေနဲ့ တွေ့ဆုံရပါစေ။

စစ်မှန်သောမေတ္တာမွန်ဖြင့် ...

**လမင်း**
အမှတ်(၄၄/၃) တော်ဝင်သစ်ခွခြံ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

မမယ်မင်း ...

ခေါင်းစဉ်လေးက အရမ်းကို ဆွဲဆောင်နေတာနဲ့ ဖတ်မိသွားတယ်။ ဇာတ်လမ်းလေးက အရမ်းမိုက်ပါတယ်။ အားရကျေနပ်မှုလည်းရှိတယ်။ အစ်မက အရမ်းတော်တာပဲနော်။ ချီးကျူးလေးစားမိပါတယ် အစ်မ။

**ကောင်းကောင်း**

1st year(Myan)

ဒဂုံတက္ကသိုလ်

## စေတနာစာပေ

### အမှတ်တရအစီအစဉ်

1-8-2012

သို့

ဘုံရေ ...

"အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ" ဆိုတဲ့ ဇာတ်လမ်းလေးကို အရမ်းကြိုက်တယ်၊ နောက်ဆုံးမှာသွားကြားထိုးတဲ့လေးတွေနဲ့ ကဲကြမ္မာအဆုံးအဖြတ်ပေးတဲ့ idea က အရမ်းမိုက်တယ်။

ကိုကြီးရဲ့ဒီဇိုင်းကလည်း အရမ်းမိုက်တယ်။

ဘုံရေ ... တို့ကတော့ ကိုကြီးနဲ့ပဲ ပေးညားလိုက်ပြီ။

**အိမ့်သဲဆု**

နေပြည်တော်

ပျဉ်းမနား

www.burmeseclassic.com

www.burmeseclassic.com

## ဝေဒနာစာပေး

မင်္ဂလာပါ ဘုံ ...

အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေမိုးလင်းခဲ့တယ် ဆိုတဲ့ ခေါင်းစဉ်လေးကို ဖတ်ကြည့်ချင်စိတ်တွေ များခဲ့တယ်။ ဘုံကလေ ခေါင်းစဉ်+စာသား+စာတ်ကောင်လေးတွေက တအားကိုချိတ်ဆက်မိလို့ လေးစားမိတယ် ဘုံ။ ဒီဝတ္ထုလေးကလည်း ကောင်းတယ်။ စိုစို့နဲ့ ရနောင်းထင်တို့ရဲ့ အချစ်ဇာတ်လမ်းလေးကလည်း စိတ်ကူးယဉ်မဟုတ်ဘဲ တကယ်ကို အပြင်မှာရှိတဲ့ ဇာတ်လမ်းလေးလို ပါဘဲ။ ဘုံရဲ့ဝတ္ထုလေးတွေကို မီဒီယာအဖြစ် အသွင်ပြောင်းတော့မှာ အများကြီးပဲနော်။ ချီးကျူးမိပါတယ်ကွယ်။ တို့တွေကလေ ဘုံ ကလောင်သစ် နံပါတ်(တစ်)ဝတ္ထုထဲကနေ စ,ဖတ်လာတာ အခုဆိုရင် (၁၂)အုပ်မြောက်အထိ အားပေးလာတဲ့ ပရိသတ်နော်။ ဘယ်လိုများ မိုးလင်းမလဲဆိုတာ စောင့်ရင်းနဲ့ အားပေးခဲ့တယ်။

နောက်တစ်လထွက်မယ့် အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ဘယ်လိုများ မှတ်စရာများတွေ ရှိမလဲဆိုတာ စောင့်မျှော်ရင်းနဲ့ အမြဲတမ်း အားပေးနေတယ်နော်။

နိုင်မြဲတဲ့ပရိသတ် ...

**နှင်းသီတာအောင်**
ဗမာအေးရပ်ကွက်၊ ပခေါပုံ

## ဝေဒနာစာပေး

### အမှတ်တရအဝိုင်းအစဉ်

၁၇-၆-၁၂

မမဘုံရေ ...

မမဘုံရဲ့ "အနမ်းမြို့ကသတို့သား"ဝတ္ထုက တအားမိုက်တယ်။ ကရျာလေးတွေကလည်း အမိုက်စားနော်။ ကိုကိုးကို စွမ်းထွန်ခေါင်လို့ သိသွားတဲ့ အခန်းလေးကို အရမ်းကြိုက်တယ်။ မမဘုံက စာရေးတာ အရမ်းကောင်းတယ်နော်။ ခေတ်နဲ့အညီ ရေးနိုင်တယ်။ "အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ်"၊ "နှတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း"အဲဒီစာအုပ်ခေါင်းစဉ်လေးတွေကို မြင်မိကတည်းက သိပ်ဖတ်ချင်နေမိပြီ။ အဲဒီလို ဆန်းသစ်တဲ့ ခေါင်းစဉ်လေးတွေက မမဘုံရဲ့ attraction တစ်ခုပါပဲ။ မမဘုံက ငယ်ငယ်လေးနဲ့ အောင်မြင်တဲ့ စာရေးဆရာမဖြစ်နေပြီနော်။ မမဘုံကို အပြင်မှာမြင်ဖူး ချင်လိုက်တာ။

Your Audience.
Phwe Phwe Oo
M/1. Lanmataw. Myawaddy st.
Bominyong, Tatkone
Nay Pyi Taw

www.burmeseclassic.com

www.burmeseclassic.com

## ဝေဒနာစာပေ

6-7-2012

သို့

ချစ်ခင်လေးစားရပါသော မမယ် ...

မမယ်လို့ပဲ ခေါ်မယ်နော်။ ခွင့်ပြုမယ် မဟုတ်လားဟင်။

ပထမဆုံးမိတ်ဆက်စာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမယ် စာအုပ်တွေကို (၁၀)အုပ်မြောက်အထိ ဖတ်ပြီးသွားပါပြီ။ စာအုပ်တွေအားလုံးက လက်ကနေမချချင်လောက်အောင် ဆွဲဆောင်မှုရှိတယ်နော်။ အဲဒါကြောင့်မို့ မမယ်ဆီ စာရေးတာပါ။ မမယ်ရဲ့ဝတ္ထုတွေက အရမ်းဖတ်လို့ ကောင်းပါတယ်။ စာအုပ်တွေအားလုံးကို အရမ်းကြိုက်တယ်။ နိုနိုက မမယ်ရဲ့အမာခံပရိသတ်ပါ။ နောက်ထပ်ထွက်လာမယ့်စာအုပ်တွေကိုလည်း အားပေးနေမှာပါ။ မမယ် စာပြန်မယ်ဆိုရင် ဓာတ်ပုံပါ ထည့်ပေးပါနော်။ ချစ်ခင်လေးစားရတဲ့ မမယ်ကို မြင်ဖူးချင်လို့ပါ။ မမယ်ရဲ့အမည်ရင်းကိုလည်း ပြောပြပါနော်။

မမယ် ဒို့ထက်ကော အောင်မြင်ပါစေ ...

ဆုမွန်ခြွေလျက် ...

Magret Nora
(A.G.T.I 1st year)
TU Kalay
အမှတ်(၄၄/၃)၊ တော်ဝင်သစ်ခွခြံ
မဂ်လာဥယျာဉ်ရပ်ကွက်၊ ကလေးမြို့။

နိုနိုက အဆောင်မှာနေတော့ သူငယ်ချင်း လမင်းရဲ့လိပ်စာနဲ့ပဲ ရေးလိုက်မယ်နော်။

## ဝေဒနာစာပေ

30-6-2012

သို့

ဆရာမမယ်မင်းဘုံ ...

ဆရာမရဲ့ "အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ်" ဝတ္ထုလေးကို ဖတ်မိရင်း မိတ်ဆက်စာရေးချင်စိတ်ကို မထိန်းနိုင်လို့ စာရေးလိုက်ပါတယ်။ သားတို့မြို့မှာ ဆရာမရဲ့ပရိသတ်တွေ အများကြီးရှိတယ်။ သားတို့သူငယ်ချင်း ငါးယောက်ကတော့ ဆရာမရဲ့ပရိသတ်တွေထဲက အမာခံအဖြစ်ဆုံး ထိပ်ဆုံးက ပရိသတ်တွေပါ။ သားက AKအောင်ပါ။ သားလည်း စာရေးရတာ ဝါသနာပါတယ်။ စာမူတွေ ရန်ကုန်က မဂ္ဂဇင်းတွေဆီပို့လည်း အပယ်ခံရတယ်။ သားရေးတာ လိုသေးလို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာမကိုတော့ လေးစားတယ်။ သားလည်း တစ်နေ့တော့ ဆရာမတို့ကို အတုယူပြီး ဖြစ်အောင်ကြိုးစားချင်တယ်။ သားက အထက်တန်းပဲရှိသေးတော့ စာပေဝမ်းစာပြည့်ဖို့ လိုပါသေးတယ်။ ဆရာမရဲ့စာတွေကို ဖတ်ပြီး နှစ်သက်ရသူမို့ လေးစားကြောင်း စာရေးလိုက်တာပါ။

သားကော သူငယ်ချင်းတွေကကော ဆရာမ ဒို့ထက် ဒို့ထက် အောင်မြင်ပြီးရင်း အောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

P.S ။ သားတို့မြို့ကိုရောက်ရင် လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။

AK အောင်နှင့်သူငယ်ချင်းများ
ရပ်ကွက်(၂၀)၊ မြစ်ကြီးကမ်းနားလမ်း
တောင်ငူမြို့။
Xman.ak @ gmail.com

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

မင်္ဂလာပါ ဘုံဘုံရေ ...

ကျွန်တော်က ဘုံဘုံရဲ့ပရိသတ်ပါ။ ကျောင်းသားဇာတ်လေးတွေကို များများရေးပေးပါ။ ကျွန်တော်တို့က ကျောင်းသားမို့ ကျောင်းဇာတ်လမ်းကို ပိုသဘောကျတယ်။ ဘုံဘုံရဲ့ဝတ္ထုလေးတွေကို ဗီဒီယိုအဖြစ် ကြည့်ရတော့မှာဆိုတော့ ပိုပြီးသဘောကျမိတယ်။ ဘုံဘုံ တစ်ယောက် ဒီ့ထက်မက ပိုပြီးအောင်မြင်ပါစေ။

ရိုးသားစွာ ခင်မင်လျက် ...

**ထွန်းထွန်း**

ဓောင်းတန်းရွာ၊ အင်္ဂပူမြို့နယ်

သာယာကုန်း။

## စေတနာစာပေ၏

မမယ်မင်းရေ ...

ကျွန်တော် စာမရေးဖြစ်တာတောင် ကြာသွားပြီ။

စာမရေးဖြစ်ပေမယ့် စာအုပ်တိုင်းတော့ ကျွန်တော်ဖတ်ဖြစ်ပါတယ်။ **Romance** ဆန်တဲ့ အရေးအသားတွေနဲ့ရေးတဲ့ အစ်မကို လေးစားအားကျမိပါတယ်။

နဖူးမှာရေးဖို့မေ့တဲ့စာ ဆိုရင်လည်းပဲ မိုက်တယ်။ အနမ်းမြို့ကသတို့သားလေးကိုလည်း ကြိုက်တယ်။ အစ်မရဲ့ဝတ္ထုလေးတွေကို ဗီဒီယိုရိုက်မယ်လို့ စာအုပ်မှာ ကြော်ငြာတွေတွေ့တာကြောင့် ဝမ်းသာမိတယ်။ နဖူးမှာရေးဖို့မေ့တဲ့စာနှင့် အနမ်းမြို့ကသတို့သားကိုလည်း ဗီဒီယိုအဖြစ် ပြောင်းပေးဖို့ တောင်းဆိုချင်ပါတယ်။

မျှော်လင့်ရင်း အားပေးနေမယ် ...

**ရဲသီဟဇော်(ရဲရဲ)**

2nd year (History)

ဒဂုံတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

## အမှတ်တရအစီအစဉ်

ညီမလေး ဘုံရေ ...

“အနမ်းမြို့ကသတို့သား” စာအုပ် ဖတ်ပြီးပါပြီ။ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ပါပဲ။ ညီမလေးရေးသမျှဝတ္ထုစာအုပ်တိုင်းဟာ တစ်မျိုးစီ ကောင်းတယ်နော်။ ကဗျာများများရေးပေးပါ။

ညီမလေးဘုံ ပျော်ရွှင်ပါစေ ...

ထာဝရ ...

**နှင်းသူဇာ**

ဝါးတောကျေးရွာ၊ မအူပင်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







# မယ်မင်းဘို




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းသုံ၏ ထွက်ရှိပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိစီဒီယိုမှဝယ်ယူပြီး)
၂။ ချစ်ရင် ... နစ်မိနစ်စောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၄။ ချစ်သူလိမ်းဖို့ဒေးကာရင်မ် (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှဝယ်ယူပြီး)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၇။ ဆယ်ကျော်သက်ဂိမ်း
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၉။ ကျွန်မသာစိတ်မကောက်ခဲ့ဘူးဆိုရင်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၁၁။ အနမ်းမြို့သတို့သား
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၁၃။ အချစ်အတွက်မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)

<u>ယခုလ</u>

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း

<u>ဆက်လက်၍</u>

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
၁၆။ ဘာညာသာရကာ



## ၁

"ဟယ်လို .... ဟုတ်ကဲ့ ပြောပါ"

ကြည်လင်ရှင်းသန့်နေသည့် သြဇာသံတစ်ခုသည် စာဆိုရဲ့နားထဲ ဖြတ်စီးလာသောအခါ စိတ်လှုပ်ရှားမှုကြောင့် လက်ဖျားတွေတောင် အေးစက်သွားပါသည်။ အဆင်တော့ပြေမှာပါလေ။ စာဆိုသည် ကိုယ့်ကိုယ်ကိုယ် အားပေးရင်း စကားစပြောလိုက်ပါတော့သည်။

"ဟုတ်ကဲ့ ... သတင်းစာထဲမှာ ကြော်ငြာတွေ့လို့ပါ၊ အဲဒါလေးသိချင်လို့ ဖုန်းဆက်လိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီအလုပ်ကို တကယ်စိတ်ဝင်စားလို့လား"

ဟင် ... မေးပုံကြီးကလဲ။ ရင့်သီးလိုက်တာ။ လူကိုများ 'မင်း'တဲ့။ သူ့ထက် ငယ်လား ကြီးလားမှန်း မသိဘဲနဲ့။ စာဆိုက စိတ်ထဲမှာ အလိုမကျဖြစ်သွားပေမယ့် လောလောဆယ် ဒီအလုပ်ရဖို့ အရေးကြီးတာမို့ တစ်ဖက်ကမေးတာကို ပြန်ဖြေလိုက်ရသည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မက ကလေးချစ်တတ်တဲ့သူပါ၊ ဒီအလုပ်ကို လုပ်နိုင်မယ်လို့ ယုံကြည်တယ်၊ စိတ်လည်းဝင်စားတဲ့အတွက် ဖုန်းဆက်လိုက်တာပါ"

"ဟုတ်ပါပြီ ... မင်းက ဒီ့အရင် ဘာအလုပ် လုပ်ဖူးသလဲ"

စာဆိုသည် အဲဒီအမေးကြောင့် မျက်နှာတစ်ချက်မဲ့မိသွားသည်။ စာဆို့ကို လာပြီး အင်တာဗျူးက အရင်စနေပြီ။ အလုပ်က ကလေးထိန်းဆိုတာသာ သိသည်။ ဘယ်နေရာမှာလဲ ဘာလဲဆိုတာမှန်းလဲ မသိဘဲနဲ့။ စာဆိုက သူ့မေးခွန်းကို အရင်ဖြေသေးဘဲ ကိုယ်က အရင်ဆုံး ပြန်ဗျူးလိုက်သည်။





"ဟို ... ကျွန်မက ဘယ်အရွယ်ကလေးတွေကို ထိန်းရမှာလဲရှင့်"

"မင်း ဘယ်အသက်အရွယ်လဲ ဆိုတာကို အရင်ဖြေရင် ပိုအဆင်ပြေမယ်"

"ကျွန်မက တက္ကသိုလ်ကျောင်းသူပါ၊ အဝေးသင်နောက်ဆုံးနှစ်၊ ဘာအလုပ်မှတော့ မလုပ်ဖူးပါဘူး၊ ကျွန်မအတွက် အလုပ်တစ်ခုလိုအပ်တဲ့အတွက် ဖုန်းဆက်ပြီး စုံစမ်းတာပါ"

စာဆိုရဲ့စကားကြောင့် တစ်ဖက်က အသံတိတ်သွားသည်။ ပြီးတော့မှ စာဆို့ကို စကားပြန်ဆက်ပါသည်။

"မင်း ဒီအလုပ်ကို တကယ်စိတ်ဝင်စားသလား၊ မင်း အလုပ်ရခဲ့ရင် ထိန်းရမယ့်ကလေးက သုံးယောက်ပါ၊ ဆယ့်ငါးတစ်ယောက်၊ ရှစ်နှစ်အရွယ်တစ်ယောက်၊ သုံးနှစ်အရွယ်တစ်ယောက်၊ ဘယ်လိုလဲ ... အဆင်ပြေနိုင်ရဲ့လား"

"ဟုတ်ကဲ့ ... ကျွန်မ လုပ်နိုင်မယ်လို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... အဲဒါဆို မင်းကို တွေ့ချင်တယ်၊ မင်း အခု ကိုယ့်ဆီ လာပေးနိုင်မလား၊ ကိုယ် အခု အိမ်မှာရှိသေးတယ်"

စာဆိုသည် တစ်ဖက်က စကားကြောင့် အားတက်သွားကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ရှင့်၊ လာနိုင်ပါတယ်၊ ကျွန်မ ဘယ်ကိုလာခဲ့ရမလဲ မသိဘူးရှင်"

"လိပ်စာမှတ်လိုက်ပါ"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ခဏလေးပါနော်"

စာဆိုသည် ဖုန်းဆိုင်ပိုင်ရှင် အန်တီကြီးဆီက စာရွက်နှင့် ဘောပင်ငှားပြီးမှ ဖုန်းခွက်ကို ပြန်ကောက်ကိုင်ကာ ရေးဖို့အသင့်ပြင်ပြီး ...

"ဟုတ်ကဲ့ ... ပြောပါရှင့်"

စာဆိုသည် တစ်ဖက်က ရွတ်ပြသောလိပ်စာတစ်ခုကို အသည်းအသန်လိုက်ရေးမှတ်ကာ Confirm ပြန်လုပ်ရသည်။



ပြီးသည့်နောက်တွင်တော့ တစ်ဖက်က စာဆို့ကို ဆက်ပြောလေသည်။

"မင်းလာမယ်ဆိုရင် အခုလာခဲ့ပါ၊ အခုက ဆယ်နာရီခွဲဆိုတော့ အမ်း ... ကိုယ် ဆယ့်နှစ်ခွဲလောက်ဆို သွားစရာရှိတယ်နော်၊ မင်း ဆယ့်နှစ်ခွဲမှ ရောက်မယ်ဆိုရင်တော့ မလာဖို့ပြောမလို့"

အမယ်လေး ... အလုပ်ရှင်ရယ် ကြီးကျယ်လိုက်တာ။ စာဆိုက မောက်မာဟန်ပြလေသည့် တစ်ဖက်လူရဲ့စကားကို ခပ်ရွတ်ရွတ် ပြန်ပြောလိုက်ပါသည်။

"ကျွန်မလည်း ရန်ကုန်မြို့တွင်းထဲက လူကြီးမင်းဆီ လာမှာပါ၊ ဘတ်စ်ကားနဲ့လာရတဲ့အတွက် ခရီးနည်းနည်းကြန့်ကြာပေမယ့် ကျွန်မ လူကြီးမင်းဆီကို ဆယ့်နှစ်မထိုးခင် ရောက်မှာပါ"

"ကောင်းပြီ ... အဲဒါဆို မင်းလာခဲ့ပါ၊ ဒါနဲ့ မင်းနာမည်က"

"ခင်စာဆိုပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... တွေ့တာပေါ့နော်"

တစ်ဖက်က စာဆို ပြန်အပြောတောင် မစောင့်ဘဲ ဖုန်းချလို့သွားလေသည်။ ကျစ် ... ကြီးကျယ်လိုက်တာ။ စာဆိုက ဖုန်းချလိုက်သည်နှင့် အန့်တီဆုက စပ်စုလေတော့သည်။

"ဟဲ့ ... စာဆို ဘာတဲ့လဲ၊ အဆင်ပြေလား"

စာဆိုက မျက်နှာကိုမအီမလည်မဲ့ပြရင်း ခေါင်းအသာယမ်းကာ နှစ်ရာတန်တစ်ရွက်ကို ဖုန်းဖိုးထုတ်ပေးလိုက်ပြီးမှ ...

"သိပါဘူး အန့်တီဆုရယ်၊ အခု လူတွေ့တော့ သွားရမယ်။ ဒါပေမဲ့ ဟိုဘက်က နည်းနည်းတော့ ကြီးကျယ်မယ်ထင်တယ်"

အန့်တီဆုက စာဆို့လက်ထဲက လိပ်စာစာရွက်လေးကို ယူကြည့်ကာ ဖတ်ပြီးသွားလျှင်တော့ ...

"ဪ ... ကြီးကျယ်မှာပေါ့ဟဲ့၊ နေတာက သူဌေးနေရာလေ၊ ကဲ ကဲ ... ချိန်းထားတယ်ဆိုလည်း သွားလေ၊ နောက်ကျနေဦးမယ်"





"ဟုတ် ... ဟုတ်၊ အဲဒါဆို သမီး အိမ်ပြန်ပြီး ပြင်ဆင်လိုက်ဦးမယ်"

စာဆိုက ဖုန်းဆိုင်က အန့်တီဆုကို နှုတ်ဆက်ကာ အိမ်ကို အပြေးပြန်လာရလေသည်။ ပြီးရင်တော့ အခန်းထဲတန်းဝင်ကာ အဝတ်ဗီရိုလေးကို ဖွင့်ရသည်။ ဘာဝတ်ရင်ကောင်းမလဲ။ လူတွေ့ဗျူးမှာမျိုးဆိုတော့ ဘောင်းဘီက အဆင်မပြေပါဘူး။ စာဆိုက ကိုယ့်အတွေးနှင့်ကိုယ်စီစဉ်ကာ ရေညှိစိမ်းရောင် တရုတ်ပွင့်ရိုက်ဝမ်းဆက် အင်္ကျီနှင့် လုံချည်ကို လဲဝတ်ကာ မျက်နှာကို Doru Cream Puff လေးရိုက်လိုက်သည်။ ခေါင်းကို ဘီးဖြင့် တစ်ချက်နှစ်ချက် ဖြီးသင်ပြီးနောက် နာရီလေးကောက်ပတ်၍ ပိုက်ဆံအိတ်လွယ်ကာ အခန်းထဲက ထွက်လာခဲ့သည်။

"ဟဲ့ ... ဒါက ဘယ်တုံး"

စာဆိုက အဲဒီအသံကြောင့် လည်ပြန်တစ်ချက်ကြည့်ကာ ခပ်သွက်သွက်ဖြေပြီး အိမ်ပေါ်ကနေ ဆင်းလာခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးထိန်းအလုပ် သွားလျှောက်မလို့၊ ပြန်လာမှပဲ ပြောပြတော့မယ်၊ ကျွန်မ သွားပြီ အန်တီလေး"

စာဆိုဟာ လမ်းထိပ်သို့ ခပ်သွက်သွက်ထွက်လာကာ ဘတ်စ်ကားဂိတ်ဆီ လျှောက်လာခဲ့ရတော့သည်။ ကံကောင်းတယ်ပဲပြောရမယ်။ စာဆို ရောက်ရောက်ချင်းပဲ စာဆို စီးမယ့်ကားက မှတ်တိုင်ဆိုက်၍ အသည်းအသန် ကားပေါ်တက်လာရသည်။ နေရာလွတ်တစ်ခုံမှာ ဝင်ထိုင်ရင်းက ဒီနေ့မှာ အဆင်ပြေဖို့ ဆုတောင်းရသည်။

ဘာပဲဖြစ်ဖြစ် စာဆို အလုပ်တစ်ခုရဖို့တော့ မဖြစ်မနေ လိုအပ်လာပေသည်။ ဦးလေးစိုးရဲ့အိမ်မှာ ကပ်နေရတာကိုလည်း အားနာလှပါပြီ။ ဒါကြောင့်မို့ ကိုယ်တတ်နိုင်တဲ့ ဝင်ငွေလေးနှင့် အိမ်ရဲ့ယိုယွင်းလာတဲ့ စီးပွားရေးကို ဖြည့်ပေးချင်တာပင်။ အခု သတင်းစာထဲမှာ ကလေးထိန်းအလိုရှိသည် စိတ်ဝင်စားလျှင် ဆက်သွယ်ပါဆိုသော ခပ်ရင့်ရင့် ကြော်ငြာတစ်ခုကို ဖတ်ရပြီး စိတ်ဝင်စားသွားတာကြောင့် ဖုန်းဆက်မေးရာက တစ်ဆင့်



လူတွေ့အင်တာဗျူးကိုဖြေဖို့ အခြေအနေသို့ ရောက်လာတာဖြစ်သည်။

"မှတ်တိုင်ပါလား"

"ပါတယ် ... ပါတယ်"

စာဆိုက တွေးနေတာကိုရပ်ကာ မှတ်တိုင်ရောက်လျှင် ကားပေါ်ကဆင်းလေသည်။ ပြီးတော့ အိတ်ထဲက လိပ်စာကိုထုတ်ကာ လမ်းချိုးလေးအတိုင်း ဝင်လျှောက်လာခဲ့သည်။ သူဌေးရပ်ကွက်ဖြစ်တာကြောင့် လူကတော့ ခပ်ရှင်းရှင်းပင်။ စာဆိုသည် လုံးချင်းတိုက်တွေကို ဖြတ်ကျော်ပြီးနောက်မှာတော့ ခမ်းနားထည်ဝါလေသော ခြံဝင်းကျယ်ကြီးထဲမှာ တည်ရှိနေတဲ့ ကွန်ဒိုကြီးကို မြင်လိုက်ရလေသည်။ အင်း ... ဒီလိပ်စာပဲ။ စာဆိုသည် လေပူတစ်ချက်ကို မှုတ်လိုက်ကာ ခြံဝင်းကျယ်ကြီးထဲကို ဝင်လိုက်လေသည်။ Security တွေကို လိပ်စာပြောလိုက်လျှင် ဖုန်းဖြင့် Contat လုပ်ပေးလေသည်။ စာဆိုသည် လူနေမှုအဆင့်အတန်း အင်မတန်မှမြင့်လေသော ပတ်ဝန်းကျင်ကို ငေးမောလှည့်

www.burmeseclassic.com



ပတ်ကြည့်ရင်းက 'အစ်မ ... လာခဲ့ပါတဲ့'ဆိုသော စကားကြောင့် စာဆိုသည် Lift ဖြင့် တက်လာခဲ့တော့သည်။

ခိုင်မာထည်ဝါလှသော သံပန်းတံခါးရဲ့နောက်က ကနုတ်ပန်းတွေဖြင့် ခံ့ညားနေသည့် ကျွန်းတံခါးကြီးကို ငေးကြည့်ကာ တံတွေးတစ်ချက်မျိုမိသွားသည်။ ဘုရား ... ဘုရား ဖြစ်မှ ဖြစ်ပါ့မလား။

စာဆိုသည် ကြောက်စိတ်ကြောင့် ရွံ့သွားပေမယ့် အလုပ်ရမှဖြစ်မယ်ဆိုတဲ့ အတွေးပြန်ဝင်လာသောအခါ လက်က သံပန်းတံခါးဘေးက လူခေါ်ဘဲလ်လေးကို ဖိနှိပ်လိုက်တော့သည်။ တံခါးချပ်က ကျွိခနဲပွင့်လာကာ အန်တီကြီးတစ်ယောက်က မွှေးထွေးရင်းနှီးစွာအပြုံးတစ်ခုကို ပြုံးပြကာ သံပန်းတံခါးကို သော့ဖွင့်ကာ တွန်းဖွင့်လိုက်ပြီး ...

"ဝင်ပါကွယ် ... ကလေးမက ခင်စာဆိုလား"

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

"လာပါ ... အိမ်ထဲကြွပါ"





အန်တီကြီးရဲ့ ဖော်ရွေမှုကြောင့် စိတ်ထဲမှာ နည်းနည်းတော့ အားရှိသွားကာ ခေါင်းလေးအသာငုံ့၍ အန်တီကြီးနောက်ကနေ ခပ်ယို့ယို့ဝင်ကာ အန်တီကြီးညွှန်ပြသော ဆိုဖာမှာ ဝင်ထိုင်လိုက်လေသည်။

"ခဏလေးနော် ... သမီး၊ ကလေးတို့အဖေ ထွက်လာပါလိမ့်မယ်"

စာဆိုက ခေါင်းတစ်ချက် ဆတ်ပြပြီးနောက်မှာ အန်တီကြီးက အနောက်ထဲသို့ ဝင်သွားလေသည်။ ဧည့်ခန်းကျယ်ကြီးထဲမှာ တစ်ယောက်တည်း ကျန်နေခဲ့လေသော စာဆိုသည် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် မျက်လုံးအသာကစားမိလိုက်သည်။ အေးစိမ့်မွှေးပျံ့နေသော ဧည့်ခန်းဟာ စာဆို့အတွက်တော့ အရမ်းခမ်းနားလှပါသည်။ အိမ်ရဲ့ Decoration ဟာ စာဆို ကြည့်ဖူးတဲ့ နိုင်ငံခြားရုပ်ရှင်တွေထဲက ကွန်ဒိုတိုက်ခန်းတွေရဲ့ သပ်ရပ်ခမ်းနားသော အသွင်အပြင်မျိုး ဖြစ်လေသည်။ အလွန်ကြီးမားသော နံရံကပ် TV ကြီးဟာ သိပ်မိုက်တာပဲ။ Amplifier ၊ Woofer ၊



www.burmeseclassic.com

www.burmeseclassic.com



Receiverတွေဖြင့် အစွမ်းကုန်မိုက်နေတဲ့ ဒီလိုနေရာမျိုးမှာ ရုပ်ရှင်ကားကောင်းကောင်း တစ်ကားကြည့်ပြီး ကော်ဖီကောင်းကောင်း တစ်ခွက်သောက်လိုက်ရရင်တော့ သိပ်ကောင်းမှာပဲ။

နွေးထွေးငြိမ်းချမ်းတဲ့အိမ်တစ်ခု၏အရသာကို စာဆိုသေချာမသိပေမယ့် ဒီအိမ်လေးကတော့ Home Sweet Home ပဲ ဖြစ်သည်။

"မင်းက ခင်စာဆိုနော်"

ကြည်ရှုရှုနှင့် ရေသောက်ပြီး ပြောနေသလားဟု ထင်ရအောင် အသံသြဇာရှိသော အသံကို ကြားရသောအခါ စာဆိုသည် အသံကြောင့်ပင် အလိုလိုရှိန်လာကာ ထိုင်ရာကနေ ထရပ်ကာ ခေါင်းတစ်ချက်ညွတ်ပြ၍ ...

"ဟုတ်ကဲ့ပါရှင် ... ကျွန်မ ခင်စာဆိုပါ"

စာဆိုသည် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးပြီးနောက် ကလေးတို့အဖေဟု ထင်ရသည့် အသံရှင်ကို ကြည့်မိသွားလျှင် ငေးခနဲဖြစ်သွားလေသည်။ ရှပ်အင်္ကျီလီနင်သားအဖြူရောင်ကို လက်





ခေါက်ဝတ်လျက် ဂျင်းဘောင်းဘီအပြာစိမ့်စိမ့်ကို ဝတ်ထားသော ကလေးတို့အဖေသည် ရုပ်ရှင်မင်းသားအလား အရမ်းခန့်ညားလှပါသည်။

"ထိုင်ပါ ခင်စာဆို၊ ကိုယ့်နာမည်က မိုးထိပ်ခေါင်ပါ၊ ကလေးတွေရဲ့အဖေ"

သူက သူ့ကိုယ်သူ မိတ်ဆက်ရင်း ခြေထောက်ချိတ်ထိုင်ကာ စာဆိုကို အကဲခတ်သလို တစ်ချက်ကြည့်လေသည်။ ပြီးတော့မှ ချောင်းတစ်ချက်ဟန့်ကာ ...

"မင်းက တက္ကသိုလ်ကျောင်းသူအရွယ်ပဲ ရှိသေးတယ်ဆိုတော့ မင်းအနေနဲ့ ဒီအလုပ်ကိုရခဲ့ရင် ဒီအလုပ်အပေါ် တာဝန်ကျေနိုင်ပါ့မလား၊ ဆိုလိုတာကတော့ ကလေးတွေရဲ့ တာဝန်ကို မင်း နိုင်ပါ့မလား"

"ကျွန်မ တာဝန်ယူနိုင်မယ်လို့ ထင်ထားပါတယ်၊ ဒီကလေးတွေနဲ့ပတ်သက်ပြီး ကျွန်မဘက်က ဘယ်လိုမျိုး တာဝန်ယူပေးရမလဲဆိုတာ ကိုမိုးထိပ်ခေါင် ပြောပြပေးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ဟို ... ဒါမှလည်း ကျွန်မဘက်က တာဝန်ယူနိုင်၏ မယူနိုင်၏ ပြောနိုင်မှာမလို့ပါ"

စာဆိုကလည်း ပြတ်ပြတ်သားသားပဲ သူ့ကို မေး လိုက်လျှင် သူကလည်း စာဆိုရဲ့အမေးအတွက် ခေါင်းတစ်ချက် ဆတ်ကာ ဖြေပေးလေသည်။

"မင်းကို ဖုန်းထဲမှာ ပြောထားသလိုပဲ မင်းထိန်းရမှာ ကလေးသုံးယောက်၊ အကြီးမက ဆယ်တန်းတက်မှာ၊ သူ ကတော့ သိပ်ပြီးပြောစရာမရှိဘူး၊ နားလည်တဲ့အရွယ် ရောက်ပြီဆိုတော့ မင်းဘက်က လုပ်ပေးရမှာက သူ အပြင်သွားရင် လိုက်ပေးမယ်၊ သင့်တော်၏ မတော်၏ ဆုံးဖြတ်ပေး ဒီလောက်ပဲပေါ့၊ အလတ်ကောင်ကကျတော့ ILBCတက်တယ်၊ အငယ်လေးကတော့ မူကြို၊ မင်းရဲ့အဓိ ကတာဝန်ကတော့ ဒီကလေးတွေရဲ့ စားတာသောက်တာ ပြီးတော့ အပြင်သွားရင် လိုက်ပေးဖို့ပေါ့၊ ကလေးထိန်းဆို တာ ပြောရတာသာ လွယ်တာ၊ တကယ်တမ်းကျတော့



ခက်ခဲတယ်၊ ခုနကပြောတာက မင်းရဲ့အဓိကတာဝန်ကို ပြောတာ၊ မင်းသာ အလုပ်ဝင်ဖြစ်ပြီဆိုရင် ကလေးသုံး ယောက်ရဲ့ အစစအရာရာတိုင်းကို တာဝန်ယူပေးရမှာ၊ ဘယ်လိုလဲ"

ကလေးတို့အဖေဖြစ်သော သူဟာ စကားပြောက တော့ အင်မတန်ပြတ်သူဖြစ်သည်။ စာဆို့အတွက်တော့ ဒီကိစ္စ လောက်ကို လုပ်နိုင်မည်ဟုထင်သည်။ လောလောဆယ်မှာ ကျောင်း တက်နေဆဲ ဘွဲ့မရသေးသည့် စာဆိုက ကုမ္ပဏီကောင်းကောင်းမှာ လည်း အလုပ်ရနိုင်မှာ မဟုတ်သေးပါ။ ကုမ္ပဏီမှာ အလုပ်ရစေဦး တော့ ဘွဲ့လက်မှတ်တစ်ခုတည်းနှင့် သိပ်အလုပ်မဖြစ်၊ ဟို Diploma၊ ဒီ Certificate စသဖြင့် အလီလီကရှိသေးတာကြောင့် စာဆို့အတွက် အသင့်တော်ဆုံးက ကလေးထိန်းအလုပ်ပဲ ဖြစ်လို့ နေသည်။

ပြီးတော့ စာဆိုက ကလေးတွေကိုလည်း ဘော်ပေါ်လို ခေါင်းသင်းကာ ရောနှောနေတတ်ပြီး ချစ်တတ်တာကြောင့် အဆင်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပြေနိုင်ပါမည်။ အဲဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် အားခဲ လိုက်တော့သည်။

"ဟုတ်ကဲ့ ... ကျွန်မ ဒီအလုပ်ကို လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ ကျွန်မက ကလေးတွေကိုလည်း ချစ်တတ်ပါတယ်"

"ကောင်းပြီလေ ... မင်းက ကျောင်းကျတော့ အဝေးသင်ပဲတက်တာလား၊ နောက်ပြီးတော့ကော ဘာသင်တန်းတွေ တက်သေးလဲ"

"ဟုတ်ကဲ့ ... ကျောင်းကတော့ အဝေးသင်ပါ၊ ရူပဗေဒ ယူထားပါတယ်၊ တခြား ဘာသင်တန်းမှတော့ မတက်ပါဘူး ရှင့်၊ ကျောင်းကလည်း အဝေးသင်ပဲဆိုတော့ ဒီအလုပ်ရခဲ့ မယ်ဆိုရင်လည်း အဆင်ပြေပါတယ်၊ ကျွန်မအတွက် ဘာမှ ကသိစရာ မရှိနိုင်ပါဘူး"

စာဆိုက အရိပ်ပြအကောင်မြင်စွာ ပြန်ဖြေလိုက်လျှင် သူက အပြုံးတစ်ချက်ဖြင့် ခေါင်းဆတ်ကာ ...



"ကောင်းပြီလေ ... ဒါဆိုရင် မင်း Biography လေး ပြောပြပေးနိုင်မလား"

"ဟုတ်ကဲ့ ... ကျွန်မမှာ မိဘတွေ မရှိတော့ပါဘူး၊ မိဘတွေမရှိတော့တဲ့နောက်ပိုင်းမှာ အမေရဲ့မောင်ဖြစ်တဲ့ ကျွန်မ ဦးလေးဆီမှာ နေပါတယ်၊ ဦးလေးရဲ့မိန်းမက ကျွန်မတို့ ရပ်ကွက်ထဲက ရပ်ကွက်ဈေးမှာ ကုန်စုံဆိုင်ဖွင့်ပါတယ်၊ ကျွန်မ ဦးလေးကတော့ Taxi မောင်းပါတယ်၊ ကျွန်မက ဦးလေးမိသားစုနဲ့အတူနေရတော့ ဒီအတောမှာ စီးပွားရေး သိပ်မကောင်းဘူးဆိုတော့ အလုပ်လုပ်ချင်တဲ့စိတ်လည်းရှိတာနဲ့ ကျွန်မ ဝင်ငွေလေးက မိသားစုအပေါ်ကို အတိုင်းအတာ တစ်ခုလောက် ပံ့ပိုးနိုင်မယ်ထင်လို့ ကျွန်မ ကိုမိုးထိပ်ခေါင် ဆီမှာ အလုပ်လျှောက်တာပါ ...

ကျွန်မအကြောင်းကတော့ ဒီလောက်ပါပဲ"

"ဟုတ်ပါပြီ ... ဒါဆို ရပါပြီ၊ မင်းကို အစမ်းအစလ ခန့်ကြည့်မယ်၊ ကလေးတွေနဲ့လည်း အဆင်ပြေမယ်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း အဆင်ပြေမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့၊ ဒီအစမ်းခန့်တစ်လအတွက် လစာကို သပ်သပ်ပေးမယ်၊ အဲဒီက အဆင်ပြေတယ်ဆိုမှ ဆက်ပြောတာပေါ့ ... ဘယ်လိုလဲ ... မင်း လုပ်နိုင်ရဲ့လား”

စာဆိုသည် အစမ်းခန့်လိုက်တယ် ဆိုကတည်းက အရမ်းကို ဝမ်းသာသွားရပြီဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အခွင့်အရေးတစ်ခုက လက်ထဲရောက်လာပြီမို့ မလွတ်သွားအောင် အမိအရဖမ်းဆုပ်တတ်ဖို့တော့ လိုပါလိမ့်မည်။ အဲဒါကြောင့်မို့ ခေါင်းကို ညိတ် ကာ ...

“စိတ်ချပါ ... ကိုမိုးထိပ်ခေါင်၊ ကျွန်မ လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”

“အိုခေ ... အဲဒါဆို မနက်ဖြန်ကစပြီး အလုပ်ဆင်းလို့ရပြီ၊ မင်းရဲ့အလုပ်ချိန်က ကိုးနာရီကနေ ညနေ လေးနာရီထိ၊ ဒီကာလတွေကတော့ နွေကျောင်းပိတ်ရက်ဖြစ်နေတဲ့အတွက် ကလေးတွေကို ကျောင်းပို့ကျောင်းကြိုတော့ လုပ်စရာမလို



သေးဘူး၊ အခုလောလောဆယ် ကလေးတွေက အပြင်သွားနေတယ်၊ မနက်ဖြန်မှပဲ မင်းနဲ့ မိတ်ဆက်ပေးတာပေါ့”

“ဟုတ်ကဲ့ပါရှင်၊ မနက်ဖြန် ကိုးနာရီအရောက် ကျွန်မ လာခဲ့ပါ့မယ်”

“ကောင်းပြီ ... ကဲ ... ကိုယ်လည်း သွားစရာရှိသေးတယ် ဆိုတော့ မနက်ဖြန်မှ တွေ့တာပေါ့”

စာဆိုသည် အလိုက်သိစွာပင် မတ်တတ်ထကာ ခေါင်းတစ်ချက်ညွတ်၍ ...

“ဟုတ်ကဲ့ ... အဲဒါဆို ကျွန်မ သွားလိုက်ပါဦးမယ်”

“ကောင်းပါပြီ၊ မနက်ဖြန်လာတဲ့အခါကျရင် မင်းရဲ့မှတ်ပုံတင်နဲ့ ကျောင်းသားကတ်လေး ယူလာခဲ့ပေးနော်”

“ဟုတ်ကဲ့”

စာဆိုသည် သူ့ကို နှုတ်ဆက်ကာ ကိုယ့်ဘာသာကိုယ် တံခါးဖွင့်၍ ပြန်ထွက်လာခဲ့တော့သည်။ အစမ်းခန့်ရုံပေမယ့်လည်း အလုပ်တစ်ခုရပြီဖြစ်သည့်အတွက် အရမ်းကို ကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ရပါသည်။ ခပ်တည်တည်နှင့်နေတတ်သော ကလေးတို့အမေဟာ စာဆိုထင်သလို အသက်ကြီးကြီးမဟုတ်သည့်အတွက် စာဆိုထင်ထားတာနှင့် နည်းနည်းတော့ လွဲသွားပါသည်။

ပြီးတော့ တစ်ဆက်တည်း စဉ်းစားမိသွားတာက ကလေးတို့အမေအကြောင်းကိုပဲ ဖြစ်သည်။

✤ ✤ ✤



## ၂

မိုးထိပ်သည် ဒီနေ့ ဟိုကောင်မလေး လာမယ်ဆို၍ သူမရဲ့ လုပ်ရည်ကိုင်ရည်ကို သိချင်တာကြောင့် အလုပ်ကို နေ့ဝက်ခွင့်ယူထားကာ သူမကို လှေလာမှာဖြစ်သည်။ ဒီနေ့မှာ ကလေးထိန်းလာမည်ဆိုသည့်အကြောင်း တာရာ၊ ရောင်နီ၊ မိုးလင်းတို့ကို ပြောပြထားပြီးသား။ ဒါပေမဲ့ သုံးယောက်စလုံးဟာ သိပ်ပြီး လက်သင့်ခံပုံမရပါ။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ ကလေးသုံးယောက်ရဲ့တာဝန်ဟာ အင်မတန်ကြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးတွေကို ကြီးချိုနှင့် ထားခဲ့ရတာဟာ သိပ်စိတ်မချရ။ ကြီးချိုက အိမ်ရဲ့ ချက်ရေးပြုတ်ရေးအားလုံး တာဝန်ယူထားတာမို့ ကလေးတွေ ဝေယျာဝစ္စပါ ထပ်လုပ်ရရင် ကြီးချိုလည်း ကရိကထပိုမှာ ဖြစ်တာကြောင့် သူဟာ ကလေးထိန်းတစ်ယောက် ထပ်ခေါ်ရတာဖြစ်သည်။

"ဖေ ... မောနင်း"

မိုးလင်းလေးက သူ့ရဲ့ပေါင်ပေါ်ကို ဝုန်းခနဲ ပစ်ထိုင်ကာ သူ့ကိုနှုတ်ဆက်လျှင် သူက တွေးနေတာတွေ ရပ်၍ မိုးလင်းလေးရဲ့ ဆံပင်ပွပွလေးတွေကို ရှုပ်ဖွလိုက်ရင်း ...

"မောနင်း မီးမီးလေး၊ ဖေ့သမီးလေး မျက်နှာသစ်သွားတိုက်ပြီးပြီလား"

"ပြီးတေးဘူး"

"အင်း ... အဲဒါဆို ခုသွားလုပ် ပြီးရင် ဖေဖေနဲ့အတူ Breakfast စားမယ်၊ သမီး မမနဲ့ကိုကိုကော သွားနှိုးသွား၊ ဖေဖေက Breakfast စားဖို့ စောင့်နေတယ်လို့ သွားပြော"



"ဟုတ်ကဲ့"

ချစ်စရာကောင်းလှသော သူ့ရဲ့သမီးငယ်လေးသည် သူ့စကားကို တစ်သဝေမတိမ်း နားထောင်ကာ ဝုန်းဆို သူ့ပေါင်ပေါ်ကဆင်းကာ နောက်ဖေးဘက်သို့ ဝင်သွားလေတော့သည်။ သူဟာ ကျေနပ်စွာ တစ်ချက်ပြုံး၍ ဒိုင်းနင်းရှမ်းထဲသို့ သွားဖို့အထမှာ ဘဲလ်တီးသံကြား၍ နာရီကို တစ်ချက်လှမ်းကြည့်လျှင် ရှစ်နာရီလေးဆယ့်ငါးမိနစ်ကို ညွှန်ပြနေလေသည်။ ဒါ ဟိုကောင်မလေး လာတာပဲဖြစ်မည်။ သူဟာ တံခါးဖွင့်ပေးလိုက်လျှင်တော့ သူမက သူ့ကို အပြုံးတစ်ခုဖြင့် နှုတ်ဆက်ကာ ...

"မောနင်းပါ ... ကိုမိုးထိပ်ခေါင်"

သူ့ဖိတ်ခေါ်မှုကြောင့် သူမက အိမ်ထဲဝင်လာကာ သူညွှန်ပြသော ဆိုဖာမှာ ဝင်ထိုင်လေသည်။ ခင်စာဆို ဆိုသော မိန်းကလေးဟာ တက်တက်ကြွကြွဟန်ဖြင့် အလုပ်တာဝန်ကျေမည့် ပုံစံမျိုးလို့တော့ ယူဆရပါသည်။ ဒါကြောင့်မို့လည်း သူက အစမ်းသဘောဖြင့် အလုပ်ခန့်ဖြစ်တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘရိတ်ဖတ်စ် စားလာလား"

"ဟုတ်ကဲ့ ... စားလာပါတယ်၊ Lunch အတွက်လည်း ထမင်းဘူးပါပါတယ်ရှင့်၊ ဟို ... ဒီဥစ္စာက ကျွန်မရဲ့မှတ်ပုံတင်နဲ့ ကျောင်းသားကတ်ပါ၊ လိုလိုမယ်မယ် ကျွန်မ မိတ္တူလည်းဆွဲလာပါတယ်"

သူ့ရှေ့သို့ ကမ်းပေးသောကတ်တွေကို သူက ယူကာ ကြည့်လိုက်ပြီးမှ ...

"နောက်နေ့တွေ မင်း ထမင်းဘူးမယူလာပါနဲ့၊ ဒီမှာပဲ စားပါ၊ မင်းအနေနဲ့ ကလေးတွေကိုပဲ အဓိကဂရုစိုက်ပေးဖို့ပါပဲ"

"ဟုတ်ကဲ့ ... စိတ်ချပါ"

"ဖေဖေရေ ... ဘရိတ်ဖတ်စ် စားလို့ရပြီ"

တက်ကြွရွှင်လန်းစွာသော ကလေးလေးတွေရဲ့ ဝေဝေဆာဆာအသံများဟာ အပြင်သို့ စီထွက်လာကာ သုံးယောက်သား ပြေးထွက်လာကြပြီးနောက် ခင်စာဆို့ကို မြင်သောအခါ တာရာ၊



ရောင်နီ၊ မိုးလင်းတို့သုံးယောက်စလုံးဟာ အသံတွေတိတ်ကုန်လျက် သူမကို အကဲခတ်ကုန်ကြ၏။ မိုးထိပ်သည် ကလေးသုံးယောက်နှင့် သူမဆက်ဆံရေးကို ကြည့်ချင်တာကြောင့် ပွဲကြည့်အဖြစ်နှင့် ဆိုဖာမှာ လက်ပိုက်ထိုင်ကြည့်နေစဉ်မှာပဲ ခင်စာဆိုဟာ သူမရဲ့ ဆလွယ်သိုင်း Hellokitty အိတ်လေးကို ပင့်မချွတ်ကာ ဆိုဖာမှာ ထားခဲ့လိုက်ကာ အပြုံးတစ်ခုဖြင့် ကလေးတွေဆီသွားကာ ...

"ဟိုင်း ... ကလေးတို့ မမက မောင်လေးတို့ ညီမလေးတို့ကို ထိန်းပေးမယ့်သူပါ၊ မမနာမည် ခင်စာဆိုပါ"

"ထိန်းပေးရအောင် သမီးတို့က ဆိုးနေလို့လား"

သမီးကြီးတာရာရဲ့ ဂျစ်တစ်တစ်ဘုကျတဲ့ စကားကြောင့် သူက ခင်စာဆို့ကို အားနာသွားတာကြောင့် 'တာရာ' ဆိုပြီး လှမ်းဟန့်လိုက်ချိန်မှာပဲ ခင်စာဆိုက အပြုံးမပျက် မျက်နှာလေးဖြင့် ...

"ရပါတယ် ... ကိုမိုးထိပ်ခေါင် ညီမလေးတို့နဲ့ ကျွန်မ မရင်းနှီးသေးလို့ပါ၊ ကျွန်မ တာဝန်ကျေရပါစေ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ... ကဲ ... ခုတော့ ဘရိတ်ဖတ်စ် သွားစားရအောင်၊ မင်းပါတစ်ခါတည်း ဝင်စားလိုက် ခင်စာဆို၊ ကလေးတွေနဲ့လည်း မိတ်ဆက်ပေးရအောင်လို့ ...

ကဲ ... တာရာ၊ ရောင်နီ၊ မိုးလင်း သွားမယ်"

သူက ကလေးသုံးယောက်ကို ဆွဲခေါ်လာကာ ဒိုင်းနင်းရှမ်းထဲသို့ ဝင်လာခဲ့တော့သည်။ ခင်စာဆိုကလည်း သူ့နောက်က လိုက်လာကာ ဒိုင်းနင်းရှမ်းထဲ ဝင်လာလေလျှင် သူက ထိုင်ခုံမှာ ဝင်ထိုင်ကာ ခင်စာဆို့ကိုပါ ထိုင်ခိုင်းလိုက်လေသည်။

"ကဲ ... သားတို့ သမီးတို့၊ သူကတော့ ဖေဖေ အလုပ်သွားနေတဲ့အချိန်မှာ သားတို့သမီးတို့ကို ထိန်းပေးဖို့ ဒီကိုလာတာ"

"ဟင် ... မီးတို့အိမ်မှာ ဘွားချိုလည်းရှိတာပဲ၊ သူ မလိုဘူး၊ သူ့ကို မီးတို့ချစ်ဘူး"

မိုးလင်းရဲ့ စကားကြောင့် သူက ခင်စာဆိုကို အားနာသွားကာ ...



"မီးမီး မိုးလင်း ... အဲလို မပြောရဘူးလေ၊ ဘွားချိုက အသက်ကြီးပြီ၊ ဖေဖေက သမီးတို့အတွက် ကောင်းဖို့စီစဉ်တာ၊ ဒီမမက သမီးတို့နဲ့ ဆော့ဖို့လာတာလေ၊ အဲဒီလို မဆိုးရဘူးနော် ဖေဖေ မကြိုက်ဘူး"

သူက နည်းနည်းဆူသလိုလေး ပြောလိုက်လျှင် မိုးလင်းလေးက စိတ်ကောက်ဟန်ဖြင့် နှုတ်ခမ်းလေးဆူကာ မိုင်လိုခွက်ကိုင်ကာ သောက်နေတော့၏။

"ကဲ ... အားလုံး Okနော်၊ ဒါဆို ဘရိတ်ဖတ်စ်စားကြတော့၊ စား ... ခင်စာဆို"

"ဟုတ်ကဲ့"

"မောင်မိုးရေ ... ကြီးချို ဈေးသွားလိုက်ဦးမယ်၊ ကလေးတွေ ထိန်းဖို့ ဒီသမီးလေးလည်း ရောက်လာပြီဆိုတော့ ကြီးချို အေးဆေးဈေးဝယ်လို့ရပြီ"

"ဟုတ်ပြီ ... ဟုတ်ပြီ ကြီးချို၊ သွား ... သွား အေးဆေးပဲ"

"အေး ... အေး ... ကဲ ... ကလေးတွေ ဘွားချို ဈေးသွားလိုက်ဦးမယ်၊ မမကို မဆိုးရဘူးနော် ...

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သမီးလေးရေ ကြီးချိုနဲ့ ပြန်လာမှ စကားတွေ ပြောကြတာပေါ့၊ သွားပြီနော်"

"ဟုတ်ကဲ့ ကြီးချို"

ကြီးချိုက လှုပ်စိလှုပ်စိဖြင့် ထွက်သွားလေတာကို မျက်စိတစ်ဆုံး ငေးကြည့်နေသော သူမကို သူကပဲ ဒီမိသားစု အကြောင်း ပြောပြဖြစ်သည်။

"ဒီအိမ်မှာ ကြီးချိုက အိမ်တော်ထိန်းလေ၊ အိမ်ရဲ့အစစ အရာရာကို တာဝန်ယူထားတယ်၊ ကိုယ် ငယ်ငယ်ကတည်းက ကြီးချိုက ကိုယ်နဲ့အတူနေတာဆိုတော့ သူက ကိုယ့်မိသားစုလိုဖြစ်နေပြီ၊ ကိုယ်က အိမ်မှာ အမြဲမရှိဘူးဆိုတော့ ကလေးတွေအတွက် စိတ်မချဘူး၊ ဒါကြောင့်မို့ မင်း ဂရုစိုက်ပေးပါ ...

သူ့နာမည်က တာရာလင်း၊ အလတ်ကောင်လေးက လင်းရောင်နီ၊ သမီးငယ်က မေမိုးလင်းတဲ့၊ ဒီနေ့ မင်းစလုပ်ရမယ့်အလုပ်က ဆယ့်နှစ်ခွဲမှာ တာရာ ကွန်ပျူတာသင်တန်း



သွားရမယ်၊ အဲဒါ မင်းလိုက်ပို့ပေးလိုက်၊ ပြီးရင် ရောင်နီနဲ့ မိုးလင်းကို အဖော်ပြုပေးလိုက်၊ နှစ်နာရီခွဲရင် သွားကြိုပေး၊ လိုအပ်တဲ့စရိတ်စကကို ကြီးချို မင်းကို ထုတ်ပေးလိမ့်မယ် ...

ဟုတ်ပြီနော်"

"ဟုတ်ကဲ့ ... ဟို ..."

ခင်စာဆိုရဲ့ဆက်ပြောမယ့်စကားက တန့်သွားရတာ သူ့ဖုန်းကမြည်လာ၍ဖြစ်သည်။ မိုးတိမ်သည် ကုမ္ပဏီကလာတဲ့ ...ဖြစ်တာကြောင့် အပြင်ဘက်ထွက်လာကာ ဖုန်းပြောရလေသည်။

"ဟယ်လို ... ကိုတိုး ပြော"

"......"

"ခင်ဗျာ ... ဟာ ... ဒုက္ခပဲဗျာ၊ အဲဒီ Power Supply ကြွသွားပြီ ထင်တယ်၊ အိုခေ ... အိုခေ ... ကျွန်တော် ခု လာခဲ့မယ်၊ ခဏလေးစောင့်"

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာ ကျိုင်လေးတွေ နည်းနည်းရှိနေတာမို့ သူဟာ ခုချက်ချင်း သွားရတော့မည်ဖြစ်သည်။ မိုးတိမ်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းက ဒိုင်းနင်းရွမ်းထဲ ပြန်ဝင်လာကာ ...

"ကဲ ... တာရာ၊ ဖေ အလုပ်သွားရတော့မယ်၊ အလုပ်ကိစ္စ တစ်ခုပေါ်လို့ မဖြစ်မနေသွားရမှာ သမီး၊ သမီးကို ခင်စာဆို နဲ့ ထားခဲ့တယ်နော်၊ သမီးက အကြီးဆုံးနော် သမီး လိမ္မာပါ၊ ဒီမမ ပြောတာနားထောင်ဟုတ်ပြီလား၊ ဖေဖေ စိတ်ချ ရမလား"

မိုးတိမ်က သမီးကြီးရဲ့ ခေါင်းလေးကို ပုတ်ကာ သမီးကြီးဆီက ကတိတောင်းလိုက်လျှင် သမီးက ရွှပွပွမျက်နှာလေးဖြင့် ခေါင်းညိတ်ပြသည်။ အိုခေ ... ဒါဆို စိတ်ချပြီ။ သမီးကြီးဟာ ကတိတည်တဲ့ကလေးမျိုးဖြစ်သည်။ သူတို့သုံးယောက်ကို စောင့်ရှောက်ပြီး ဝေယျာဝစ္စလုပ်ပေးဖို့ ကလေးထိန်းခေါ်တာကို သုံးယောက်လုံးက မနှစ်မြို့ကြပါ။ ကလေးတွေရဲ့ ခံစားချက်ကို



နားလည်ပေးလို့ ရပါသည်။ မိခင်မေတ္တာငတ်နေတဲ့ကလေး တွေဟာ ဖအေကို တွယ်သည်။ ဖခင်ရဲ့ဂရုစိုက်မှုမျိုးကိုသာ ချင်မှန်း သူ သိပါသည်။ သူ့မှာကလည်း အလုပ်တစ်ဖက်နှင့်မို့ သုံးယောက်ကို အနီးကပ်စောင့်ရှောက်နိုင်မည့် ကလေးထိန်းကို ခေါ်ရတာပဲဖြစ်သည်။ ကလေးထိန်းက မိန်းမဖြစ်နေတာမို့ သမီး သုံးယောက်လုံးက ဝန်တိုစိတ်ဖြင့် ပိုလက်မခံတာဘဲဖြစ်လိမ့်မည်။ အကြောင့်မို့လည်း ကလေးတွေကို ထိန်းဖို့ သူက သေချာစိစစ် ရွေးချယ်ထားရတာဖြစ်သည်။

ခင်စာဆိုကတော့ စိတ်ရှည်ပြီး ကလေးသုံးယောက် ကို တည့်အောင်ပေါင်းနိုင်မည်ဟု ထင်ရပါသည်။ သူဟာ ကလေး တွေကို ဆုံးမပြီးနောက်မှာ ခင်စာဆိုဘက်လှည့်၍ မှာရသေးသည်။

"ခင်စာဆို ... မင်းကို စိတ်ချပါရစေနော်၊ ကြီးချိုကလည်း ဈေးသွားတာကြာမှာ၊ သမီးကြီးနဲ့ သမီးငယ်ကို မင်း ဂရု စိုက်ပါ၊ သားသားကို ထမင်းစားချိန်ရောက်ရင် ထမင်း သေချာကျွေးနော်၊ သူက ဟုတ်တိပတ်တိ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မစားဘူး၊ ကိုယ် အလုပ်မှာ ကိစ္စပေါ်လို့ သွားရမှာ၊ ခင်နဲ့ ကလေးတွေပဲ အိမ်မှာကျန်မှာ"

"စိတ်ချပါ ... ကိုမိုးထိပ်ခေါင်၊ အစ်ကိုသွားစရာရှိတာသာ စိတ်ဖြောင့်ဖြောင့်သွားပါ၊ ကျွန်မ အဆင်ပြေအောင်လုပ်နိုင်ပါတယ်"

"ဟုတ်ပြီ ခင်စာဆို၊ Thank you"

မိုးထိပ်သည် ကိုယ့်အခန်းထဲဝင်ကာ အဝတ်အစား လဲလှယ်ပြီး စာရွက်စာတမ်းတွေယူ၍ ပြန်ထွက်လာချိန်မှာတော့ သုံးယောက်က TV ကလာတဲ့ကာတွန်းကား ထိုင်ကြည့်နေကြပြီ ဖြစ်သည်။

သူဟာ ကားသော့ကို ဆွဲယူရင်းက ...

"ကဲ ... တာရာ၊ ရောင်နီ၊ မိုးလင်း ဖေဖေ သွားပြီနော် လိမ္မာကြနော်"

"ဟုတ်ကဲ့"

"ကဲ ... ခင်စာဆို စိတ်ချမယ်နော်"



"စိတ်ချပါ ... ကျွန်မကို ယုံကြည်ပါ၊ တာရာ ရောင်နီ၊ မိုးလင်းနဲ့ ကျွန်မ ခဏနေရင် ရင်းနှီးသွားကြမှာပါ၊ စိတ်ချလက်ချသွားပါ ကိုမိုးထိပ်ခေါင်၊ ဆယ့်နှစ်ခွဲတာနဲ့ တာရာလေးကို ကွန်ပျူတာသင်တန်းလည်း ပို့လိုက်ပါ့မယ်"

အိုခေ ... ဒီလောက်ကတိတွေပေးနေရင်တော့ မဆိုးပါဘူး။ စိတ်ချလို့ရလောက်မယ်ထင်တာပါပဲ။ မိုးထိပ်သည် ခင်စာဆို ထံသို့ ကလေးတွေကို ယုံကြည်စွာ အပ်ထားခဲ့ပြီး ကုမ္ပဏီသို့ ထွက်လာခဲ့တော့သည်။

ဒါပေမဲ့ ကလေးတွေနှင့် အဆင်ပြေပါ့မလား ဆိုတဲ့ စိတ်ကြောင့် သူဟာ နောက်ဆံတင်းတင်း ရှိနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးထိပ်ခေါင် ထွက်သွားပြီးသောအခါ စာဆိုသ

ညှော်ခန်းထဲက ဆိုဖာပေါ်မှာ သုံးယောက်သား စီရရီထိုင်နေ

သော မောင်နှမကို လှမ်းကြည့်ရင်း ဘယ်လိုထိန်းရမယ်စဉ်း

လိုက်သည်။ ကလေးသုံးယောက်စလုံးဟာ ဖြူဖြူသန့်သန့်

တွေနှင့် နိုင်ငံခြားက ကလေးလေးတွေလိုပင်။ အထူးသ

မမိုးလင်းဆိုတဲ့ သမီးငယ်လေးက ချစ်ဖို့အကောင်းဆုံးပဲဖြစ်သ

ဆံပင်အုပ်အုပ်လေးတွေကို ထိပ်မှာကြက်တောင်စည်း,စည်းထ

လေးကော၊ မျက်လုံးပြူးလေးနှင့် ချစ်စရာဟန်လေးတွေကြော

မိုးလင်းလေးကို စာဆိုက အချစ်ဆုံးပဲဖြစ်သည်။ ပြီးတော့ မိုး

လေးက အငယ်ဆုံးလေးဖြစ်တော့ သူ့ကိုပဲ အရင်ဆုံး စည်းရုံး

စဆင်းရမှာဖြစ်သည်။



စာဆိုသည် ကလေးတွေနားသို့ သွားလိုက်ကာ

ထမဆုံးအကြီးမ တာရာရဲ့ဘေးက ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး ...

"တာရာ ... မမနဲ့ စကားပြောကြမလား၊ တာရာက ကာတွန်း

ကားကြည့်ရတာ ပျင်းနေမှာပေါ့"

စာဆို့စကားကြောင့် တာရာက စာဆို့ဘက် မျက်နှာ

လှည့်လာပြီး ပခုံးတစ်ချက်တွန့်ပြကာ ...

"အစ်မနဲ့ စကားမပြောချင်ဘူး၊ သမီး ကာတွန်းကားကြိုက်

တယ်"

အင်း ... တာရာကတော့ ပေါင်းရသင်းရခက်မည့်ပုံပဲ။

ဒါပေမဲ့ ဒီသုံးယောက်နဲ့ စာဆို အဆင်ပြေမှဖြစ်မည်။ အလုပ်တစ်

နေရာစာဆိုတာက ဒီခေတ်ကြီးမှာ အလုပ်မြဲချင်သည်။ ကိုယ့်ဝင်

ငွေလေးရှိတော့ အိမ်ကို ထောက်ပံ့နိုင်ရင် ဦးလေးမိန်းမက ကြည်

မှာဖြစ်တာကြောင့် ငွေရှိဖို့ကတော့ လိုလာပြီဖြစ်သည်။

စာဆိုသည် ဒီကလေးတွေနှင့် အိုခေဖို့ ဗျူဟာတော့

ခင်းရမှာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးထိန်းအစ်မ ... ရေသောက်ချင်တယ်၊ ရေခပ်ပေး

အငယ်မလေး မိုးလင်းက မပီကလာပီကလာအ

လေးဖြင့် စာဆိုကို လှမ်းပြောလိုက်လျှင် စာဆိုတောင် အံ့အာ

သင့်သွားသည်။ ကလေးလေးက စကားတတ်တာပဲလား။ ရိုင်းတာ

လား မဝေခွဲရသေးခင်မှာ စာဆိုက ပါးစပ်က လွှတ်ခနဲ ထွ

သွားလေတော့သည်။

"ကလေးထိန်းအစ်မလို့ မခေါ်ရဘူးလေ မိုလင်းလေးရဲ့"

"ကလေးထိန်းအစ်မက မီးတို့ကိုထိန်းဖို့လာလို့ ကလေးထိန်း

အစ်မခေါ်တာပဲ ... ဘာဖြစ်လဲ"

မာနက ဆတ်ခနဲ ထောင်ထလာကာ တစ်ခုခုပြော

ဖို့ ပါးစပ်အပြင်မှာ လောလောဆယ် ကိုယ့်အခြေအနေကိုယ်သိကာ

မျိုသိပ်လိုက်ရတော့သည်။ ဪ ... ကလေးထိန်းက ကလေးထိန်းပဲ

ပေါ့။ စာဆိုသည် ထိုင်နေရာကထရပ်ကာ အနောက်ထဲဝင်လာပြီး

ရေတစ်ခွက် သွားခပ်လိုက်သည်။ ပြီးတော့ မိုးလင်းလေးကို ရေ

လာတိုက်လိုက်သည်။



"ဝပြီနော် မိုးလင်းလေး၊ ထပ်ပြီး ရေယူပေးရဦးမလား"

"တော်ပြီ ... Thank you"

ချစ်စရာ မျက်နှာလေးကို မဲ့ရွဲ့ပြီး ပြောလိုက်တာ

လေးကြောင့် စာဆိုစိတ်ထဲမှာ ရယ်ချင်ချင်ဖြစ်သွားသည်။ ဒီကလေး

တွေ စာဆိုကို ဘာလို့ Welcome မလုပ်တာလဲ။ စာဆိုဟာ သူတို့

လေးတွေကိုထိန်းဖို့လာတဲ့ ကလေးထိန်းပဲဖြစ်သည်။

ကလေးထိန်းဆိုတာ ခပ်ရိုင်းရိုင်းတွေးရရင် သူတို့

ဖိုက်ဆံပေးခိုင်းမယ့် အခိုင်းအစေပဲလေ။ ဒီကလေးတွေဟာ ဘာလို့

စာဆိုကို မကြည်တဲ့သဘောတွေ ဆောင်နေရတာပါလိမ့်။

"တီး ... တောင်"

"ဟာ ... ဘွားချို ပြန်လာပြီ၊ ကလေးထိန်းအစ်မ တံခါး

သွားဖွင့်စမ်းပါ"

"ဪ ... အေး အေး"

စာဆိုသည် တံခါးဖွင့်ပေးကာ ကြီးချိုရဲ့ ဈေးခြင်းကို

ဆွဲယူကာ ကြီးချိုနှင့်အတူ နောက်ဖေး Kitchen ထဲကို ဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်မှာလည်း ဒီကလေးတွေအပြင် ကြီးချိုရှိလို့ တော်သေး
သည်။ ကြီးချိုဆိုသော အိမ်တော်ထိန်း အန်တီကြီးဟာ မျက်နှာ
ချိုပြီး ချစ်စရာကောင်းသူဖြစ်သည်။ စာဆို့ကိုလည်း စာနာနားလည်
ပေးရှာပါသည်။

"သမီးလေး ... ကလေးတွေနဲ့ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ပြေတော့ ပြေပါတယ် ကြီးချို"

"တာရာနဲ့မိုးလင်းက မိန်းကလေးဆိုတော့ ဂျီနည်းနည်းကျ
တယ်၊ ရောင်နီကတော့ အေးတယ်၊ တစ်နေ့တစ်နေ့
ပန်းချီဆွဲလိုက်၊ စာအုပ်ဖတ်လိုက်နဲ့ ခပ်အေးအေးပဲ၊ ကြီးချို
လည်း သမီးလေးရောက်လာမှပဲ စိတ်အနားရတော့တယ်..

သမီးလေးက ဒီနေ့မှ အလုပ်ဝင်တယ် ဆိုပေမယ့်
ကြီးချိုစိတ်ထဲမှာ သမီးကို အရမ်းခင်တယ်၊ သမီး အဆင်
မပြေတာရှိလည်း ပြောနော်၊ ကလေးတွေနဲ့က အစမို့စိမ်းနေ
တာပါ၊ ရင်းသွားတာနဲ့ ကလေးတွေက သမီးနားပဲကပ်ကြ
မှာ"



"ဟုတ်ကဲ့ ကြီးချို"

စာဆိုသည် ကြီးချိုရဲ့စကားကို နားထောင်ရင်းက
မှ စိတ်ထဲမှာ ဘယ်လိုမှ မအောင့်နိုင်တဲ့မေးခွန်းကို ထုတ်မေးဖြစ်
သွားသည်။ ဒါပေမဲ့လည်း ဒီမေးခွန်းဟာ မေးသင့်တာလို့ စာဆိုထင်
သည်။

"ကြီးချို ... သူတို့လေးတွေရဲ့အမေကကောဟင်"

စာဆို့အမေးကြောင့် ကြီးချိုက တွေသွားသလိုစဉ်းစား
ပြီးမှ ခပ်နှမ်းနှမ်းအပြုံးဖြင့် ပြန်ဖြေလေသည်။

"သူတို့အမေက နိုင်ငံခြားမှာလေ၊ သြော် ... ဒါနဲ့ သမီး
ဆယ့်နှစ်ခွဲရင် တာရာလေးကို ကျောင်းလိုက်ပို့ရဦးမယ်
မှလား၊ တာရာလေးကို ရေချိုးခိုင်းတော့လေ၊ အဲဒီ ကလေးမ
က ရေချိုးသိပ်ကြာတာ၊ ကြိုလုပ်ခိုင်းထားမှ"

တမင်တကာ စကားလွှဲတာမှန်း သိတာမို့ စာဆို
ဟာ ဘာမှဆက်မပြောဖြစ်တော့ဘဲ တာရာ့ကို ရေချိုးဖို့သွားခေါ်
ကာ အဝတ်အစား ဘာညာကအစ စီစဉ်ပေးထားလိုက်သည်။

www.burmeseclassic.com



စာဆို စီစဉ်မှုကောင်းတာကြောင့် တာရာဟာ မှန်တေတေမျက်နှာကနေ မဆိုသလောက်လေး ပြုံးလာတာကို မြင်ကာ အဆင်တော့ပြေမှာပါဟု ယုံကြည်ထားပါသည်။



၃

ဒီကနေ့ ကလေးတွေရဲ့အဖေက ကုမ္ပဏီက စောစောပြန်လာတာကြောင့် စာဆို့ကို အိမ်မှာ စောစောပြန်နားခွင့်ပေးတာကြောင့် အိမ်ကို စောစောပြန်လာခဲ့တော့သည်။ နေ့လယ်ပိုင်းမို့ ဘတ်စ်ကားက ချောင်ချောင်ချိချိမို့ သိပ်ပြီး စိတ်မောလူမောမဖြစ်ရတဲ့ အိမ်ကို သက်သက်သာသာ ပြန်လာတာကပဲ အဆင်ပြေလှပြီဖြစ်သည်။ စာဆိုသည် အိမ်ရှေ့အရောက်မှာတော့ ရပ်ထားတဲ့ မြန်မာမီနီဆလွန်း အနီရဲရဲလေးကိုတွေ့ရလျှင် ဘုန်းရှိန် ရောက်နေပြီဆိုတာ သဘောပေါက်ရသည်။ စာဆို အလုပ်လုပ်နေတယ်

www.burmeseclassic.com



ဆိုတာ သူ မသိသေးပါ။ သူ့ကိုပြောရင် ဘာဖြစ်တယ် ညာဖြစ်တယ် နှင့် ပွစိပွစိပြောနေမှာ ကြိုသိတာမို့ သူ့ကို ဘာမှမပြောခဲ့တာဖြစ်သည်။ စာဆိုသည် ပခုံးတစ်ချက် အသာတွန့်၍ အိမ်ထဲဝင်လာလိုက်လျှင် အန်တီလေးနှင့် စကားပြောနေသော ဘုန်းရှိန်ကို တွေ့ရလေသည်။

"ဟော ... ဒီနေ့တော့ ရှာယ်စောပါလား စာဆို"

"ဟုတ်တယ် ... အန်တီလေး၊ ဒီနေ့ ကလေးတွေအဖေ စောပြန်ရောက်လို့လေ၊ ဟဲ့ ... ဘုန်းရှိန် ဘယ်တုန်းက ရောက်နေတာလဲ"

"ဘာမှ မမေးနေနဲ့၊ လာ ... ငါနဲ့ အပြင်လိုက်ခဲ့၊ အန်တီလေး ကျွန်တော် စာဆို့ကို ခဏခေါ်သွားမယ်နော်၊ ပြန်လာပို့ပါ့မယ်"

"ခေါ်သွား ... မောင်ဘုန်းရှိန် ခေါ်သွား"

စာဆိုသည် ဘုန်းရှိန်ရဲ့ စူပုပ်နေသောမျက်နှာကြောင့် သူနှင့်အတူ လိုက်လာခဲ့တော့သည်။ ကားပေါ်မှာ စာဆို့ကို



စကားတစ်ခွန်းမှမပြောဘဲ အင်းလျားဘက်သို့ မောင်းချလာခဲ့တော့သည်။ ကန်ပေါင်ပေါ်သို့ ရောက်တော့မှ သူက ခုံတန်းလျားတစ်ခုပေါ် ဝင်ထိုင်ကာ စကားစလာဖြစ်သည်။

"ကိုယ့်ကို ဘာလို့ မပြောတာလဲ စာဆို"

"သြော် ... ငါမပြောဘူးဆိုတာ နင်နဲ့မှ မတွေ့တာ ဘုန်းရှိန်ရဲ့၊ နောက်ပြီး ဒီအလုပ်က အဆင်ပြေပါတယ်"

"ဘာအဆင်ပြေတာလဲ စာဆိုရဲ့၊ မမိုက်ပါဘူးဟာ၊ ကိုယ့်ကို နည်းနည်းတော့ ပြောသင့်တာပေါ့၊ မင်းမှာ ဘာတွေများ အခက်ရှိနေလို့ အလုပ်တောင်ဝင်လုပ်နေရတာလဲ၊ ကိုယ်တို့ အရွယ်တွေက စာသင့်တဲ့အရွယ်လေကွာ"

စာဆိုသည် ပြုံးတယ်ဆိုရုံလေးပြုံးလိုက်ကာ ဘုန်းရှိန်ကို အသာငေးကြည့်လိုက်သည်။ နင့်ခံစားချက်ကို ငါ နားလည်ပါတယ်။ ဒါပေမဲ့ ...

"ပြောရအောင် နင်နဲ့ငါက ဘာမှဆိုင်သေးတာမဟုတ်ဘူး ဘုန်းရှိန်၊ နင့်အတွက်ကတော့ ငါတို့အရွယ်တွေက စာသင်

www.burmeseclassic.com



ရမယ့်အရွယ်တွေ၊ ဒါပေမဲ့ ငါ့မှာက ငါ့အခက်အခဲနဲ့ငါ ငါ့ဘဝ ငါသိတယ်”

“ကျစ် ... ဘာမှမဆိုင်ဘူးလို့ မပြောပါနဲ့ဟာ၊ ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိရက်နဲ့”

ဘုန်းရှိန်ရဲ့အသံဟာ တိုးတိမ်သွားလျှင် စာဆို နည်းနည်းတော့ အားနာသွားပါသည်။ တကယ်တော့ စာဆိုလည်း သူ့အချစ်တွေကို နားမလည်လို့ မဟုတ်ပါ။ သူ စာဆို့ကို ဘယ်လောက်ရည်ရွယ်ပြီး ချစ်တယ်ဆိုတာ သိပေမယ့် စာဆိုလည်း အသိအမှတ်ပြုရုံကလွဲ၍ ဘာမှ မတုံ့ပြန်နိုင်ပေ။

“ဆောရီးပဲ ဘုန်းရှိန်ရာ၊ ငါ တောင်းပန်ပါတယ်၊ ငါ့ကို နင် ဘာမှမပြောဘဲ နားသာလည်ပေးလိုက်တော့၊ ငါ အလုပ်လုပ်နေတာ၊ ဘာမှ ဂုဏ်သိက္ခာကျစရာလည်း မရှိဘူး နင် စိတ်မပူပါနဲ့”

“ဟင်း ... စာဆိုရယ် ကိုယ်တို့ တစ်ယောက်စိတ်ကို တစ်ယောက်သိနေရက်နဲ့ ဘာလို့ မနီးစပ်ကြတာလဲ”



ဘုန်းရှိန်ရဲ့ နက်နဲနေသော စကားအဓိပ္ပာယ်ကို နားလည်သဘောပေါက်ကာ ခံစားပေးနိုင်တဲ့ စာဆိုဟာ ကိုယ့်ဘဝ ကိုယ်လည်း ဝမ်းနည်းသွားပါသည်။

ဖြစ်နိုင်ရင် ဘုန်းရှိန်နဲ့ ခပ်ဝေးဝေးမှာ နေနေပေမယ့် လည်း သူနဲ့ မဝေးနိုင်သည့် သံယောဇဉ်ကြိုးကို ဖြတ်ချချင် ပါသည်။

“နင်နဲ့ငါက သူငယ်ချင်းတွေအခြေအနေထက် မပိုသင့်ပါဘူး ဘုန်းရှိန်ရယ်၊ ငါ့မှာ နင်လိုချင်တဲ့ အဖြေပေးနိုင်ဖို့ အခြေအနေမရှိဘူး၊ ငါ့ကို မေ့လိုက်ပါလားဟာ”

“မပြောနဲ့ ... မပြောနဲ့၊ နင် အဲဒီစကားကို မပြောစမ်းပါနဲ့ ဟာ၊ စာဆို ... နင်က ဘာဖြစ်နေလို့လဲ၊ ငါကကော ဘာ မို့လို့လဲ၊ နင့်ကို ငါပြောပြီးသား စာဆို၊ နင် ငါ့ကို တစ်သက်လုံး အဖြေမပေးလည်းရတယ်၊ ငါ နင့်ဘေးနားမှာ နင့်ကို အမြဲတမ်းချစ်နေမှာပါ၊ ငါ့ကို မေ့လိုက်တော့ဆိုပြီး မပြောနဲ့၊ ငါ လုံးဝ မခံစားနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ဟာ၊ ငါ အဲဒီအကြောင်းတွေ မဆွေးနွေးချ ဘူး၊ နင် အိမ်လာတာ ဘာကိစ္စရှိလို့လဲ"

စာဆိုက စကားလမ်းလွဲလိုက်လျှင် သူ စိတ်ရှုပ်သွား သလို ကျစ်ခနဲ စုပ်သပ်လိုက်ကာ စာဆို မေးတာကို ပြန်ဖြေသော သည်။

"ကိုယ် ခရီးသွားမလို့။ အဲဒါ လာပြောတာ။ ဒီရော တော့ လုံးဝကိုရင်မောသွားတာ။ စာဆို အိမ်တစ်အိမ်မှာ ကလေးထိန်း လုပ်နေထယ်ဆို"

"ဟုတ်တယ် ဘုန်းရှိန်။ ငါ ကလေးထိန်းအလုပ် လုပ်နေ တယ်"

"ဟား ... အဲဒီအလုပ်က နင့်အတွက် ဂုဏ်ငယ်စေနိုင်တယ် လေ စာဆို။ နင် ထည့်မစဉ်းစားတော့ဘူးလား"

"အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတဲ့ ဘုန်းရှိန်။ ငါ ဂုဏ်မငယ် ပါဘူး။ ရိုးသားပြီး သမ္မာအာဇီဝကျတဲ့ ဘယ်အလုပ်မဆို ဂုဏ်ငယ်တယ်ဆိုတာ မရှိဘူး"





စာဆို့ကို သူက မနိုင်တော့ဘူးဆိုတဲ့ သဘောဖြင့် ဝခုံးတွန့်ပြကာ ...

"ကိုယ့်မှာ ပြောပိုင်ခွင့် မရှိပါဘူး။ ဟူး ... စာဆိုအလုပ် လုပ်တဲ့အိမ်မှာ ဘယ်သူရှိလဲ"

"ကလေးသုံးယောက်ကို ထိန်းရတယ်။ ငါ့အလုပ်ချိန်က 9 to 4 ။ ကလေးတွေအဖေက Electronic ကုမ္ပဏီတစ်ခု မှာ အလုပ်လုပ်တယ်။ ကလေးတွေအမေကတော့ မရှိဘူး။ ငါက သူတို့အဖေ အလုပ်သွားနေတဲ့အချိန်မှာ ကလေးတွေ ရဲ့တာဝန်ကို ယူထားရတယ်။ အိမ်မှာ အဒေါ်ကြီး တစ် ယောက်လည်း ရှိတယ် ...

ဘာသိချင်သေးလဲ"

"မသိချင်တော့ပါဘူးကွာ"

"ကလေးထိန်း အစ်မ"

ခေါ်သံနှင့်အတူ စာဆိုရဲ့အင်္ကျီစကို လာဆွဲ၍ ငုံ့ကြည့် လိုက်လျှင် ချစ်စရာသမီးငယ်လေးကို တွေ့လိုက်ရတော့ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။ ဟင် ... မိုးလင်းလေးက ဒီကိုဘယ်သူနဲ့လာ
တာလဲ။ စာဆိုသည် မိုးလင်းလေးရဲ့ပခုံးကိုကိုင်ကာ ခါးကိုင်းလိုက်
ပြီး ...

"မိုးလင်းလေး ... သမီး ဘယ်လိုလုပ် ဒီကိုရောက်နေတာ
လဲ"

"ဖေဖေနဲ့ လာတာလေ၊ ဟိုးမှာ ဖေဖေက။ မီးက ကလေး
ထိန်းအစ်မကို တွေ့လို့ပြေးလာတာ"

စာဆိုသည် မိုးလင်းလေးကို ချီပွေ့ကာ လှမ်းကြည့်
လိုက်လျှင် ရောင်နီကို လက်ဆွဲကာ လမ်းလျှောက်လာတဲ့ ကိုမိုး
ထိပ်ခေါင်ကို တွေ့ရလေသည်။ ပြီးတော့ တစ်ဆက်တည်းမှာပင်
ကရုဏာသက်မိသွားသည်က ဒီလိုအချိန် ညနေခင်းကာလမျိုးတွေ
ဆို အင်းလျားရဲ့ကန်ပေါင်ပေါ်မှာ မိသားစုစုံညီ ပျော်ရွှင်နေရမယ့်
သူဟာ အခုတော့ ကလေးအမေမပါဘဲ ကလေးတွေကို အဖော်ပြု
လျှောက်နေတာကိုဖြစ်သည်။ ကိုမိုးထိပ်ခေါင်ဟာ ဒီအရွယ်ထော်
ယ်လေးနှင့် ကလေးသုံးယောက်အဖေ ဖြစ်နေတာကိုလည်း





အံ့သြရ၏။ ပြီးတော့ စာဆို သိချင်နေသည့် ကလေးတွေအမေ
က ဘယ်ရောက်နေလို့လဲ။

"ခင်စာဆို ... ကန်ပေါင်လာတာလား"

ကိုမိုးထိပ်ခေါင်က အပြုံးတစ်ခုဖြင့် နှုတ်ဆက်လေ
လျှင် စာဆိုသည် မိုးလင်းလေးကို ချီထားရာမှ အောက်ပြန်ချကာ
နှုတ်ဆက်လိုက်သည်။

"ဟုတ်ကဲ့ ... သူငယ်ချင်းနဲ့ မုန့်လာစားတာပါ။ ကိုမိုးထိပ်
ခေါင်ကော မိုးလင်းတို့ကို မုန့်လာကျွေးတာလား"

"ဟုတ်ပ ... မိုးလင်းလေ အင်းလျားကန်သွားချင်ပါတယ်
ဖြစ်နေလို့ လိုက်ပို့ပေးရတာ"

"ဟုတ်လား ... မိုးလင်းလေး။ အင်းလျား လာချင်တာများ
မမကိုပြောပေါ့၊ ပြောရင် နေ့လယ်ကတည်းက လိုက်ပို့ပေး
ပါတယ်"

"ကလေးထိန်းအစ်မနဲ့ မသွားချင်ပါဘူး။ မီးတို့က ဖေဖေ
နဲ့ပဲ သွားချင်တာ။ နော် ... ဖေ"

www.burmeseclassic.com



"ဟာ ... ဟုတ်တာပေါ့ကွာ။ ဖေ့သမီးလေးက မေနဲ့ပဲ သွားရမှာပေါ့။ ကဲ ... သားနဲ့သမီး သွားကြစို့။ ခင်စာဆို သွားတော့မယ်နော်။ ဟိုဘက်က မိတ်ဆွေသွားလိုက်ပါဦးမယ်"

စာဆိုက ကိုမိုးထိပ်ခေါင်ရဲ့ ဟိုဘက်က မိတ်ဆွေဆိုတော့မှ ဘုန်းရှိန်ကို သူတို့နဲ့ မိတ်ဆက်ပေးဖို့ သတိရလေသည်။ ဒါပေမဲ့လည်း မိတ်ဆက်ပေးဖို့အချိန်က မရှိတော့ချေ။ စာဆို့သားကလေးအဖေဟာ ထွက်သွားပြီဖြစ်သည်။ စာဆိုသည် ဘုန်းရှိန်ကို အသာလှည့်ကြည့်လိုက်လျှင်တော့ ဘုန်းရှိန်က စာဆို့ကို မမိုတ်မသုန် စိုက်ကြည့်နေသည့် မျက်ဝန်းတွေနှင့် ရင်ဆိုင်ရလေသည်။

"အဲဒါ ငါ အလုပ်လုပ်နေတဲ့အိမ်က ကလေးတွေလေ။ နောက်တစ်ယောက်ကတော့ အိမ်မှာကျန်ခဲ့တယ်ထင်ရဲ့"

"ငါသိပါတယ် စာဆို။ နင်က အရမ်းတာဝန်ကျေတဲ့ မိန်းကလေးဆိုတာ၊ ငါ အခုမှပဲ မြင်တော့တယ်။ ကလေးတွေ



အဖေက သိပ်နုပြီး ချောတယ်နော်။ ကလေးအဖေလို့တောင် မထင်ရဘူး"

တမင်တကာ ရမ်းပြီးသမုတ်တဲ့ စကားလုံးအတွက် စာဆိုက ထောင်းခနဲ ဒေါသထွက်သွားပေမယ့် စာဆိုဟာ သူ့ကို ဘာမှမပြောချင်တော့သည့်အတွက် ကန်ရေပြင်ကိုသာ ကြည့်နေလိုက်ပါသည်။

♣ ♥ ♣

www.burmeseclassic.com

www.burmeseclassic.com



## ၄

“ဟယ်လို … ကိုမိုးထိပ်ခေါင်၊ ကျွန်မ ခင်စာဆိုပါ”

သူဟာ အဲဒီအသံကြောင့် ထိတ်ခနဲတော့ ဖြစ်သွားရသည်။ ဘုရား … အိမ်မှာ ဘာများဖြစ်လို့လဲ။ မိုးထိပ်သည် စိုးရိမ်မှုက ငယ်ထိပ်ဆောင့်တက်လာကာ ချက်ချင်းအဆောတလျင်ကို မေးမိလေတော့သည်။

“ပြော … ပြော … ခင်စာဆို။ ဘာဖြစ်လို့လဲ … ကလေးတွေဘာဖြစ်လို့လဲ”

“သြော် … ဘာမှမဖြစ်ပါဘူး။ စိုးမရိမ်ပါနဲ့။ ဒီနေ့ တာရာက ကျူရှင်မတက်ချင်ဘူးတဲ့၊ အဲဒါ ကျွန်မ ဘာလုပ်ရမလဲလို့ လှမ်းမေးတာပါ”



“ဟင် … တာရာက ဘာလို့ကျူရှင်မတက်ချင်ရတာလဲ။ ခင်စာဆို … တာရာ့ကို ဖုန်းပေးလိုက်ပါ”

“ဟုတ်ကဲ့ … ခဏလေးနော်”

မိုးထိပ်သည် တာရာ ဖုန်းအကိုင်ကို စောင့်နေစဉ်မှာပဲ သူ့သူငယ်ချင်း သူရက ရောက်လာ၍ ထိုင်ဆိုသည့်သဘောကို လက်ဟန်ခြေဟန်ဖြင့် လုပ်ပြလိုက်သည်။

“ရတယ် … အေးဆေးနော် မိုးထိပ်။ ငါ အချိန်ရတယ်”

“ဟုတ်ကဲ့ … ဖေဖေ”

“တာရာ … သမီးက ဘာလို့ ကျူရှင်မတက်ချင်ရတာလဲ”

သူ့စကားအဆုံးမှာ တာရာက မရဲတရဲ ပြန်ဖြေလေသည်။

“အိမ်မှာ ဘွားချိုရယ်၊ အငယ်နှစ်ယောက်ရယ်ကို စိတ်မချလို့ပါ”

သမီး စကားကြောင့် သူ တော်တော်အံ့သြသွားရသည်။ ဘာသဘောပါလိမ့်။ တာရာ ဘာကြောင့် ဒီလိုစကားမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြောရတာလဲ။ မိုးထိပ်သည် သမီးစကားကို စဉ်းစားရကျပ်စွာ မေးလိုက်မိသည်။

"သမီးက ဘာကိုစိတ်မချဖြစ်တာလဲ။ အိမ်မှာအရင်လည်း ဒီလိုပဲဟာ"

"ဖေကလည်း ... အခုက ဟိုကလေးထိန်းအစ်မ ရှိနေပြီလေ။ သူ့ကိုစိတ်မချလို့ ကျူရှင်မသွားတာ။ သမီး ကျူရှင်သွားနေတုန်း အိမ်မှာ ပစ္စည်းတွေယူရင် ဘယ်လိုလုပ်မလဲ"

"တော်စမ်း ... တာရာ၊ ဒါ ကလေးစကားလား။ သမီးအေးမှာ ခင်စာဆို ရှိလား"

မိုးထိပ်ဟာ တာရာရဲ့ အပြောကို နားထောင်လိုက်တာနှင့် ခင်စာဆို့ကို သမီးတွေ မကြည်ဘူးဆိုတာ သဘောပေါက်ပါသည်။

"မရှိဘူး၊ သမီး သူ့ကို ပေါင်မုန့်ကြက်ဥကြော်နိုင်းထားတယ်"



"ဘယ်လို ... သူက။ ဟာ ... တာရာ သမီး သူ့အလုပ်က သမီးတို့ကို ထိန်းဖို့ပဲလေ။ ပေါင်မုန့်ကြက်ဥကြော်စားချင်လည်း ဘွားချိုကိုပြောပေါ့။ ကဲ ... ထားပါတော့ အဲဒါတွေ၊ သမီးကို ဖေဖေ ဒီနေ့တစ်ရက်တော့ ခွင့်ပြုပေးလိုက်မယ်။ နောက်နေ့တော့ မတက်လို့ မရဘူးနော် ...

ပြီးတော့ ရှိသေးတယ်။ ခင်စာဆိုဟာ အိမ်မှာအလုပ်လာလုပ်တယ်ဆိုပေမယ့် သူ့ကို အလုပ်သမားတစ်ယောက်လို မဆက်ဆံနဲ့ သမီး။ respect ဆိုတာ ရှိရတယ်။ ကြားလား ... ဖေဖေ ဆုံးမတာကိုနားထောင် ဟုတ်ပြီလား"

"ဟုတ် ... ဖေ"

"အေး ... အေး၊ အဲဒါဆိုလည်း ဒါပဲလေ။ အိမ်မှာလိမ်လိမ်မာမာနေနော်။ စကားပြောမရင့်သီးရဘူး ကြားလား"

"ဟုတ်ကဲ့ ... ဖေဖေ၊ ဒါပဲနော်"

တာရာ ဖုန်းချသွားလျှင် သူဟာ သူရကို မျက်ခုံးတစ်ချက်ပင့်ပြ၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလှည့်လာတာလဲ ဟောကောင်"

"ဒီကိုသက်သက်ပဲ လာတာဟ။ မင်းနဲ့မတွေ့တာကြာလို့။ မင်းသမီးကြီး ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူးကွာ။ အိမ်က ကလေးထိန်းကို သူတို့က ဘာလို့မတည့်မှန်း မသိပါဘူး။ အဲဒါ ဆုံးမနေရတာလေ"

သူ့အပြောကို သူရက ခေါင်းတဆတ်ဆတ်ညိတ်ကာ ခပ်ပြုံးပြုံးပဲ နားထောင်ရင်းက ခပ်ဆဆလေသံဖြင့် သူ့ကိုပြောလေသည်။

"အင်း ... မင်းလည်း ဒီကလေးတွေကို တော်တော်ချစ်တာပဲနော်။ မင်းရဲ့အချိန်တွေကို တကယ်ပဲ သူတို့အတွက် မြှုပ်နှံလိုက်ပြီလား မိုးထိပ်"

"ဟား ... မင်းကလည်းကွာ။ ငါက သူတို့လေးတွေရဲ့အဖေလေ။ ငါ့အချိန်တွေ၊ ငါ့အချစ်တွေ အကုန်လုံး သူတို့ဆီမှာပဲပေါ့"



"အေးပါ ... ကလေးအဖေကြီးရယ်။ မင်း ဘယ်လိုလဲ။ အမေအသစ် ထပ်မရှာတော့ဘူးလား"

သူရအမေးကြောင့် သူက အသာပြုံးမိသွားသည်။ သူ့ဘဝထဲမှာ စိမ့်စမ်း မရှိတော့ကတည်းက အချစ်ဆိုတာဟာ အဓိပ္ပာယ်မဲ့သွားခဲ့တာဖြစ်သည်။ နောက်ထပ် အချစ်ဆိုတာတော့ ဘယ်လိုမှ မရှိနိုင်တော့တာ အသေအချာပဲ ဖြစ်ပါသည်။ ကလေးတွေအတွက် သူဟာ မေတ္တာအပြည့်ပေးခဲ့တဲ့အတွက် သူတာဝန်ကျေပါသည်။

"ဟောကောင် ... ဝိုင်သွားတယ်ဆိုတော့ မင်းတွေ့နေပြီပေါ့ ဟုတ်လား"

"မဟုတ်ရပါဘူး သူရရာ။ မင်း ငါ့အကြောင်းလည်း သိရက်သားနဲ့။ အခုဆို ငါ့ family life က အရမ်းပြည့်စုံတယ်ကွာ။ ငါ ဒီဘဝလေးကို ကျေနပ်တယ်။ အဲဒါကြောင့် ငါ အလုပ်တွေ အရင်ကထက် ပိုကြိုးစားတယ်။ ဒါပဲ ... ဟောကောင်၊ လောက,က နေတတ်မယ် စိတ်ထားတတ်မယ်ဆိုရင် ကျေနပ်စရာတွေချည်းပါပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မိုးထိပ် ... မိုးထိပ် ... လေးစားတယ်ကွာ။ မင်း တကယ်ကို ပြောင်းလဲသွားတာ။ မင်းရဲ့အတွေးအခေါ်တွေ နေပုံထိုင်ပုံတွေ အားလုံးက လုံးဝ mature ဖြစ်သွားပြီ။ မင်း သိပ်တော်တယ် မိုးထိပ်"

သူရ စကားအတွက် သူ့မှာပြုံးပြစရာအဖြေပဲရှိပါသည်။ သူရကတော့ သူ့ရဲ့ပြောင်းလဲခြင်းဖြစ်စဉ်တွေအတွက် အရမ်းကို ချီးကျူးနေပြီဖြစ်သည်။

သူ ဒီလိုဖြစ်လာဖို့ ပေးဆပ်ထားရတဲ့ အရင်းအနှီးသည် ဘဝကြီးတစ်ခုစာ ကြီးတယ်ဆိုတာ ခံစားတတ်မှ ပိုနားလည်နိုင်မှာ ဖြစ်ပေသည်။

❖ ❖ ❖



အလုပ်ဝင်တာ နှစ်ပတ်တင်းတင်းပြည့်တဲ့နေ့အထိ အခြေအနေဟာ ထူးခြားကောင်းမွန်လာခြင်း မရှိခဲ့ပါ။ ကလေးတွေဟာ ဘာလို့ ဒီလောက်ဆိုးမှန်းလဲ မသိတော့ပါ။ တာရာကတစ်မျိုး၊ ရောင်နီကတစ်ဖုံ၊ မိုးလင်းကတစ်သွယ်နှင့် တကယ်ရူးချင်လာပါသည်။ ကလေးထိန်းလုပ်မိတာ တကယ့်မဟာအမှားကြီးပဲဖြစ်သည်။

စာဆို့မှာ ဒီကလေးသုံးယောက်ရဲ့ဝဋ်ကို ရေလည်ခံနေရတာဖြစ်၏။

စာဆို့ကိုဆို နှိပ်စက်ဖို့ plan ချထားသလား အောက်မေ့ရအောင် လက်ဆင်ပေး ကျွမ်းကျင်သော ကလေးသုံးယောက်ပင်။ ဆိုပါတော့။ စာဆိုက မိုးလင်းလေးကို lunch အတွက် ထမင်းခွံ့ကျွေးနေစဉ်မှာပင် ရောင်နီက စာဆိုရဲ့လက်မောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အတင်းဆွဲ၍ သူ့ Game ခွေပျောက်၍ လာရှာခိုင်းနေပါသည်။ အဲဒီလို ကျဉ်းထဲကျပ်ထဲ ရောက်နေလို့ စာဆိုက ဖျောင်းဖျောင်း ဖျဖျ လေသံဖြင့် ...

"သားရယ် ... ခဏလေးစောင့်။ မမ မိုးလင်းကို ထမင်းကျွေးပြီးတာနဲ့ သားအခွေ ရှာပေးမယ်နော်"

"ဟာ ... ရဘူးဗျာ။ ကလေးထိန်းအစ်မပဲ သားတို့ဖြစ်ချင်တာ လုပ်ချင်တာ မှန်သမျှ ဖြစ်ရမယ်ဆို။ သားက အခုပဲ လိုချင်တာ ရှာပေးဗျာ။ ခုရှာပေး"

"အေး ... အေး ... ရှာပေးမယ်။ ကဲ ... မိုးလင်းလေး ခဏလေးနော်"

အဲဒီလိုပြောလိုက်ပြီ ဆိုတာနဲ့ မိုးလင်းလေးအ တစ်စခန်း ထလာပြန်သည်။ စာဆိုရဲ့အင်္ကျီစကိုဆွဲကာ စူကောက် ကောက်မျက်နှာဖြင့် ...

"အင်း ... မရဘူး။ ကလေးထိန်းအစ်မ မီးမှမဝသေးတာ ထမင်းမကျွေးဘူးလို့ ဖေဖေနဲ့ တိုင်ပြောမယ်"



အဲဒီလိုဆိုးတဲ့ ကလေးတွေကို ထိန်းရကျောင်းရတာ အရမ်းကိုခက်ပါသည်။ မိုးလင်းဆိုတဲ့ ကလေးမဟာ လူက ာ လက်တောက်လောက်။ ဆိုးလိုက်တာ ဆော့လိုက်တာကတော့ ကယ့်လက်လက်စုံပင်။

သူလိုချင်တာ ရရင်ရ မရရင်တော့ ဖေဖေနဲ့ တိုင်မယ် တာချည်းပဲဖြစ်သည်။ မိုးလင်းနဲ့ ရောင်နီ့ကြား ဗျာများရှုပြီဆိုရင် ားဝင်လာသူကတော့ ကြီးချို့ပဲဖြစ်၏။

"ရောင်နီ ... သားသားက အဲဒီလို မဆိုးရဘူးလေ။ ညီမလေးက ထမင်းစားလို့မှ မပြီးသေးတာ။ သားက ခဏလေး သည်းခံပေါ့။ လာ ... ဘာအခွေလဲ။ ဘွားချို့ ရှာပေးမယ်"

"ဟာ ... ဘွားချို့ မသိပါဘူး။ ကလေးထိန်းအစ်မပဲ ရှာ တတ်တာ"

ရောင်နီရဲ့မျက်နှာက ပြိုတော့မယ့်မိုးနှယ် အုံ့မှိုင်းသ င် စာဆိုကပဲ ချော့ရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ကြီးချို။ သမီးပဲ ရှာပေးလိုက်ပါ့မယ်။ ရောင်နီ... သား ခဏလေးစောင့်နော်။ သား ညီမလေး ထမင်းစား ပြီးသွားတာနဲ့ သား အခွေရှာပေးမယ်။ ပြီးရင် သားနဲ့ game အတူတူ ဆော့မယ်၊ အိုခေလား"

ဒီတော့မှ ရောင်နီရဲ့မျက်နှာလေးက ဝင်းပသွား... ချက်ချင်းပင် စာဆိုနှင့် အိုခေသွားတော့သည်။

"အိုခေ ... တကယ်နော်၊ အဲဒါဆို ထမင်းမြန်မြန်ကျွေး"

"အင်း ... သမီးလည်း ဒီသုံးယောက်နဲ့ ပင်ပန်းနေပြီ... တယ်"

ကြီးချိုက စာဆိုကို စာနာပေးစွာ ပြောလေလျှင် စာဆိုသည် အပြုံးမပျက်ပင် ပြန်ဖြေလိုက်ပါသည်။

"ရပါတယ် ကြီးချိုရဲ့။ စာဆို ကလေးတွေကို ချစ်ပါတယ်... သူတို့လေးတွေက တမင်သက်သက် ဂျစ်ကျနေတဲ့သဘော... ပါ။ တဖြည်းဖြည်းနဲ့တော့ အဆင်ပြေအောင် ညှိယူရ... ပေါ့ ကြီးချိုရယ်"



"ကျေးဇူးတင်ပါတယ် သမီးရယ်။ ကလေးတွေအပေါ် အခုလို စေတနာထားပေးတာ ကြီးချို တကယ်ပဲ ကျေးဇူး တင်ပါတယ်"

"ကလေးထိန်းအစ်မက မီးတို့ကို တကယ်ချစ်တာပေါ့"

ကြီးချိုနှင့် စကားပြောနေတုန်းမှာပဲ မီးလင်းလေးက ...စာဆိုမျက်နှာကို စိုက်ကြည့်၍ ထူးဆန်းစွာမေးလာလျှင် စာဆိုသည် ...မီးလင်းလေးကို ပြုံးပြကာ သူမရှေ့သို့ လက်တစ်ဖက် ကမ်းပေး ...လိုက်ပြီး ...

"ချစ်တာပေါ့ကွ၊ မီးလင်းလေးတို့နဲ့ မမက သူငယ်ချင်း ဖြစ်ချင်တာ။ ချစ်လို့ သူငယ်ချင်းဖြစ်ချင်တာလေ၊ ဟုတ် ဖူးလား။ ဘယ်လိုလဲ ... မမကို သူငယ်ချင်းအဖြစ် လက်ခံ မှာလား"

စာဆို့စကားကြောင့် မီးလင်းလေးက တစ်ချက် ...ငိုးစားဟန်ဖြင့် စာဆိုကို မှုန်တေတေကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရင် သူငယ်ချင်းဆိုတော့ ဟိုတစ်ခါ ကလေးထိ
အစ်မနဲ့တွေ့တဲ့ အစ်ကိုကြီးကကော သူငယ်ချင်းပဲလာ
ကလေးထိန်းအစ်မက သူ့ကိုကော ချစ်တာပေါ့ ဟုတ်လား"

ဟိုက်ရှားဘား ... ကလေးမက လည်သလားမေ
မမေးနဲ့။ ဟိုတစ်ခါ အင်းလျားမှာတွေ့ခဲ့ဖူးတဲ့ ဘုန်းရှိန်ကိုပါ
သလားဆိုပြီး လာမေးနေလေတဲ့ မိုးလင်းလေးရဲ့ ပါးဖောင်းဖော
လေးကို ဖိဆွဲလိုက်ရင်းက ...

"သူ့ကိုကျတော့ မချစ်ဘူး၊ ခင်တာ။ သူနဲ့ မမက သူင
ချင်းမဟုတ်ဘူး မိုးလင်းလေးရဲ့။ သူ့ကို ဘာလို့ချစ်ရ
လဲ။ မမက မိုးလင်းတို့နဲ့ပဲ သူငယ်ချင်း ဖြစ်ချင်တာ"

"ဗြီးရော ... အဲဒါဆိုလည်း ကလေးထိန်းအစ်မနဲ့ မိုး
သူငယ်ချင်း ဖြစ်သွားပြီ"

အဲဒီအပြောနှင့်အတူ စာဆိုကမ်းတဲ့လက်ကို ဆွဲ
ကာ လက်ဆွဲနှုတ်ဆက်လေလျှင် စာဆို အရမ်းပျော်သွားရသည
ချစ်တူးလေး သုံးယောက်ထဲက တစ်ယောက်နဲ့တော့ peace ဖြ



သွားပြီဖြစ်သည်။ ကျန်တဲ့နှစ်ယောက်နှင့် ကီးကိုက်အောင် ဘာ
လုပ်ရမလဲဟု စဉ်းစားအကြံထုတ်ရသေးသည်။

အစမ်းခန့်တစ်လမပြည့်ခင်မှာ ကလေးသုံးယောက်
လုံးနှင့် သဟဇာတဖြစ်နေမှ စာဆိုရဲ့ကလေးထိန်းရာထူးလေးက
အတည်မှာဖြစ်သည်။

♣ ♥ ♣

www.burmeseclassic.com



## ၅

ကလေးသုံးယောက်နှင့် စာဆို့မှာ ဒီလိုပဲ တ[illegible]
တစ်နေ့ လုံလည်ချာလည် လိုက်နေရပေမယ့် ဒီကလေးသုံးယော[illegible]
ရဲ့မိခင်အကြောင်းကို တစွန်းတစတောင် မသိရတဲ့အတွက် [illegible]
ထဲတော့ တစ်မျိုးဖြစ်မိလေသည်။ ကိုမိုးထိပ်ခေါင်နှင့် စာဆို[illegible]
လည်း အဝင်အထွက် သဘောလောက်ပဲ ဆုံတွေ့နေတာမျိုး[illegible]
တော့ ကိုမိုးထိပ်ခေါင် အကြောင်းလည်း စာဆိုဟာ ဘာမှတ[illegible]
ပပ မသိပါ။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကလေးသုံးယော[illegible]
အဖေ ဖြစ်နေတဲ့အတွက် စိတ်ထဲမှာ ရိုးသားစွာ ကိုမိုးထိပ်ခေါ[illegible]
နှမြောတာတော့ အမှန်ပဲဖြစ်သည်။



စာဆို သိသလောက်တော့ ကိုမိုးထိပ်ခေါင်ဟာ လူရည်လူမွန်တစ်ယောက်ဖြစ်သည်။ ယောကျ်ားပီသသည့် ရုပ်ရည်ရူပကာ၊ မြင့်မားသောအရပ်အမောင်းနှင့် တည်ကြည်သော ဝတ်ပုံစားပုံတာ မပြောရင် ကလေးအဖေဆိုတာ ဘယ်သူမှ ယုံမှာမဟုတ်။ စာဆို့စိတ်ထဲမှာတော့ ကလေးတွေရဲ့အမေနဲ့ ကိုမိုးထိပ်ခေါင်ဟာ ခွဲတ်စဲသွားလို့ဖြစ်မည်ဟု ထင်ထားခဲ့သည်။ ကိုယ့်အတွေးနှင့်ကိုယ် နားလည်သဘောပေါက်လျက် ဘာကိုမှလဲ သိပ်စပ်စပ်စုစုမနိုင်ခဲ့သော စာဆိုသည် ကလေးတွေအပေါ်တော့ စာနာစိတ်ထားပြီး ရစ်ကိုက်ခဲ့ပါသည်။ မိခင်မေတ္တာငတ်နေ၍ အကွပ်မဲ့သလို ဗရမ်းဗတာဖြစ်နေသည့် သူတို့လေးတွေကို စာဆိုက တတ်နိုင်သမျှ ကြင်နာသည်းခံခဲ့တာဖြစ်သည်။ အဲဒီအတွက် အကျိုးတရားကတော့ ကလေးတွေနှင့် လုံးဝကြီးအဆင်မပြေသေးပေမယ့် ကိုမိုးထိပ်ခေါင်ဆီကတော့ ချီးကျူးစကားနှင့် ကျေးဇူးတင်စကား ကြားရလေသည်။

"မင်းကို ကျေးဇူးအများကြီးတင်ပါတယ် ခင်စာဆို။ ကိုယ့် ကလေးတွေအပေါ်ကို စိတ်ရှည်ရှည်နဲ့ ဂရုတစိုက် စောင့်

www.burmeseclassic.com



ရှောက်ပေးတဲ့အတွက် ကိုယ် မင်းကို အရမ်းကျေးဇူးတင် ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး ကိုမိုးထိပ်ခေါင်။ ကျွန်မ တာဝန်ကိုက သူတို့လေးတွေကို ထိန်းကျောင်းပေးဖို့ပါ။ သူတို့တွေက အမေနဲ့ တစ်နေကုန်ဝေးနေတဲ့ အခါမျိုး တော့ အိမ်မှာပျင်းနေကြရော။ ဒီလို ကျောင်းပိတ်ရက်တွေ ဆိုတော့ ပိုဆိုးတာပေါ့။ အဲဒီတော့ ပျင်းပျင်းနဲ့ သောင်း ကျန်းတော့ နည်းနည်းလေး တက်သုတ်ရိုက်ရတဲ့သဘော ပါပဲ။ သူတို့ကို ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့တော့ ကျွန်မ ဆုံးမပါတယ်"

"အေးဗျာ ... ကျွန်တော်ကလည်း အလုပ်တွေ အရမ်းရှုပ် နေတော့ ကလေးတွေကို ဂရုစိုက်ထားမိသလို ဖြစ်သွားတယ်။ ကြီးချီကလည်း အသက်ကြီးပြီဆိုတော့ ကလေးတွေ သွား တာလာတာကို တကောက်ကောက် ဘယ်လိုမှ မလိုက်နိုင် ဘူးလေ။ သူတို့သုံးယောက်ကို ခင်စာဆို ထိန်းရတာအရမ်း





ဝင်ပန်းမယ်ဆိုတာ ကိုယ်ချင်းစာပေးလို့ ရပါတယ်။ ဒါပေမဲ့ ဗျာ ကျွန်တော့်ကို ကူညီပေးတဲ့အနေနဲ့ ဒီအလုပ်ကို ဆက် လုပ်ပေးပါလို့ ကျွန်တော်က request လုပ်ပါတယ်"

အဲဒီစကားကြောင့် စာဆိုသည် လှစ်ခနဲပြုံးမိသွား ကာ အံ့သြဝမ်းသာရလေသည်။ ဒါ ... ဒါဆို သဘောက။ စာဆို ဒီမှာ အမြဲဝန်ထမ်းဖြစ်သွားပြီပေါ့။ အစမ်းခန့်ကာလ စာမေးပွဲကြီး ကို တစ်လမပြည့်ခင်မှာပဲ စာဆိုက အောင်မြင်ခဲ့ပြီပေါ့။

"ဟုတ်ကဲ့ ... စိတ်ချပါ ကိုမိုးထိပ်ခေါင်။ ကျွန်မ ကလေး တွေကို ဂရုစိုက်စောင့်ရှောက်ပါ့မယ်။ ပြီးတော့ ကျွန်မကို အခုလို အလုပ်ဆက်လုပ်ခွင့်ပေးတဲ့အတွက်လည်း ကျေးဇူး တင်ပါတယ်"

"ရပါတယ် ... တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ပေါ့။ မင်း ရဲ့လစာကို မင်းအတွက် အဆင်ပြေတယ်နော်။ ဖြစ်လား"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ်။ ကျွန်မရဲ့လစာကို ထိုက်တိုက် တန်တန်ချီးမြှင့်တဲ့ ကိုမိုးထိပ်ခေါင်ကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စာဆိုရဲ့စကားကြောင့် သူက တစ်မျိုးသောအပြုံး တစ်ခုကိုပြုံးကာ ...

"မင်း ဒီမနက်ပိုင်းတင် ကျေးဇူးတင်တာတွေ သိပ်များနေပြီ ခင်စာဆို။ ကိုယ့်ကလေးတွေကို ဂရုတစိုက်နဲ့စောင့်ရှောက်ပေးတာနဲ့တင် မင်းကို ကိုယ်က ကျေးဇူးတင်နေတာပါ။ မင်းကျေးဇူးတင်ဖို့ မလိုပါဘူး ...

ကဲ ... မင်း လုပ်စရာရှိတာ သွားလုပ်ပါ"

ကိုမိုးထိပ်ခေါင်ဟာ စကားပြောလည်း ညက်သလို စိတ်သဘောကလည်း ကောင်းပေသည်။ ပြီးတော့ ကလေးတွေကို သိပ်ချစ်တယ်ဆိုတာ သူ့စကားတွေထဲမှာ ဖော်ပြနေပါသည်။ ဒီလောက် ကြင်နာပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ဟာ ကလေးတွေကို သိပ်ချစ်ပါလျက် ကလေးအမေနှင့် ဘာလို့အတူတူရှိမနေတာလဲဟု ရှုရှုဖွေဖွေ တွေးမိသွားသည်။ ကလေးတွေကလည်း သူတို့အမေနဲ့ပတ်သက်ပြီး တစ္စွန်းတစမှ မဟာကြပေ။ ထူးတော့ ထူးဆန်းလှပါသည်။





စာဆိုသည် စိတ်ထဲက ဝမ်းသာမှုအတွက် ကိုယ့်ဘာသာ ကိုယ် ကျိတ်တွေးကာ ထိုင်ရာမှထ၍ ကလေးတွေဆီသို့ ထွက်လာခဲ့တော့သည်။ တာရာက စာဆို့ကိုမြင်တာနှင့် ထိုင်ရာမှထလာကာ ...

"ကလေးထိန်းအစ်မ ... စကားပြောနေတာကလည်း ကြာလိုက်တာ။ တာရာက အောက်ထပ်က Internet ဆိုင်သွားမလို့ စောင့်နေတာ"

"အင်း ... သွားလေ။ တာရာ့ဖေဖေဆီက ခွင့်တောင်းပြီးပြီလား"

"ဟာ ... ကလေးထိန်းအစ်မ ... ရှူး"

စာဆို့ကို တိတ်တိတ်နေဆိုသော သဘောဖြင့် ရှူးလုပ်ပြလျှင် စာဆိုက ဘာသဘောလဲဆိုပြီး တာရာ့ကို မေးဆတ်ပြလိုက်သည်။ တာရာက အိမ်ရဲ့အရိပ်အကဲကို အကဲခတ်ဟန်ဖြင့် ဟိုဟိုဒီဒီ ငေးကြည့်ပြီးမှ ခပ်တိုးတိုးလေသံဖြင့် စာဆို့ကိုပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးထိန်းအစ်မ တိုးတိုးနေစမ်းပါ။ ကလေးထိန်းအစ်မ တာရာ့ကို ချစ်တယ်ဆို"

"အင်း"

"ချစ်ရင် တာရာ internet ဆိုင်သွားမယ့်ကိစ္စကို ဖေဖေ့ကိုမပြောနဲ့နော်။ အခု တာရာက ဖေဖေ့ကိုသွားပြောမယ်။ ကလေးထိန်းအစ်မနဲ့ ဟိုဘက်လမ်းထိပ်က မုန့်ဟင်းခါး သွားဝယ်မယ်လို့ ပြောလိုက်မယ်လေ ...

ဘယ်လိုလဲ၊ ကူညီမှာမှလား ကလေးထိန်းအစ်မ"

စာဆိုသည် တာရာ့စကားကို သိပ်မကြိုက်ပေ။ ဘာလဲ ... internet သွားမယ်ဆိုလည်း သွားမယ်ပေါ့။ ဘာကိစ္စကြောင့် သူ့အဖေကို လိမ်ရမှာလဲ။ ကိုမိုးထိပ်ခေါင်က ဘာမဆို အလိုက်သိတတ်တဲ့ အဖေမျိုးပါ။ အဲဒါကို လိမ်မယ်ဆိုတော့ ...။ ဒီကောင်မလေးရဲ့ပုံစံဟာ သိပ်တော့မဟုတ်သေးပါဘူး။

"ကလေးထိန်းအစ်မ ... ဘာတွေးနေတာလဲ။ ကူညီမှာမှလား၊ အာ ... ကူညီပါကွာနော်။ သမီး ဖေဖေ့ကိုသွားပြောလိုက်မယ်"



စာဆို့ပြန်အပြောကိုတောင် မစောင့်ပါဘဲ သူ့အဖေ အလုပ်ခန်းထဲသို့ ဝင်သွားကာ သွားခွင့်တောင်းလေတော့သည်။ ခဏနေတော့ ပြုံးရွှင်စွာပြန်ထွက်လာပြီး ...

"ဖေဖေက သွားတဲ့။ လာ ... သွားစို့ ကလေးထိန်းအစ်မ"

တာရာက သူ့ ဆလွယ်သိုင်းအိတ်သေးလေးကို ကောက်လွယ်ကာ သွားဖို့ပြင်လေလျှင် စာဆိုသည် သူ့ကိုတစ်ချက် စိုက်ကြည့်၍ ...

"တာရာ ... ဘာလို့ အင်တာနက်ဆိုင်သွားမယ်လို့ အမှန်မပြောခဲ့တာလဲ။ အဲဒီအဖြေမှန်ကို သိရမှ မမလိုက်ပို့ပေးနိုင်မယ်"

"ဟာ ... ကလေးထိန်း အစ်မကလည်းကွာ၊ စကားများလိုက်တာ။ လိုက်လာရင် အဖြေမှန်သိရမှာပေါ့ ... လာ"

စာဆိုက တာရာ ခေါ်ရာ ပါလာခဲ့ပြီး အောက်ထပ်သို့ lift ဖြင့် ဆင်းလာကာ အင်တာနက်ဆိုင်ထဲ ဝင်လာခဲ့ကြသည်။ ဒီကွန်ဒိုဝင်းကြီးထဲက အင်တာနက်ကဖေး ဖြစ်တာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လူကတော့ရှင်းပြီး တိတ်တိတ်ဆိတ်ဆိတ် ရှိပါသည်။ တာရာက ဆိုင်ထဲဝင်လာကာ counter ကို "စက်နှစ်လုံး"လို့ ပြောလျှင် စာဆိုက ချက်ချင်းပင် တားရသည်။

"နေပါ ... စက်တစ်လုံးပဲ ယူမှာ။ တာရာ ... တို့ မသုံးဘူး"

"အာ ... သုံးပါ ကလေးထိန်း အစ်မရဲ့။ ကမ္ဘာတစ်ခုလုံးကို ကြည့်လိုက်စမ်းပါ"

ဒီကလေးပုံစံဟာ တစ်ခုခုတော့ ထူးနေပြီ။ စာဆို စိတ်ထဲမှာ ထင်နေသော်လည်း မဖြစ်နိုင်ပါဘူးလေဆိုတဲ့ စိတ်တစ်ခုကလည်း ကြီးစိုးထားတာကြောင့် ဒွိဟဖြစ်နေတာဖြစ်သည်။ အခုတော့ စာဆို မှန်းတာ မှန်ပြီလားမသိဘူး။ ဒါကြောင့် စာဆိုက သူမကို သတိပေးသလို ပြောမိသွားသည်။

"ကမ္ဘာကြီးတစ်ခုလုံးကို ကြည့်စရာမလိုပါဘူး။ မမအလုပ်က တာရာ့ကို စောင့်ကြည့်ဖို့။ တာရာ့ဘာသာပဲ အင်တာနက်သုံးပါ"



တာရာက ဘာမှဆက်မပြောနိုင်တော့ဘဲ သူ့နံပါတ်ဆီသို့ သွားကာ အင်တာနက်သုံးနေတော့သည်။ စာဆိုကတော့ သူ့ဘေးသို့ခုံဆွဲကာ ဝင်ထိုင်လိုက်ပြီး တာရာ့ကို မသိမသာအကဲခတ်နေမိသည်။ chatting ထိုင်နေတာဟာ ဘာမှဆန်းတဲ့ကိစ္စတော့ မဟုတ်ပါ။ ဒါပေမဲ့ တာရာ့ပုံစံကတော့ အွန်လိုင်းချစ်သူနဲ့ chat နေပုံ ရပါသည်။ myanglish (မြန်းဂလိရှ်)တွေသုံးကာ တပျော်ပျော်နှင့် သွက်လက်စွာရိုက်နေသော တာရာကတော့ ဘေးမှာ စာဆိုရှိနေတာ မေ့သွားလောက်အောင် သူ့အာရုံနှင့်သူ ဖြစ်နေတာဖြစ်သည်။

စာဆိုဟာ ဒီမနူးမနပ် မြီးကောင်ပေါက်မလေးအတွက် အရမ်းစိတ်ပူကာ မသိမသာဖြင့် သူတို့ chat နေတာကို စောင့်ကြည့်လိုက်လျှင်တော့ ကောင်လေးက အပြင်မှာတွေ့ဖို့တောင်းဆိုနေတာဖြစ်သည်။ အဲဒါကို တာရာက ငြင်းနေတဲ့အနေအထားမျိုးဖြစ်၏။ သူတို့အခြေအနေဟာ အီစီကလီအဆင့်ထက်နည်းနည်းမြင့်တယ်ပဲ ခန့်မှန်းလိုက်ပါစို့။ မဖြစ်ဘူး ... ဒါကိုတားမှဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းလွှတ်ထားလျှင် ဖယားက ဆက်များလာတော့မှာဖြစ်သည်။ ဒီလို ကလေးမကျ လူကြီးမကျ စကောစက size ဖြစ်တဲ့ ကိုးတန်း ဆယ်တန်းအရွယ်မှာ စိတ်ကစားတာကို အဟုတ်ကြီးမှတ်သွားရင် မှားပြီဖြစ်သည်။ အဲဒီအတွက် စာဆိုဟာ ချက်ချင်းပင် ဆုံးဖြတ် ချက်ချကာ တာရာ့ရဲ့လက်ကို ဆတ်ခနဲရိုက်လိုက်လျှင် တာရာက ဒေါသတကြီးဖြင့် ...

"ဘာလုပ်တာလဲ ... ကလေးထိန်းအစ်မ"

"တာရာ ... အခုကိစ္စကို သမီးအဖေကို တိုင်ချင်တိုင်လိုက်။ အေး ... အစ်မကတော့ တာရာ့အတွက် မသင့်တာကို တားရမှာပဲ။ အဲဒါ အစ်မတာဝန်ပဲ။ တာရာ chatting ထဲမှာ တွေ့တဲ့သူက ဘာမှယုံကြည်စရာမရှိဘူး ဆိုတာကို တာရာ နားမလည်ဘူးလား"

"တောက် ... မခင်စာဆို ဒီကိစ္စကို အဖေ့ကိုသွားမပြောနဲ့နော်။ ဒါပေမဲ့ ရှင့်ကို လုံးဝမကျေနပ်ဘူးဆိုတာ မှတ်ထားပါ"



တာရာက ဒေါသကြီးစွာဖြင့် စာဆို့ကို ရိုင်းပျနေသော်လည်း စာဆိုဟာ စာတတ်ဖို့တော့ လိုပါမည်။ ဒီအရွယ်က မြင်းဖူး မှုံးမြစ်ထင်တဲ့အရွယ် ဖြစ်တာကြောင့် စာဆိုက အနုနည်းသုံးရမှာဖြစ်သည်။

"တာရာနဲ့သူက ကြိုက်နေတာ ကြာပြီလား။ အပြင်မှာကော လူချင်းဆုံပြီးပြီလား။ အစ်မကို ပြောပြမလား။ ယုံမယ်ဆိုရင်ပေါ့"

ချက်ချင်းကြီး ကာလာပြောင်းသွားတဲ့ စာဆိုကို တာရာက တစ်ချက်အကဲခတ်သလိုကြည့်ကာ ...

"တကယ်ယုံလို့ရလို့လား။ ကလေးထိန်း အစ်မက အဖေ့ကိုတိုင်တော့ ဘယ်လိုလုပ်မလဲ"

"မတိုင်ပါဘူး ... promise "

"အိုခေလေ ... အဲဒါဆိုရင်တော့ ညီလို့ရပါပြီ။ ခဏလေးစောင့် သူ့ကိုနှုတ်ဆက်ပြီး sign out လုပ်လိုက်မယ်။ ပြီးတော့ မုန့်ဟင်းခါး သွားဝယ်ရင်းနဲ့ ပြောမယ်လေ။ ပြန်မပြောမှာတော့ တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



စာဆိုက ခေါင်းတစ်ချက်ဆတ်ပြလိုက်ရင် တာရာ
ယုံကြည်သွားဟန်ဖြင့် သူ့ကိစ္စသူဖြတ်ပြီး နောက်မှာတော့ ဟိုအ
လမ်းမှာ မုန့်ဟင်းခါးသွားဝယ်ရင်းက သူ့အကြောင်းကို ပြော
ဖြစ်ပါသည်။

"သူနဲ့ သမီးက အစကတော့ အွန်လိုင်းဖရန့်တွေ
သူက သမီးထက် အသက်ကြီးတယ် ...

သူနဲ့ ရည်းစားဖြစ်တာကတော့ တစ်ပတ်လော
ပဲ ရှိသေးတယ်။ အပြင်မှာတော့ တစ်ခါမှ မဆုံရသေးဘူ
Vzo တော့ ပြောပြီးပြီ"

"သမီး သူ့ကို တကယ်ချစ်တာလား"

"အင်း"

စာဆိုက ကောင်လေးအကြောင်းကို ဝမ်းသာအား
ရင်ဖွင့်နေတဲ့ တာရာ့ရဲ့ပုံစံလေးကို အကဲခတ်ရကတည်းက
ကောင်မလေး အဲဒီတစ်ယောက်ကို လုံးဝကြွေနေပြီဆိုတာ သဘော
ပေါက်ရပါသည်။ First Love လို့ သတ်မှတ်ထားတဲ့ တာရာ



အခု တစ်ထိုင်တည်း သွားတားပြီး ဒီကိစ္စကို သူ့အဖေ သွားပြော
လိုက်လျှင် အားလုံးရှုပ်ကုန်မှာဖြစ်သည်။ ဒီအချိန်မှာ တာရာ
နားဝင်အောင်ပြောဖို့ တော်တော်ခက်မှာဖြစ်သည်။

"ဒါနဲ့ သူက တာရာ့ထက် အသက်ဘယ်လောက်ကြီးလို့လဲ။
ကျောင်းတက်တုန်းလား"

"အင်း ... distance တက်နေတယ်။ သမီးထက် နှစ်နှစ်
ကျော် သုံးနှစ်လောက်တော့ ကြီးမယ်"

oh my god ။ ဒါဆို စာဆိုနဲ့ ရွယ်တူနီးပါးပေါ့။
စာဆိုသည် ဆယ်တန်းရောက်မှ လမ်းလွဲသွားမှာ စိုးတာကြောင့်
သူမကို အချိုသပ်ပြီး နားဝင်အောင် ဆုံးမမှပဲ ရတော့မယ်ဆိုတာ
သဘောပေါက်လာပါသည်။ စာဆိုသည် တာရာနှင့်အတူ လမ်း
လျှောက်လာရင်းကမှ တာရာ့ပခုံးလေးကို ခပ်ဖွဖွဖက်ကာ အသံ
မှတ်ပေးပြီး ...

"အင်းလေ ... တာရာ့ကို မမ အပြစ်တော့ မပြောချင်ပါ
ဘူး။ သူနဲ့ဆုံမယ်လို့ကော စဉ်းစားထားလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူကတော့ အပြင်မှာတွေ့ဖို့ ပြောနေပါပြီ ဒါပေမဲ့ သမီးက မတွေ့ရဲသေးလို့ မတွေ့သေးတာ။ သူ သမီး သဘောပါ"

"အင်းလေ ... ဒါနဲ့ သူ့နာမည်က"

"ဘုန်းရှိန်ရောင်မင်းတဲ့။ နာမည်ကအစ လန်းနေတာ ဘယ်လိုလဲ အစ်မ မိုက်လား"

ကြားလိုက်ရတဲ့ နာမည်ဟာ စာဆို့ကို မိုးကြိုးပစ် လိုက်သည့်အလား သွေးပျက်ကာ သေသွားစေပါသည်။ ဘုရား ဘုရား ... စာဆို နားကြားများ မှားလေရော့လားကွယ်။ တာရာ့ အွန်းလိုင်းလပ်(ဖ်)ဗာ (online lover)ဖြစ်နေတဲ့ ကောင်လေး ဘုန်းရှိန်ရောင်မင်းတဲ့လား။ ဘုန်းရှိန် ... ဘုန်းရှိန်ဟာ အဲဒီလို ကြုံစီလုပ်တတ်တဲ့လူမျိုးလား။ ဟင့်အင်း ... မဖြစ်နိုင်ဘူး။ စာဆို ရင်ထဲက သူဟာ အင်မတန်မှ အချစ်ကြီးပြီး စာဆို့ကို ကြင်နာ မြတ်နိုးတဲ့သူပါ။

"အစ်မ ... ဘာဖြစ်သွားတာလဲ"



"ဩော် ... အင်း၊ ဘာမှမဟုတ်ပါဘူး။ ဒါထက် သူ့ account က"

စာဆို့ကို မသင်္ကာသလို တစ်ချက်ကြည့်ကာ ...

"ကလေးထိန်းအစ်မက ဘာလုပ်ဖို့ မေးတာလဲ"

"ဩော် ... ဒီလိုပဲ မေးတာပါ။ မမကို စိတ်ချပါ တာရာ ရယ်။ ဒါပေမဲ့ တာရာ ဘာပဲလုပ်လုပ် အစ်မနဲ့တိုင်ပင်ပါ။ တာရာ အစ်မကို သူငယ်ချင်းတစ်ယောက်လို သဘောထား နိုင်ပါတယ်"

ဒီတော့မှပဲ တာရာ မျက်နှာလေးက ပြန်လည်ဝင်းပ သာကာ စာဆို့ကိုပြုံးပြကာ ခေါင်းညိတ်ပြ၍ ...

"thank you ကလေးထိန်းအစ်မ။ ကလေးထိန်းအစ်မက သမီးအတွက် တကယ့် အဖော်ကောင်းပါ။ သမီး သူ့အကြောင်းတွေ ကလေးထိန်းအစ်မကို ပြောပြတိုင်ပင်အုံး ပါ။ သူ့ account က forever kss @ gmail.com ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟား ... သေချာတာမှ လုံးဝသေချာသွားပြီဖြစ်သည်။ စာဆို စောင့်ရှောက်နေရတဲ့ ကလေးမလေး တာရာဟာ ရည်းစားရနေပြီတဲ့။ ပြီးတော့ သူ့ရည်းစားက ...။ နာမည်က ဘုန်းရှိန်ရောင်မင်း။ distance တက်နေတယ်။ ပြီးတော့ account က forever kss @ gmail.com တဲ့။ အရာရာဟာ တိတိကျကျကို မှန်နေတဲ့ သက်သေတွေပဲဖြစ်သည်။

ဒီလို ဆယ်ကျော်သက် (teenager)အရွယ်မှာ စိတ်ကစားတာဟာ အပြစ်တစ်ခုတော့ မဟုတ်ပေ။ အပြစ်လုပ်တာက တော့ စာဆို့ကိုချစ်လွန်းလို့ account ကိုတောင် foreverkss ဆိုပြီး လုပ်ထားပါတယ်ဆိုတဲ့ အမြဲတမ်း ခင်စာဆိုပါဆိုပြီး လာလာ ပုံပြောနေတဲ့ ဘုန်းရှိန်ရောင်မင်းပဲဖြစ်သည်။

တာရာ့အတွက်၊ စာဆို့အတွက်၊ ပြီးတော့ ဒီကိစ္စ တွေသိသွားရင် စိတ်ပူပြီး ဒေါသတွေ ထွက်မှာဖြစ်သည့် ကိုနိုင် ထိပ်ခေါင်အတွက် စာဆို ရှင်းရမည်။ အပြတ်ကိုရှင်းရမှာဖြစ်သည်။



စာဆို့ကို ပုံပြင်တွေ လာလာပြောတဲ့ကောင်ကို စာဆိုက ပုံပြင်တွေထဲမှာ ထားခဲ့လိုက်ရတော့မှာဖြစ်သည်။

✤ ❣ ✤

www.burmeseclassic.com



## ၆

"ဟော့ ... ခင်စာဆို ကားပေါ်တက်"

သူ့အသံကြောင့် ခင်စာဆိုက သူ့ကိုငုံ့ကြည့်အ အံ့ဩသွားဟန်ဖြင့် သူ့ကို အကြောင်သား ကြည့်နေလျှင် သူ ကျစ်ခနဲ စုပ်သပ်လိုက်မိသည်။

"ဟော့ ... ခင်စာဆို၊ ကားပေါ်တက်ပါဆို"

"ဟို ... ကျွန်မ အိမ်ပြန်တော့မှာ ကိုမိုးထိပ်ခေါင်"

"ဟုတ်ပါတယ် ... မင်းကို ကိုယ့်ကလေးတွေနဲ့ ပတ်သက် ပြီး ပြောစရာလေးတွေရှိလို့။ အဲဒါကြောင့် တစ်ခုခုစားရင်း သောက်ရင်း စကားပြောမလားလို့။ ကိုယ် အိမ်ပြန်လိုက် ပို့ပေးပါ့မယ်"



မိုးထိပ်က ခပ်ပြတ်ပြတ် ပြောလိုက်မှ သူမက ယောင်နနဖြင့် "ဟုတ်ကဲ့"ဟုဆိုကာ နောက်ခန်းက ဝင်ထိုင်လေ သည်။ မိုးထိပ်သည် အနီးဆုံး My Garden ပဲ မောင်းချလာခဲ့ တော့သည်။ ကားပေါ်မှာ ဘာစကားတစ်ခွန်းမှ မပြောဘဲ ဆိုင် ရောက်မှပဲ အေးဆေးပြောဖြစ်တော့သည်။

"ကဲ ... ဘာစားမလဲ။ ကြိုက်တာမှာ ခင်စာဆို"

"ဟုတ် ... ရပါတယ်။ တစ်ခုခု အဆင်ပြေတာ မှာပါ၊ ရပါတယ်"

"မင်းလည်း အခုမှ အလုပ်ဆင်းတာဆိုတော့ ဆာနေပြီပေါ့။ လွယ်လွယ်ကူကူ ထမင်းကြော်ပဲ မှာလိုက်မယ်နော်"

"ဟုတ်ကဲ့ ... ရပါတယ်"

သူကပဲဦးဆောင်ကာ စားသောက်ဖွယ်ရာတွေ မှာ လိုက်ပြီးတော့မှ သူ သိချင်တာကို ဒဲ့မေးလိုက်တော့သည်။

"သမီးကြီးတာရာ အခုတလောမှာ သိပ်မဟုတ်ဘူး၊ သူ ဘာဖြစ်နေလဲ မင်းသိလား ခင်စာဆို"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခင်စာဆိုက အလန့်တကြား အာ့မေ့ဒိတ်ပြူပြီး သူ့ကို ကြောင်ကြည့်နေလေသည်။ မိုးထိပ်သည် စိတ်မရှည်တော့တာကြောင့် ဟူးခနဲ လေပူမှုတ်ထုတ်လိုက်ကာ ...

"ခင်စာဆို ... မင်းနဲ့ ကိုယ့်ကလေးသုံးယောက်နဲ့က အချိန်ရှိတာနော်။ ဒါကြောင့်မို့ တာရာ့ အခြေအနေကို မေးနေတာ။ တာရာမှုပျက်နေတာ မင်း သိလား၊ အဲဒါမေးတာ"

မိုးထိပ်က ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်တော့မှ ခင်စာဆိုဟာ ပြောဖို့အတွက် အတန်မျှ စဉ်းစားပြီးမှ သူ့ကို မဝံ့မရဲ ခေါင်းခါပြကာ ...

"တာရာက ပုံမှန်ပါပဲ ကိုမိုးထိပ်ခေါင်။ ကိုမိုးထိပ်ခေါင်က ဘာကိုထင်နေလို့လဲ"

"သမီးက ဒီနှစ် ဆယ်တန်း ခင်စာဆို။ တစ်ခုခုတိမ်းစောင်းသွားလို့ မဖြစ်ဘူးဆိုတာ မင်းလည်း သဘောပေါက်မှာပါ။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ သမီးရဲ့စိတ်တွေစာထဲမှာ 100% မရောက်ဘူးဆိုတာ ကိုယ်သိတယ် ...



ဘာလို့လဲဆိုတဲ့ အကြောင်းရင်းကို မင်း သိနိုင်မယ် ထင်လို့ ငါမေးနေတာ။ ဘာလို့လို့ မင်း ထင်လဲ ခင်စာဆို"

အစားသောက်တွေ လာချသောအခါ သူမဆီက စကားစက တန့်သွားပြီးတော့မှ သူ့ကို ပြန်ဆက်ပါသည်။

"တာရာက လိမ္မာပြီး စာကြိုးစားတဲ့ ကလေးမျိုးပါ။ သူ့စိတ်တွေ စာထဲ 100% မထည့်နိုင်တာက သူ့မှာဆယ်တန်းရောက်ပြီဆိုတဲ့ stress က နည်းနည်းများနေတဲ့ သဘောမျိုးပါပဲ ကိုမိုးထိပ်ခေါင်။ တခြား ဘာကိစ္စမှ မရှိပါဘူး"

အင်း ... ဟုတ်တော့ ဟုတ်မှာပါလေ။ တာရာက လိမ္မာတဲ့သမီးလေးပါ။ သူ အစိုးရိမ်လွန်တာပဲ ဖြစ်ပါလိမ့်မည်။ ကလေးတွေဟာ သူ့ဘဝလို့ ခံယူပြီးကတည်းက သူဟာ သူ့ဘဝ ပွန်းပဲ့ပျက်စီးသွားမှာကို အလွန်ပူတာဖြစ်သည်။ ခင်စာဆိုကတော့ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးသမားမို့ သူက ကလေးတွေအတွက် အလွန်ယုံကြည်ထားတာဖြစ်သည်။ အသက်ငယ်ပေမယ့် လူကြီးဆန်ရင့်ကျက်ကာ အလုပ်ကိုအလုပ်လို့ မသတ်

www.burmeseclassic.com



မှတ်ဘဲ သူ့မိသားစုသဖွယ် စေတနာထားပြီး လုပ်ပေးနေတာက တော့ ချီးကျူးစရာပင်။ ကျောင်းတောင်မပြီးသေးဘဲ သူများဆီမှာ အလုပ်လုပ်နေရတဲ့ ခင်စာဆို့ကို သူက ကရုဏာသက်မိပါသည်။

“ဟုတ်ပါပြီ ... သမီးကို ဂရုစိုက်ပေးပါ ခင်စာဆို။ ကိုယ်က သူတို့အနားမှာ အချိန်ပြည့်မရှိတော့ စိတ်ပူရတယ်။ အထူးသဖြင့် တာရာပေါ့။ ဒီလိုအရွယ်မှာ စိတ်ကစားပြီး သူထင်တာ လုပ်သွားမှာကို သိပ်စိုးတယ် ခင်စာဆို။ ကိုယ့်စိတ်ထဲမှာ သမီးကြီး ရည်းစားရနေလားလို့ ထင်နေတယ်။ မင်းကို ကိုယ်ယုံကြည်ပါတယ် ခင်စာဆို။ ကိုယ့်ကလေးတွေကလည်း အခုဆို မင်းကို အရင်နဲ့မတူတော့ဘူး။ သူတို့ မင်းကို ခင်တွယ်နေကြပါပြီ”

“ကိုမိုးထိပ်ခေါင်က တာကယ့်ကို အဖေကောင်းတစ်ယောက်ပါ။ ကျွန်မ ကိုမိုးထိပ်ခေါင်ကို အရမ်းလေးစားပါတယ်။ တာရာလေးကို သိပ်စိတ်မပူပါနဲ့။ သူ့အနားမှာ ကျွန်မ အမြဲရှိနေတာပဲ။ သူ ဘာမှမဖြစ်လောက်ပါဘူး။ စိတ်ချပါ”



“မင်းကို ကျေးဇူးတင်ပါတယ် ခင်စာဆို။ ကဲ ... အေးကုန်တော့မယ်။ စားကြရအောင်”

မိုးထိပ်သည် စားရင်းသောက်ရင်း စကားပြောရတာကို သူမ စိတ်နှောင့်မှာစိုး၍ စကားစဖြတ်ကာ စားလိုက်တော့သည်။ သူက fish & chips ကို ဟန်ပါပါစားနေတုန်းမှာပဲ ခင်စာဆိုဆီက အသံတစ်ခုက ထွက်လာလေသည်။

“ကိုမိုးထိပ်ခေါင်ကို ကျွန်မ တစ်ခုလောက် မေးချင်ပါတယ်။ မေးရမလားဟင်”

မေးရမလားဟင်လို့ မေးလာတဲ့ သူမကို သူ့အနေဖြင့် ခေါင်းခါဖို့ မသင့်တာကြောင့် ခေါင်းတစ်ချက်ညိတ်ကာ ...

“မေးပါ ... ရပါတယ်”

“ဟို ... ဟိုလေ ... ဟို”

ခင်စာဆိုက စကားတစ်ခွန်းပြောဖို့အတွက် ဒီလောက်ထစ်အနေလျှင် သူမ မေးချင်တယ်ဆိုတာ ဘာအကြောင်းများပါလိမ့်။ မိုးထိပ်သည် စိတ်မရှည်တော့စွာဖြင့် သူမကိုပြောဖို့ လေဆောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ပြောစရာရှိတာ ပြောလေ။ မင်း ဘာပြော[…]
တာလဲ"

"ဟုတ်ကဲ့၊ ဟို ... ကိုမိုးထိပ်ခေါင် စိတ်မဆိုးပါနဲ့[…]
ကျွန်မက သိချင်လို့ မေးတာပါ။ ဟိုဟာ ... တာရာတို့[…]
အမေက ဘယ်မှာလဲဟင်"

အဲဒီမေးခွန်းကြောင့် သူ့နှလုံးသားတစ်ခုလုံး ပူ[…]
စပ်ရှလို့ သွားလေသည်။ ကလေးတွေအမေတဲ့။ ခင်စာဆိုမေး[…]
မေးခွန်းအတွက် သူဟာ အဖြေတစ်ခုကို အလွတ်ရနေခဲ့ပြီးသား
ဖြစ်သည်။

"ကလေးတွေအမေက မရှိခဲ့တာ အတော်ကြာပါပြီ။ သူ
မရှိတော့ပါဘူး"

"ဪ ... ဆောရီးနော်"

သူက ပခုံးအသာတွန့်ပြလိုက်ခြင်းဖြင့် စကား[…]
ဖြတ်လိုက်သည်။ သူ့ဘဝမှာ ကလေးအမေဆိုတဲ့ စကားလုံးသာ[…]
ရင်နှီးကျွမ်းဝင်ခဲ့ပြီး ကလေးအမေဆိုတာကတော့ တစ်လနေ့[…]



တစ်ခါတောင် မပြောဖြစ်ခဲ့ပါ။ မိခင်ဆိုတဲ့ အခန်းကဏ္ဍကို ထား
ပစ်ခဲ့ကာ သူ့ပဲ ကလေးတွေအတွက် မားမားမတ်မတ် ရင်ဆိုင်နေ
ခဲ့တာက ကြာခဲ့ပြီလေ။

"ကိုမိုးထိပ်ခေါင် ... ကျွန်မ မေးတာတွေက ကိုမိုးထိပ်
ခေါင်ကို စိတ်ပင်ပန်းစေသလို ဖြစ်သွားတဲ့အတွက် တောင်း
ပန်ပါတယ်။ ကျွန်မက သိချင်ရုံပါ။ တခြားဘာသဘောမျိုး
မှ မဟုတ်ပါဘူး"

"ရပါတယ် ခင်စာဆို။ ဒါ မေးသင့်တာကိုမေးတာပဲဟာကို။
ကိုယ် စိတ်မဆိုးပါဘူး။ ဘာမှလဲ မဖြစ်ပါဘူး။ ကိုယ်တို့
စားပြီးသွားရင် သွားကြမယ်လေ။ မင်းကို ကိုယ်အိမ်ပို့ပေး
မယ် ခင်စာဆို"

ခင်စာဆိုက ခေါင်းတစ်ချက်ဆတ်ပြကာ စားတာ
ကို လက်စသပ်လိုက်တော့သည်။ မိုးထိပ်သည် ကျသင့်ငွေရှင်းပြီး
နောက် သူမကို အိမ်ပြန်ပို့ပေးခဲ့ပါသည်။

"ကျေးဇူးပါပဲ ... ကိုမိုးထိပ်ခေါင်။ အိမ်ထဲဝင်ပါဦးလား"

www.burmeseclassic.com

"ရပါတယ် မဝင်တော့ပါဘူး။ နောက်ကြုံမှပဲ လာတာပေါ့

ခင်စာဆို ... တာရာလေးကို အကဲခတ်ပေးဦးနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ ကိုမိုးထိပ်ခေါင်"

ခင်စာဆို့ကို နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့တော့သည်။ သူ ဒီနေ့ ခင်စာဆိုနဲ့ တွေ့ဆုံစကားပြောတယ်ဆိုတာ တာရာ့ကိစ္စကြောင့်လည်းပါသည်။ ပြီးတော့ ခင်စာဆို့ အိမ်အခြေအနေကိုလည်း သိချင်လို့ လိုက်ပို့ခဲ့တာဖြစ်သည်။ တော့ မဆိုးပါ။ ပျဉ်ထောင်အိမ် အုတ်ဖိနပ်ခံထားတဲ့ ခပ်တောင့်တောင့်အိမ်လေးမှာ သပ်သပ်ရပ်ရပ် နေတတ်ထိုင်တတ်တဲ့ ခင်စာဆိုဟာ ရိုးသား၊ ကြိုးစားတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သူ အသိမှတ်ပြုပါသည်။

ခင်စာဆို ဆိုသော မိန်းကလေးဟာ ချိုးကျိုးချေ ကောင်းသော မိန်းကလေးအဖြစ် သူက သတ်မှတ်ထားပါသည်။



"ဟား ... ကလေးထိန်းအစ်မရဲ့ ဖယ်ရီက ကောင်းလှချည်လား။ Mark II နဲ့တောင် အကြိုအပို့ လုပ်ပေးတယ် ... ဟုတ်လား"

ဒီစကားသံဟာ ဘယ်သူဆိုတာကို စာဆိုက အတိအကျသိနေကာ ရင်ဆိုင်ဖို့ အသင့်ပြင်လိုက်လေသည်။ စာဆိုက တင်းတင်း မျက်နှာထားဖြင့် သူ့ကို စူးကြည့်ချိန်မှာ သူက စာဆိုဆီ တစ်လှမ်းချင်း လျှောက်လှမ်းလာကာ ရိသလိုလိုမျက်နှာဖြင့် ...

"ဒါ အလုပ်က ပြန်လာတာလား စာဆို။ နင့်အလုပ်က မိုက်လှချည်လား"

"နင် ဘာကိစ္စရှိလို့ ဒီလာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာကိစ္စရှိလို့လဲ ဟုတ်လား။ စာဆို ... နှင်း

လို့ အချိုးတွေပြောင်းသွားတာလဲ။ ကိုယ်က စာဆို့ဆီ

ရှိမှ လာရမယ့် လူမျိုးလား"

ဘုန်းရှိန်ရယ် ... နှင့်ကို အဲဒီလိုကောင်စားချီး

ငါ အသိနောက်ကျလိုက်တာပဲ။ စာဆို့ရှေ့မှာတော့ စာဆို

စာဆိုပြီးတာနဲ့ စာဆို့နောက်ကွယ်မှာ တသီတတန်းကြီး ရှေ

နေမယ့် ဒီလိုချေးထုပ်ကို စာဆို တကယ်ထင်ပြီး သွားခံစားခေ

တာကိုက အကြီးကြီးမှားခဲ့တာဖြစ်သည်။ စာဆိုသည် ဒီ

ဒီကောင်နဲ့ တွေ့တုန်းဆုံခိုက် တာရာ့ကိစ္စအတွက်ပါ ရှင်းထေ

မည်။ အပြတ်ကို ရှင်းရမှာဖြစ်သည်။

စာဆိုသည် စကားအေးဆေးပြောလို့ရအောင် သူ့

အိမ်ထဲပဲ ပင့်ဖိတ်လိုက်တော့သည်။ အန်တီလေးက ဈေးမသိမ်း

တာကြောင့် စာဆိုသည် ကိုယ့်သော့နှင့်ကိုယ် ဖွင့်ဝင်လာခဲ့

သူ့ကို အိမ်ရှေ့ဖိနပ်ချွတ်နားက ကွပ်ပျစ်ခင်းမှာ ထိုင်စေပြီးနော

သူ့ကို စကားစပြောလိုက်တော့သည်။



"ဘုန်းရှိန် ... နင် ငါ့ကို တမေးတည်းမေးနေတဲ့ အဖြေ

ကို ငါ ဒီနေ့ ပေးလိုက်မယ်။ နင် ငါ့ကိုမေ့လိုက်တော့။

ငါ နင့်ကို လုံးဝမချစ်ဘူး"

"ဘာ"

မမျှော်လင့်ထားသော အချိန်မှာ ကြားလိုက်ရတဲ့

ဆို့စကားကြောင့် သူက ချက်ချင်းကြီး ဘာကိုမှမတုံ့ပြန်နိုင်

သားဘဲ အက်စစ်နဲ့ အပက်ခံရသူလို ကျိန်းစပ်နာကျင်ကာ ခံရ

ာက်နေပုံရပါသည်။

"အဲဒါ ဘာသဘောလဲ။ ငါ မယုံနိုင်ဘူး စာဆို၊ ဘာလို့လဲ

ကျေးဇူးပြုပြီး နှလုံးသားကိုတော့ မညာပါနဲ့ဟာ။ ငါ့ကို

သနားပါဦး စာဆိုရာ"

စာဆိုသည် ဘုန်းရှိန်ရဲ့စကားလုံးလုလုတွေကို နား

ောင်ကာ အဟုတ်ကြီးထင်ပြီး ရင်ခုန်မိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်

ည်း တကယ်နောင်တရမိသည်။ စာဆို့ကို ပုံပြောပြီး တော်တော်ကြာ

ာ လာလာလွှတ်နေတာကိုပဲ စာဆိုက အဟုတ်ကြီးထင်ကာ

www.burmeseclassic.com



သူ့ကို စေတနာတွေ မေတ္တာတွေ ထားခဲ့မိသည်။ စာဆိုတို့ အဲဒီလို လုပ်ရက်တယ်ဆိုတဲ့ အတွေးက သူ့ကို ပိုမုန်းတီးစေတဲ့ အပြင် စိတ်လည်းနာရပါသည်။

"စာဆို … ကိုယ် တောင်းပန်ပါတယ်။ ကိုယ့်ကို တစ်ခု ပြန်ပြောပါဦးကွာ"

"အေး … ပြောရတာပေါ့။ နင် အခုပြောနေတဲ့ စကားတွေ က နင့် online lover တာရာလင်းကို ပြောပြီးသွားပြီလား။ တာရာလင်းကို အဲဒီစကားတွေနဲ့ အပြင်မှာတွေ့ဖို့ ချိန်းနေ တာလား ဘုန်းရှိန်ရောင်မင်း"

ဘုန်းရှိန်ရဲ့မျက်နှာဟာ ဟန်မဆောင်နိုင်လောက် အောင်ပင် ပျက်ထွက်သွားကာ စာဆိုကို တစ်ခုခုပြန်ပြောဖို့ စကားစီနေပုံရပါသည်။

စာဆိုက တစ်မြန်နေ့ကတည်းက စိတ်ကုန်သွား သည့် ဘုန်းရှိန်ကို ငေးကြည့်ကာ ခံစားချက်တို့ကို ဖွင့်ဟဖြစ်ခဲ့ သည်။





"နင့်ကို ငါ သစ္စာရှိတဲ့သူတစ်ယောက်အဖြစ် အမြဲအထင် ကြီးနေခဲ့မိတာ။ chatting ထိုင်တယ် ကြူတယ်ဆိုတာ ငါ ဘာမှမပြောလိုဘူး။ ဒါပေမဲ့ နင်ယုတ်မာတယ် ဘုန်းရှိန်။ ငါ နင့်ကိုတောင်းဆိုတယ်။ နင် တာရာ့ကို မေ့လိုက်ပါ။ သူနဲ့ ထပ်မဆက်သွယ်ပါနဲ့တော့။ သူ့ account ကို block လုပ်လိုက်။ ဟား … ဖြစ်နိုင်ရင် နင် account အသစ်ဖွင့် လိုက်တော့ဟာ။ တာရာနဲ့ လုံးဝမပတ်သက်နဲ့တော့၊ ငါ့ကို ကတိပေးပါ"

"ဟ … ဟား … နေစမ်းပါဦး စာဆို။ နင်နဲ့ တာရာက ဘယ်လိုသိနေတာလဲ"

"အေး … တာရာလင်းက ငါအလုပ်လုပ်တဲ့အိမ်က၊ ငါ ထိန်းနေတဲ့ ကလေးသုံးယောက်ထဲက အကြီးဆုံး သမီး ပဲ"

"ဟမ် … နင် တကယ်ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဘုန်းရှိန်။ တာရာက ဆယ်တန်းကျောင်းသူ တစ်ယောက်ပါ။ အညွန့်တလူလူ ဖြစ်နေတဲ့ သူ့ဘဝလေး ကို ဘယ်လိုအကြောင်းတရားမျိုးနဲ့မှ လမ်းလွဲမသွားစေချင် ဘူး။ သူ့ရဲ့စိတ်တွေ နင့်ဆီမှာ ရောက်နေတယ်။ ဘာမဟုတ် တဲ့ကိစ္စကြောင့် သူ့အနာဂတ် ပျက်စီးသွားမှာကို ငါမလို လားဘူး။ နင် နှမချင်း ကိုယ်ချင်းစာပါ ဘုန်းရှိန်"

စာဆို့ စကားတွေကြောင့် သူက ဆက်သည်းမခံနိုင် တော့ရွာဖြင့် "တော်တော့ဟာ"ဟု ထအော်ကာ ဆတ်ခနဲမတ်တတ် ထရပ်လိုက်ပြီး စာဆိုနှင့် ကျောခိုင်းအနေအထားဖြင့် ရပ်နေကာ_

"တော်တော့ ... စာဆို။ ငါ လူယုတ်မာ မဟုတ်ဘူး တာရာနဲ့ ငါဟာ chatting ထဲမှာ တွေ့ကြတယ်၊ ခင်ကြ တယ်၊ အဲဒီကနေ ချစ်သူပုံစံတွေ ဖြစ်သွားခဲ့တယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ဒီနေ့ထိ ငါတို့ အပြင်မှာ မတွေ့ရ သေးဘူး စာဆို ...



နင်က ဖြတ်လိုက်ဆို ငါ ဖြတ်ပစ်လိုက်မှာပါ။ ငါ့ရင်ထဲမှာ နင်ပဲရှိတာ စာဆို။ gtalk ထဲက ကောင်မလေးက ငါ့အတွက် အပျင်းပြေသဘောပဲ။ နင် ငါ့ကို ယုတ်မာတယ် ဆိုပြီး မစွပ်စွဲနဲ့ ငါ မကြားချင်ဘူး"

စာဆိုသည် သူ့ကိုကြည့်ရင်း တော်တော်စက်ဆုပ်မိ သွားသည်။ အပျင်းပြေပါတဲ့။ ဒီစကားကို တာရာသာကြားရင် သတ်တောင်သေနိုင်တဲ့ သဘောမှာရှိသည်။ စာဆို သူ့ကိုချစ်ခဲ့ သလို ရှိမိသည့် ခံစားချက်တွေကို လွှင့်ပစ်လိုက်တာ အကောင်း ပါ။

"နင့်ဘက်ကသာ ကတိတည်ပါ ဘုန်းရှိန်"

"စိတ်ချပါ၊ ဒါနဲ့ ငါ နင့်ကို မေးရဦးမယ်။ ဟိုလူက သူတို့ အဖေလား"

"ဟုတ်တယ်လေ"

"ဟား ... အဲဒါဆိုရင်တော့ မဟုတ်တော့ဘူး စာဆို။ ဒီလူ သူတို့ရဲ့အဖေရင်း လုံးဝမဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရမ်းသမ်းပြောနေတော့တဲ့ ဘုန်းရှိန်ရဲ့စကားကို

က ဘာမှန်းမသိ ဆတ်ဆတ်ခါ နာသွားပါသည်။

"ဒီမှာ ... နင် ဘာတွေပြောနေတာလဲ"

"စာဆို ... နင် စာတတ်နေပြီဟာ။ နင့်မှာ စဉ်းစား

တဲ့ဦးနှောက် မရှိဘူးလား။ ဟိုလူ့အသက်က ငါတို့

ကြီးလှ လေးငါးနှစ်ပဲ။ အလွန်ဆုံးရှိလှမှ ဒီလူ အ

သုံးဆယ်ဟာ။ နင် စဉ်းစားကြည့်ပါဦး။ အသက်သုံး

အရွယ် အဖေတစ်ယောက်မှာ ဆယ့်ခြောက်နှစ်သမီး

မလား စာဆို။ အဲဒီလူက ဆယ့်ခြောက်နှစ်ကတည်း

အိမ်ထောင်ပြုထားလို့လား။ ဟင် ... စဉ်းစားလေ။ ငါ

ပြောရဲတယ်၊ အဲဒီလူက တာရာရဲ့ အဖေရင်း မ

ဘူး"

အဲ ... ဒီလိုဆိုတော့ ဟုတ်သားပဲ။ စာဆို ဘ

ဒါကိုမတွေးမိတာပါလိမ့်။ ဟုတ်တာပေါ့ ... သိပ်ဟုတ်တာ

တာရာက အခုဆို ဆယ့်ခြောက်နှစ်ထဲရောက်ပြီ။ ကိုမိုးထိပ်



ရဲ့သမီးရင်း ဘယ့်လိုမှ မဖြစ်နိုင်ဘူး။ အခုမှပဲ စာဆိုဟာ စဉ်းစား

မိသွားရသည်။ ဒါဆို ရောင်နီနဲ့ မိုးလင်းကကော။ စာဆိုသည်

ကိုမိုးထိပ်ခေါင်ရဲ့ ဓာတ်ပုံတစ်ချပ်ကို ရိပ်ခနဲ မြင်မိသွားပါသည်။

"သူများအကြောင်း ငါ စိတ်မဝင်စားပါဘူး။ အဲဒါတွေ

ထားလိုက် စာဆိုရာ။ အဓိက ငါပြောချင်တာက ငါဟာ

နင့်တစ်ယောက်ကို တကယ်ချစ်တယ်ဆိုတာ ယုံပေးပါ။

online မှာ ရည်းစားဖြစ်တာက သိပ်ဆန်းတဲ့ကိစ္စတော့

မဟုတ်ပါဘူးဟာ။ နင် ငါ့ကို နားလည်ပေးပါ"

"နင် ပြန်လိုက်တော့ ဘုန်းရှိန်။ အခုချိန်မှာ နင်နဲ့ပတ်သက်

တဲ့ ခံစားချက် ငါ့မှာမရှိဘူး။ အခု ငါ့ကို နင်ကတိပေးရ

မှာက တာရာကို လုံးဝမဆက်သွယ်ပါဘူးလို့ ကတိပေးရ

မယ်"

"ငါ ကတိပေးတယ်။ ငါ အခုပဲ သူ့ account ကို block

လုပ်ပေးမယ်"

"အဲဒါဆို ပြန်တော့။ နင် ကတိတည်ပါစေ ဘုန်းရှိန်"

www.burmeseclassic.com

www.burmeseclassic.com



စာဆိုက အပြတ်ပြောပြီးနောက်မှာ သူဟာ အပြစ်လုပ်ထားတဲ့အတွက် ဘာမှဆက်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ ပြန်သွားတော့သည်။ အခုချိန်မှာ စာဆို့ ရင်ထဲမှာ သူနဲ့ ပတ်သက်ပြီး ခံစားရတာထက် သူ ထောက်ပြသွားတဲ့စကား တစ်ခုကြောင့် ပဟေဠိဖြစ်သွားခဲ့ရပါသည်။

✤ ❦ ✤



❦ ၇ ❦

စာဆိုသည် မိုးလင်းနှင့် ရောင်နီလေးကို Treasure Island ပုံပြင် ဖတ်ပြနေချိန်မှာ တာရာက မယောင်မလည်ဖြင့် စာဆို့အနားသို့ ရောက်လာကာ အနီးရှိဆိုဖာမှာ ဝင်ထိုင်ကာ ဟိုလိုလို ဒီလိုလို လုပ်နေလျှင် တာရာမှာ ပြောစရာရှိနေပြီဆိုတာ သဘောပေါက်ရပါသည်။ စာဆိုက ပုံပြင်နားထောင်နေတဲ့ အငယ်နှစ်ကောင်ကို ခဏထားခဲ့ရန် ဖျတ်ခနဲ အကြံတစ်ခုပေါ်လာ၍ ပုံပြင်စာအုပ်ကို ပိတ်လိုက်ကာ ...

"ဟာ... မမ အကြံတစ်ခုရပြီ။ ပုံပြင်ကို အစအဆုံး ဖတ်ရတာကပျင်းစရာကြီး။ ဒီတော့ ကိုရီးယားကားလေးပိုတစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းစီ ပြောသွားမယ်လေ။ အဲဒါဆို attraction ...
တယ်။ ဘယ်လိုလဲ"

"အဲဒါဆို အခု ဘာလုပ်မှာလဲ"

မိုးလင်းလေးက စူပွပွလေး မေးလာလျှင် ...
မိုးလင်းလေးရဲ့ပါးဖောင်းဖောင်းလေး တစ်ဖက်ကို ဖျစ်ညှစ်ခဲ့လို...
ရင်းက ...

"Bingo ဆော့ကြမယ်လေ။ မကောင်းဘူးလား"

"ဟာ ... သုံးယောက်မှ ဆော့လို့မရတာ ကလေးထိ...
အစ်မကလည်း။ မီးကိုကို ဘယ်လိုဆော့တော့မလဲ"

"အေးလေ ... ကလေးထိန်းအစ်မကလည်း"

"ဩော် ... သုံးယောက်ဆော့လို့ ရပါတယ်။ ရှုံးရင်ထွ...
ကျန်တဲ့သူနဲ့ ဆက်ကစားမယ်လေ။ နှစ်ယောက်ဆော့နေ...
အချိန်မှာ ကျန်နေတဲ့တစ်ယောက်က ဆော့နေတဲ့သူ...
အာရုံပျက်အောင် မျိုးစုံနှောင့်ယှက်ရမယ်။ ဘယ်လိုလဲ ...
ကြိုက်ရဲ့လား ကလေးတို့"



"ကြိုက်တယ် ... အဲဒါဆိုဆော့မယ်"

ဓာဆိုက အဆင်ပြေသွားပြီ ဖြစ်တာကြောင့် ကျေနပ်...
... တစ်ချက်ပြုံးကာ စားပွဲပေါ်က Bingo ဘူးလေးကို သွားယူ...
...ာ ကလေးနှစ်ယောက် ရှေ့ချလိုက်ပြီး ...

"ကဲ ... ဒါဆို အရောင်ခွဲထားလိုက်နော်။ ရှုံးရင်ဆော့ပင်နဲ့ နှုတ်ခမ်းမွေး တပ်ကြမယ် ... အိုကေ"

"အဲဒါကတော့ အိုခေတယ်။ သားတို့ကို ဘာလို့အရောင်ခွဲနိုင်းတာလဲ။ ကလေးထိန်းအစ်မ လုပ်ပေါ့"

"အင်း ... ရောင်နီလေးကလည်း။ မောင်လေးတို့က colour ခွဲနေတုန်းမှာ မမက မိုးလင်းလေးနဲ့ ရောင်နီလေးတို့စားဖို့ sandwidth နဲ့ မိုင်လိုအေး သွားလုပ်ပေးမယ်လေ၊ မစားကြဘူးလား"

ကလေးတွေရဲ့ favourite အစားအသောက်နဲ့ မျှား...
...တ်တော့ ရောင်နီကော မိုးလင်းကပါ ကျေနပ်သွားကာ ခေါင်း...
...ွ တဆတ်ဆတ်ညိတ်ကာ ...

www.burmeseclassic.com



"အိုခေ ... သွားလုပ် သွားလုပ်။ ကလေးထိန်းအစ်မ လုပ်ပေးတဲ့ sandwidth က အရမ်းကောင်းတာ။ မရောနိုင် များများလေးနော်။ များများလုပ်ခဲ့ ...

မီးတို့ colour တွေခွဲရင်း စောင့်နေမယ်"

"ဟုတ်ပြီ ... ဒါဆို မောင်နှမနှစ်ယောက် colour ခွဲထား နော်။ မမ ဆင်းဒ်ဝတ်ချ်သွားလုပ်ပေးမယ်"

စာဆိုက မတ်တတ်ရပ်လိုက်တာနှင့် တာရာက စာဆို့ကို မျက်ခန် လှမ်းကြည့်လေသည်။ သူ ဘာပြောချင်သလဲဆို တာ သဘောပေါက်တဲ့ စာဆိုက တာရာနဲ့ အကြည့်ချင်းဆုံတာ နှင့် လိုက်ခဲ့ဆိုတဲ့ သဘောဖြင့် မျက်စပစ်ကာ kitchen ထဲ ဝင် လာခဲ့ရင် တာရာကလည်း နောက်ကနေ လိုက်လာခဲ့တော့သည်။ ဒီအချိန်က ကြီးချိုလည်း ဈေးသွားနေတာကြောင့် အိမ်မှာက ကလေးတွေနှင့် စာဆိုပဲ ကျန်ခဲ့တာဖြစ်သည်။

"ကဲ ... တာရာ၊ ဘာပြောမလို့လဲ"



စာဆိုက ရေခဲသေတ္တာထဲက အသင့်ပြင်ထားပြီးသော ချိစ်မရောနီးစ်ပန်းကန်ကိုထုတ်ကာ တာရာ့ကို လှမ်းမေးလိုက်လျှင် တာရာက ဟင်းခန် သက်ပြင်းရှည်တစ်ခုချကာ ထိုင်ခုံမှာဝင်ထိုင် လိုက်ပြီးမှ ...

"စိတ်ညစ်တယ် ကလေးထိန်းအစ်မရယ်။ သူ သမီး account ကို block လုပ်သွားပြီ။ မနေ့က သူနဲ့ သမီး chat နေရင်းကနေ သူက ရုတ်တရက်ကြီး 4get me ဆိုပြီး block လုပ်ချသွားတာ။ သမီး သူ့ကို တခြား account နဲ့ invite ပြန်လုပ်တော့လည်း လုံးဝ Accept မလုပ်ဘူး အစ်မ ...

သမီး ဘာလုပ်ရမလဲဟင်"

တာရာ့ရဲ့ရင်ဖွင့်သံကို စာဆိုက ကြက်ဥခလောက် နေရင်း နားထောင်ကာ သနားမိသွားသည်။ အေးပေါ့လေ ... ဘလိုင်းကြီး ဟိုကောင်က block လုပ်ချသွားဟာဆိုတော့ စိတ်ဆိုး ရမှာပေါ့။ စာဆိုက တာရာ့ကို တစ်ချက် အကဲခတ်ကြည့်လိုက်

www.burmeseclassic.com



လျှင် သူမခမျာ တော်တော် feel ဖြစ်ပြီး ကြေကွဲနေပုံပေါ်ပါသည်။ ဒီ့အတွက် တာဆို နှစ်သိမ့်ပေးရပါမည်။

တာဆိုသည် ထိုင်နေရာမှထကာ In frared cooker ကိုဖွင့်၍ ဒယ်ပြားတင်ကာ ကြက်ဥကြော်နေရင်းက တာရာဘက်သို့လှည့်ကာ ...

"ဒီပုံတိုင်းဆို သူက တာရာကို ဖြတ်သွားတဲ့သဘောပေါ့"

"အဲဒါ ပြောတာပေါ့ အစ်မရဲ့။ သမီးလည်း ဘာမှမလုပ်ဘဲနဲ့ သမီးကို ဘလိုင်းကြီးခေါက်သွားတာ။ ဘယ်လိုမှလဲ ဆက်သွယ်လို့မရဘူး။ သမီးမှာလည်း ပြောပြစရာဆိုလို့ ကလေးထိန်းအစ်မပဲ ရှိတာ။ သမီး ဘာလုပ်ရမလဲ ပြောပါဦး"

"သူ့ အဲဒီလိုလုပ်သွားတာတော့ အရမ်းလွန်တယ် တာရာ။ အဲဒါ မိုက်ရိုင်းတာ။ အစ်မအနေနဲ့ ပြောရမယ်ဆိုရင် တာရာ သူ့ကို မဆက်သွယ်သင့်တော့ဘူး"





"ဟာ ... အဲလိုလုပ်လို့တော့ မဖြစ်ဘူးလေ အစ်မရဲ့။ သူက သမီးကို အထင်လွဲနေတာတို့ ဘာတို့ဆို သမီးဘက်က ရှင်းပြရမှာပေါ့"

တာဆိုက ဘုန်းချိန်ကို အသည်းအသန် မှာနေရှာသော တာရာကို [illegible] ကြက်သားကြော် အသားစီကြော်နေရင်းက ခေါင်းအသာယမ်းလိုက်သည်။ [illegible] နင် [illegible] အဲဒီလို လုပ်ရက်တယ် ဘုန်းချိန်ရယ်။ အမှန်တကယ်ဆို သူ တာရာကို online lover မလုပ်သင့်ဘူး။

"[illegible] အစ်မ၊ သမီး ဘာလုပ်ရမလဲ"

တာဆိုသည် တာရာ့ရဲ့ [illegible] တွေးနေ[illegible]ကို ရပ်တန့်ကာ ဒယ်ပြားထဲက ကြက်သားအသားစီတွေကို [illegible] Infrared cooker ကို ပိတ်ပြီးနောက် [illegible] အသားစီပန်းကန်တွေကိုယူကာ စားပွဲပေါ်တင်ပြီး [illegible] ပေါင်မုန့်ထုပ်ကို ယူလာကာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ တြိဂံပုံစံ ဖြတ်ထားသော ပေါင်မုန့်လေးတွေပေါ်မှာ သုတ်နေရင်းကမှ စကားဆက်ပြောဖြစ်သည်။

“တာရာက သူ့ကိုချစ်တယ်ဆိုတာ အစ်မ ခန့်မှန်းမိပါတယ်။ အစ်မ သူ့စိတ်ကိုလည်း ခန့်မှန်းနိုင်တယ်”

“သူ ... သူ့စိတ်က ဘယ်လိုလဲဟင်”

“သူက ကြူစီကောင် တာရာ။ online မှာ တွေ့သမျှဆော်လိုက်ဖွန်ကြောင်ပြီး Q နေတတ်တဲ့သူမျိုး။ အစ်မသူငယ်ချင်းတစ်ယောက်လည်း သူ့လိုလူမျိုးနဲ့တွေ့ပြီး ခံခဲ့ရပြီးပြီ။ gtalk ထဲမှာတွေ့တဲ့သူက ယုံစရာမရှိဘူး တာရာ။ စကားဆယ်ခွန်းမှာ ကိုးခွန်းလောက်က ညာနေတာတွေချည်းပဲ။ တစ်ခါတလေဆို asl တောင် လိမ်ကြတာတွေရှိတယ်”

P.S - asl = age, sex, location

“သူက အဲဒီလိုမျိုး ဟုတ်ပါ့မလား အစ်မရယ်”

စာဆိုသည် ပေါင်မုန့်ပေါ်မှ လှီးဖြတ်ထားတဲ့ ကြက်ဥကြော်နဲ့ ဆလာမီပြားကိုတင်ကာ ခရမ်းချဉ်သီးအနှစ်ဆော့စ်ထည့်





ာ ပေါင်မုန့်နောက်တစ်ခု ထပ်တင်ပြီးနောက် ဆင်းဒ်ဝတ်ချ်ကို န်းကန်ထဲ ထည့်နေပါသည်။ အလုပ်လုပ်ရင်း စကားပြောတာ ဲ့သည့်အတွက် အာရုံကများသော်လည်း စာဆိုက ဆင်းဒ်ဝတ်ချ် းများ လုပ်ရတာဖြစ်သည်။ ဒီအိမ်မှာ ကလေးသုံးယောက်စလုံး ာ စာဆိုလုပ်ပေးတဲ့ ဆင်းဒ်ဝတ်ချ်ဆို အားပါးတရ အားပေးကြတာဖြစ်သည်။ စာဆိုကလည်း ဘိုစာဆိုလို့ အဲဒါလေးတစ်ခုပဲ ကျွမ်းကျွမ်းကျင်ကျင် ကောင်းကောင်းမွန်မွန် လုပ်တတ်တာဖြစ်သည်။ ဒီကနေ့လည်း ကလေးတွေကို ဆင်းဒ်ဝတ်ချ်လုပ်ကျွေးဖြစ်တာ အဓိက,ကတော့ အသည်းကွဲနေတဲ့ တာရာ့ကို အားရှိစေချင်လို့ပဲဖြစ်၏။ တာရာ့ကို စိတ်အရမ်းညစ်မနေစေချင်ပါ။ ဒါကြောင့် စာဆိုက မုန့်ကိုဗန်းပြပြီး စကားလမ်းလွှဲလိုက်တော့သည်။

“ကဲပါ ... အဲဒါတွေ ခေါင်းထဲထည့်မနေနဲ့တော့လေ။ လာ ... မမ ဆင်းဒ်ဝတ်ချ်တွေ အများကြီးလုပ်ထားတယ်။ သွားစားကြရအောင်။ ခဏလေး ... မိုင်လိုအေးဖျော်လိုက်ဦးမယ်”

www.burmeseclassic.com

www.burmeseclassic.com



တဆိုက မိုင်လိုဘူးကိုယူမလာတာ ခွက်သုံးခွက် မိုင်လိုမှုန့်တွေလည်း ရေနွေးအနည်းငယ်လည်း ရော့သည့်၍ အဟတ်တည့်အောင် ဖျော်နေစဉ်မှာတော့ တာရာလေးက ပေါ် မေးလောက်တာ စိတ်ညစ်သံကြီးဖြင့် ...

"အခုချိန်မှာ ဘာမှမစားနိုင်ပါဘူး ကလေးလိမ်းဆေး သမီး တကယ်စားနေရတာ။ သူ အရမ်းရက်စက်တာ သမီးက သူ့ကို တကယ်ချစ်တာပါ။ သူ့ကို အမျှ လိုက် ၀ တာ မဟုတ်ပါဘူး အစ်မရယ်"

တဆိုသည် တာရာဘလောက်ရှယ်ရာမှုကို ဖန်ခွက် တာ အဆင်သင့်ဖြစ်သွားချိန်မှာတော့ တာရာ့ရဲ့ဆံပင်လေးတွေ ခပ်ဖွဖွပွတ်သပ်ပေးကာ ...

"ဘာမှစိတ်ညစ်မနေပါနဲ့ တာရာရယ် သူနဲ့ဆိုတာ မှာ ဆုံမှုကြတာလည်း မဟုတ်ဘူး။ အဲဒါကို ခံစားပြလို့ ရဘူး။ သူနဲ့ ဖျော်ခဲ့ရတာနှင်လေလည်း inter ထဲမှာပဲမှာလား"



"ဟုတ် ... ဟုတ်တယ်"

"အေးလေ ... ဒါဆိုလည်း သူ့အတွက် ခံစားရတာတွေ၊ အသည်းကွဲရတာတွေက internet ထဲရောက်မှ ခံစားပေါ့။ ဒီအချိန်က တာရာရဲ့ student life လေ။ ကျောင်းသူဆို တာ အချစ်မရှိရဘူး။ ဒီတော့ ပျော်ပျော်ရွှင်ရွှင်နဲ့နေတော့မယ်၊ စားမယ်၊ တသင်မယ်။ သူနဲ့ ပတ်သက်တာကို တာရာ internet သုံးပြီး ခံစားလိုက်။ very easy ပါ။ ဘာမှဝမ်း နည်းမနေနဲ့။ ညီမလေးတွေ မောင်လေးတွေနဲ့အတူ အခု မုန့်သွားစားမယ်။ တာရာ အခု ဖြတ်သန်းနေတာ student life နော်။ OK "

တာရာက တဆိုကို မျက်လုံးလေး အပြူးသားဖြင့် ကြာကြာ ငေးကြည့်ပြီးမှ လေးလံစွာ ခေါင်းတစ်ချက်ညိတ် တာ ...

"ဟုတ်ကဲ့ပါ အစ်မ။ တာရာ့ရဲ့ student life မှာ စိတ်ညစ် စရာတွေ မရှိစေရပါဘူး"

www.burmeseclassic.com



ဒီစကားကြားရတော့မှ စာဆိုလည်း ရဲရဲသက် ချနိုင်သွားတော့သည်။ ဒီအတောအတွင်းမှာ တာရာလေးကို နွေး ထွေးထွေး ဂရုစိုက်ပေး ယုယကြင်နာပေး ပျော်ရွှင်စရာတွေ ရင် foreverkss ဆိုတဲ့ account ပိုင်ရှင် ဘုန်းရှိန်ရောင်မင်း သူမ လုံးဝမေ့နိုင်သွားပါလိမ့်မည်။

"လာ ... ဒါဆို မုန့်သွားစားကြစို့"

စာဆိုသည် တာရာနှင့်အတူ မုန့်ဇုန်းကိုင်ကာ ရှေ့ထွက်လာခဲ့ကာ ကလေးတွေနှင့် နောက်ဟယ်ပြောင်ဟယ် ဟေးလားဝါးလား နေလိုက်လျှင် တာရာ့ဆီက ရယ်သံနည်းနည်း ပါးပါး ထွက်လာပေသည်။

တာရာလေး အမြန်ဆုံးပျော်ရွှင်နိုင်ဖို့ အထိရောက် နိုင်ဆုံးနဲ့ အမြန်ဆုံးကုသနည်းတစ်ခုတော့ စာဆို စဉ်းစားထား သည်။

✤ ❦ ✤



# ၈

မိုးထိပ်သည် ကလေးတွေရဲ့ကလေးထိန်း ခင်စာဆိုနှင့် ဒုတိယအကြိမ် အပြင်မှာ ဆုံဖြစ်သွားတာကတော့ ခင်စာဆိုရဲ့ request ကြောင့်ပင်ဖြစ်သည်။ ခင်စာဆိုက သမီးကြီးရဲ့အကြောင်း ပြောချင်တယ်ဆို၍ သူက ဟိုတစ်ခေါက်တုန်းကလိုပဲ ခင်စာဆို အလုပ်ပြန်ချိန်မှာ စားသောက်ဆိုင်တစ်ခု၌ တွေ့ဆုံစကားပြောဖြစ်ခဲ့တာပဲဖြစ်သည်။

"မင်း ကိုယ့်ကို မင်းသိထားတာအားလုံး ပွင့်ပွင့်လင်းလင်း ပြောပြနိုင်ပါတယ် ခင်စာဆို"

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကိုမိုးထိပ်ခေါင်ကို ဒီစကားပြောဖို့အတွက် ကျွန်မ သေချာအချိန်ယူ စဉ်းစားရတာပါ၊ ကျွန်မပြောတာ ကို ကျေးဇူးပြုပြီး ဆုံးအောင်နားထောင်ပေးပါနော်။ ကျွန်မ request လုပ်တာပါ"

သူက ရင်တော့နည်းနည်းပူသွားပေမယ့် ခေါင်းတော့ ညိတ်လိုက်ပါသည်။ ခင်စာဆိုဟာ တည်တည်ငြိမ်ငြိမ်ဖင် သူ့ကို စကားစပြောပါတော့သည်။

"တာရာ အတွက်ပေါ့နော်၊ ကိုမိုးထိပ်ခေါင် ခရီးတစ်ခု လောက် ထွက်ပေးစေချင်တယ်။ ကမ်းခြေလိုနေရာမျိုးပေါ့"

ခင်စာဆို့ စကားကြောင့် သူ နည်းနည်းတော့ အူကြောင်ကြောင် ဖြစ်သွားရပါသည်။ ဘာဖြစ်လို့ ခရီးထွက်ရမှာ လဲ။ မိုးထိပ်သည် သူမကို မေးဆတ်ပြကာ ...

"ဘာဖြစ်လို့လဲ ခင်စာဆို။ ဘယ်လိုသဘောလဲ"

"ဟုတ်ကဲ့ ... အတိုချုပ် ပြောရရင်တော့ တာရာ အသည်း ကွဲနေပါတယ် ကိုမိုးထိပ်ခေါင်။ သူ့စိတ်တွေ fresh ဖြစ် ဖို့ ကမ်းခြေလိုနေရာမျိုးမှာ အပြောင်းအလဲ လုပ်ပေးသင့် တယ်လို့ ကျွန်မ ထင်ပါတယ်"



"ဘာ ... ဘာ ... ဘာလို ... တာရာက အသည်းကွဲနေလို့ ဟုတ်လား"

သူက လတ်တလော အခြေအနေကို ရုတ်တရက် [illegible]နားမလည်နိုင်ဘဲ လည်ထွက်သွားတော့သည်။ သူ့သမီးက ဘယ် [illegible]ဘယ်လို အသည်းကွဲရတာလဲ။ သမီးက ရည်းစားတောင်ထား [illegible]တတ်နေပြီလား။

အတွေးတွေ ခေါင်ချာစိုင်းကာ သူ့နှလုံးသားဟာ [illegible]ခုရထဲမှာ ရေငတ်လာပါတော့သည်။

"ဟို ... အရမ်းကြီး စိတ်မလောပါနဲ့ ကိုမိုးထိပ်ခေါင်။ ကျွန်မ သေချာရှင်းပြပါ့မယ်။ အသည်းကွဲတယ်ဆိုတာ နာမည်တပ်ရုံလောက်ပါ။ သူ့စိတ်မှာ အလော့ကျစ်သဘော ဖြစ်သွားတယ် ကိုမိုးထိပ်ခေါင် ...

အင်တာနက်မှာ chatting ကနေ တွေ့လာတဲ့

www.burmeseclassic.com



ကောင်လေးနဲ့ အင်တာနက်ထဲမှာပဲ ရည်းစားဖြစ်တယ်။ သူတို့ လူချင်းလည်း မဆုံကြသေးပါဘူး။ ဒါပေမဲ့ ကောင်လေးက ရုတ်တရက် တာရာ့ကို block လုပ်သွားတယ်။ ဟို ... ဆိုလိုတာကတော့ ကိုမိုးထိပ်ခေါင်ရယ်၊ စိတ်ကစားတဲ့အချိန်မှာ ခေါက်ခနဲ အဖြတ်ခံလိုက်ရတဲ့ အခါကျတော့ သူ နည်းနည်းခံစားသွားရတဲ့သဘောပါ ...

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုမိုးထိပ်ခေါင် တာရာ့ကို မဆူပါနဲ့နော်။ မသိသလိုပဲ နေပေးပါ။ သူ့ကိုသွားဆူလိုက်ရင် ရှက်လည်း ရှက်သွားမယ်၊ ပြီးတော့ ပိုခံစားသွားရလိမ့်မယ်။ သူတို့ဇာတ်လမ်းက ပြီးလည်းပြီးသွားပါပြီ။ လုံးဝ block လုပ်လိုက်တယ် ဆိုကတည်းက တာရာက အရမ်းစိတ်ကုန်သွားပါပြီ"

ခင်စာဆိုရဲ့ အကျယ်တဝင့် ရှင်းပြမှုတွေကို သူကနားထောင်ပြီးသွားသောအခါ ရင်ဘတ်တစ်ခုလုံး မောလျသွားပါသည်။ သမီးကြီးအတွက် သူ ဘာပြောရမှန်းတောင် မသိတော့



ချေ။ သူက တစ်ခုခုပြောဖို့ စကားလုံးတွေ ရွေးနေစဉ်မှာ ခင်စာက စကားဆက်ပြောပါသည်။

"အဲဒါကြောင့် အခုချိန်မှာ တာရာ့စိတ်တွေကို လုံးဝ fresh ဖြစ်ပြီး အဲဒီကိစ္စတွေကို မေ့သွားအောင် ခရီးထွက်လိုက်တာ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်မ ထင်တယ်။ သူက ဒီနှစ် ဆယ်တန်းဆိုတော့ သူ့စိတ်နဲ့ခန္ဓာ တစ်သားတည်းကျအောင် နေနိုင်ဖို့က အရေးကြီးတယ်လေ"

"သမီးအတွက် ကိုယ် တကယ်ရင်လေးမိတယ်ကွာ။ အခု တာရာက ဘယ်လိုလဲ"

"အခုတော့ အေးဆေးပါ။ ကျွန်မလည်း သူ့ကို သူ့ရဲ့ သူငယ်ချင်းတစ်ယောက်လို အဖော်ပြုပေးနေတော့ သူ အရမ်းကြီးတော့ အဲဒီကိစ္စအပေါ်ကို feel မဖြစ်နေပါဘူး"

"ကျေးဇူးတင်ပါတယ် ခင်စာဆို။ မင်း တာရာ့ကို အခုလို စောင့်ရှောက် ဂရုစိုက်ပေးတာ ကျေးဇူးတင်ပါတယ်ကွာ။ ဟုတ်ပြီလေ ... အဲဒါဆိုလည်း သမီး စိတ်အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ကိုယ်ခရီးထွက်ဖို့ စီစဉ်လိုက်ပါမယ်။ အဲဒီခရီးမှာ မင်းပါ လိုက်ခဲ့ပေးဖို့ ကိုယ် request လုပ်ချင်တယ်။ ဟို ... ကြီးချုံလည်း ပါမှာပါ"

သူက ခရီးသွားဖို့ plan ရေးတော့ သမီးကို စိတ်တွေ soft ဖြစ်လာအောင် ပုံသွင်းနိုင်မည့် ခင်စာဆိုကို လိုက်ခဲ့ဖို့ အရင်တောင်းဆိုရသည်။ ခင်စာဆို ပါမှပဲ အဆင်ပြေနိုင်မယ်လို့ သူက သတ်မှတ်မိလေသည်။ ဒါပေမဲ့ သူ့တောင်းဆိုမှုကို လက်ခံဖို့အတွက် ခင်စာဆိုက အဆင်သင့်မဖြစ်သေးဟန်ဖြင့် အင်း ... အဲ လုပ်နေပြီးမှ ...

"ဟို ... ဒီခရီးစဉ်ကို ကျွန်မ မလိုက်လို့ မဖြစ်ဘူးလား ကိုမိုးထိပ်ခေါင်။ ကျွန်မကတော့ ရပါတယ်။ ဒါပေမဲ့ ကျွန်မအိမ်က ဦးလေးက လက်မခံနိုင်လောက်ဘူးရှင့်။ ဦးလေးက ကျွန်မ အလုပ်,လုပ်တာကိုတောင် သဘောမတူဘူး၊ စိတ်မချဘူး ဖြစ်နေတာလေ၊ ဟို ... ခရီးသွားဖို့ သဘောတူမှာ မဟုတ်ဘူး ...



ဟို ... ကျွန်မ စကားပြောများသွားရင် တောင်းပန်ပါတယ်နော်။ ကျွန်မက ..."

သူက ခင်စာဆို့အပြောကို ဆုံးအောင်နားမထောင်ဘဲ ခေါင်းတစ်ချက်ဆတ်ကာ ထက်တက်ကြွလိုက်သည်။ အေးပေါ့ ... ဟုတ်တာပေါ့။ ခင်စာဆို့ဦးလေးက တစ္ဆေကိုယ်ကျောင်းသူအရွယ် မိန်းကလေးကို ဘယ်ညအိပ်ညနေခရီး သွားခွင့်ပြုမှာလဲ။ သူက နားလည်သဘောပေါက်စွာဖြင့် ခင်စာဆို့ကို ညိုကြည့်လိုက်သည်။

"အိုေခ ... အိုေခ။ ကိုယ် နားလည်ပါတယ် ခင်စာဆို။ ဒါ ဖြစ်လည်းဖြစ်သင့်တဲ့ သဘောတရားပါ။ ကိုယ့်အနေနဲ့ ခင်စာဆို့ကို လိုက်ခဲ့ဖို့ request လုပ်တယ်ဆိုတာကတော့ တာရှေကို အဖယ်ုံနှစ်သိမ့်ပြောနိုင်မယ့်သူက မင်းပဲရှိတာလေ။ ကိုယ်က အခေ့ရိုလေမယ့် ဒီလိုကိစ္စမျိုးတော့ မကောင်းဘူးလေ။ ဟို ... မင်းပြောသလိုပေါ့နော်။ ကိုယ်သိတယ် ဆိုတာ သမီးသိသွားရင် သူက ကိုယ့်ကိုရှိန်ကြီး ကြောင်သွားတာမျိုး၊ စိမ်းသွားတာမျိုးပေါ့နော် အဲဒီလို ဖြစ်သွား

www.burmeseclassic.com



နိုင်တယ်။ သမီးက ဆယ်တန်းလည်း ဖြစ်တဲ့အတွက် သူ့ကို ကိုယ် လမ်းမလွဲစေချင်ဘူး ...

သမီးက လိမ္မာတဲ့ကလေးပါ။ တာရာအတွက်ပေါ့ အဓိက,ကတော့။ အဲဒါကြောင့် ခင်စာဆို့ကို ကိုယ်ကပြောတာပါ။ ဟို ... ခင်စာဆို့ဦးလေးကို ကိုယ်တိုင်လာပြီး ခွင့်တောင်းရင်ကော ဖြစ်မလား။ ဟို ... ကိုယ့်ဘက်ကအစစ်အကျပ်ကြီးတော့ မဟုတ်ပါဘူး။ မင်းအုပ်ထိန်းသူတွေရဲ့ ခွင့်ပြုချက်ရမှပါ"

"ဟုတ်ကဲ့ ... အဲဒါဆိုရင်တော့ ရပါတယ်"

ခင်စာဆိုက ဒီတော့မှ ခေါင်းညိတ်လျှင် သူ အဆင်ပြေသွားတော့သည်။ မိုးထိပ်သည် ရိုးသားကြိုးစားတဲ့ ခင်စာဆို့ကိုတော့ မဆိုးဘူးဟု မှတ်ချက်ချရမည်ဖြစ်သည်။ ကြီးချို့ရဲ့ပြောပြမှုအရဆိုရင်တော့ ခင်စာဆိုဟာ ကလေးသုံးယောက်လုံးနဲ့လည်း သဟဇာတဖြစ်အောင် နေနိုင်တယ်၊ အောက်သက်ကြေတယ်။ ကလေးထိန်းဆိုပေမယ့် ကြီးချိုကိုလည်း အိမ်မှုကိစ္စ ဗာဟီရ





အကုန်သိမ်းကျုံးလုပ်ပေးတာ စသဖြင့် တော်တော်ကို အပိုးကျိုးသော မိန်းကလေးပဲဖြစ်သည်။

ပြောသာပြောရတယ်။ တာရာ၊ ရောင်နီ၊ မိုးလင်း သုံးယောက်စလုံးနှင့် အဆင်ပြေအောင် နေနိုင်တယ် ဆိုကတည်းက ဒီကောင်မလေးရဲ့အရည်အချင်းကို မှန်းဆလို့ရပါသည်။ သူတောင် ဒီကလေးသုံးယောက်ကို မနည်းထိန်းရတာဖြစ်သည်။ တာရာကတော့ ကြီးပြီမို့ ထားပါတော့။ အငယ်နှစ်ကောင်ကတော့ တကယ့် လက်လက်စင်တွေပဲဖြစ်သည်။

"ဟုတ်ပြီ ခင်စာဆို။ အဲဒါဆို ခရီးသွားဖို့ ကိုယ့်ကလေးတွေနဲ့ တိုင်ပင်လိုက်ဦးမယ်။ အားလုံး confirm ဖြစ်ပြီဆို မင်း အုပ်ထိန်းသူတွေကို လိုက်ခွင့်တောင်းပါ့မယ်"

"ဟုတ်ကဲ့ ... အဲဒါဆို ကျွန်မ သွားလိုက်ပါဦးမယ်"

"ကိုယ်ပြန်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ... ကိုမိုးထိပ်ခေါင်။ ကျွန်မဘာသာပဲ ပြန်လိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်မပြောတော့ဘဲ ခေါင်းညိတ်ပြလိုက်တော့ ခင်စောဆိုက သူ့ကိုနှုတ်ဆက်ကာ ကျောခိုင်းထွက်သွားလေသည်။ မိုးထိပ်သည် အာရုံမပျက်ဘဲ သူမရဲ့ကျောပြင်ကို ငေးကြည့်နေတုန်းမှာ သူမက ကောင်လေးတစ်ယောက်နှင့် တွဲထွက်သွားတာကို တွေ့လိုက်ရလေသည်။ အော် ... ဒါကြောင့် သူ လိုက်ပို့မယ်ဆိုတာကို [illegible]တာကိုး။

အဲဒီကောင်လေးကို ခပ်မှုန်မှုန်ဘာ မြင်ရသော် အဲဒါဟာ ခင်စောဆိုနဲ့ ဟိုတစ်ခါ ဆင်းလျှောမှာ အတူတွဲတွေ့ခဲ့ရ တဲ့ သူ့ကောင်လေးဆိုတာ သဘောပေါက်ပါသည်။ ကောင်လေး ကြောင့် စကားမပြတ်သွားတဲ့ ခင်စောဆို။ ဒီနေ့မှာ သူ့ ကောင်လေးကို သူပြောတာတဲ့ [illegible] ကို ပြောပြမယ်လို့ တစ်ချ ထင်မှတ်ထားပါသည်။"

✤ ✤ ✤



လာမယ့်ဆန်းဒေး ချောင်းသာသွားမယ်ဟော့လို့ လေးတွေကို စကားစလိုက်တာနှင့် ကလေးတွေ ဝမ်းသာသွား ပုံမှာ ထိုင်နေရာကနေ ခုန်ပေါက်ထကာ ဟေးခနဲ ဟစ်ကြွေး ကြပါသည်။ တာရာလေးကလည်း ချောင်းသာဆိုတာနှင့် ဝန်းတွေ အရောင်တောက်သွားတာ သူက သေချာလေးသတိ ားမိသွားသည်။

"ဟာ ... ဂယ်လား ဖေကြီး။ မီးတို့ကို တကယ်လိုက်ပို့ ပေးမှာနော်"

သမီးငယ် မိုးလင်းလေးက သူ့ရဲ့လက်ကိုဆွဲကာ ကလာ ပီကလာ မေးပုံလေးကို သူက ချစ်မြတ်နိုးမဝစွာဖြင့် င်းကိုချီပွေ့ကာ သူ့ပေါင်ပေါ်မှာ ထိုင်စေပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လိုက်ပို့ပေးမှာပေါ့ သမီးလေးရဲ့။ ဘာလဲ သမီးက မသွားချင်လို့လား"

"အာ ... သွားချင်တာပေါ့။ ဖေဖေက အလုပ်မအား မီးတို့က မပြောရဲတာ။ ဒီ holiday မှာ ခရီးသွားမယ် တောင် မီးက သူငယ်ချင်းတွေကို ကြွားထားတာ ဖေရဲ့"

ဪ ...။ သမီးလေးကတောင် သူ့အပေါ်ကို ပြီး ခရီးသွားချင်တာတောင် မပြောဘူးဘဲ။ မိုးထိပ်သည် သမီး လေးရဲ့ဆံပင်စလေးတွေကို ပွတ်သပ်ပေးရင်းက တလေးတွေ ကတိပေးလိုက်သည်။

"ကဲ ... သားနဲ့သမီးတို့။ လာမယ့်ဆန်းအေး ချောင်းသာ ခရီးစဉ် လုံးဝ sure ပဲ။ ဖေဖေ ကတိပေးတယ်။ တို့သ အဖတွေ စိတ်လွတ်လက်လွတ် ပျော်ကြမယ်ပေါ့။ တာ သမီးကလည်း စာတွေခေါင်းထဲက ခဏထုတ်ပြီး အပြ ပျော်ပစ် ဟုတ်ပလား။ အေး ... ဒါပေမဲ့ ပြန်လာရင်တော့ စိတ်သစ်လူသစ်နဲ့ စာကြိုးစားရမယ်နော်"



"ဟုတ် ... ကဲ့ ... ပါ ဖေဖေ"

သမီးကြီးတာရာရဲ့ အားမရှိဘဲ ပျော့တော့နေသည့် အသံကြောင့် မိုးထိပ်သည် သမီးကြီးကို စိတ်လည်းတို၊ ဒေါသ သည်းထွက်သလို သနားလည်းသနားသွားသည်။ ဒီလောက် သူ ဆုံးမနေရက်နဲ့ ရည်းစားရအောင် ထားရတယ်လို့။ ပြီးတော့ သမီးကို ခံစားသွားအောင် မိုက်ရိုင်းတဲ့ ဟိုကောင့်ကိုလည်း သတ် ခ်ချင်မိပါသည်။ သမီးလေးဟာ သူ့ကြောင့် ဒုက္ခရောက်ရတာ။

"ဪ ... ဖေဖေ၊ ဟို သမီးတို့ ချောင်းသာသွားရင် ကလေးထိန်းအစ်မကိုပါ ခေါ်မှာလားဟင်"

သူက အဲဒီအကြောင်းကိုပြောမလို့ ကလေးတွေနှင့် ညှိဖို့ပဲ ကြံသေးတယ်၊ သမီးငယ် မတတ်ပလေးက ဦးအောင်မေး လိုက်တော့ သူ အဆင်ပြေသွားပါသည်။

"သမီးတို့က ခေါ်စေချင်လို့လား။ သားကော ဘယ်လိုလဲ"

"ခေါ်ချင်လည်း ခေါ်မယ်လေ။ မီးတို့တွေသွားပြီး ကလေး ထိန်းအစ်မက နေခဲ့ရတော့ သနားပါတယ်။ သူက အပြင် ကတ်ဖို့ ကောင်းပေမယ့် မီးတို့ကို ဂရုစိုက်တယ် ဖေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သားလည်း ညီမလေးအတိုင်းပဲ။ ခေါ်လိုက်ပါ ဖေရာ"

သမီးလေးနဲ့ သားက ထောက်ခံပေးပေမယ့် အဝိ ကျနေတဲ့ သမီးကြီးက နှုတ်ဆိတ်နေလျှင် မိုးထိပ်သည် သမီးကြီး ရဲ့မျက်နှာကို တစ်ချက်အကဲခတ်ရင်းကမှ ...

"သမီးကြီး တာရာ ... သမီးကကော ဘယ်လိုလဲ။ အဲ ကလေးထိန်းအစ်မကို ခေါ်စေချင်လား။ မခေါ်စေချင်ဘူး လား"

ဒီတော့မှ သမီးက လေးကန်သော စကားအေးအေး တွေဖြင့် ခေါင်းညိတ်လေသည်။

"ခေါ်လိုက်ပါ ဖေဖေ။ သူက မောင်လေးနဲ့ ညီမလေးအပေါ် တင် မကပါဘူး သမီးအပေါ်မှာလည်း အရမ်းကောင်းပါ တယ်။ သူက သမီးကို ဂရုစိုက်ပါတယ် ဖေဖေ။ သူ့ကို သမီးတို့နဲ့အတူ ချောင်းသာလိုက်ခဲ့ဖို့ ခေါ်လိုက်ပါ"

အားလုံးက ခင်စာဆိုကို လိုက်ပါစေဖို့ သဘောတူ ကြသောအခါ သူက ကလေးတွေကို တစ်ခါထပ်ပြောရပြန်သည်။



"သူ့ကို ချောင်းသာခေါ်တာက ဟုတ်ပြီ သမီးရဲ့။ ဒါပေမဲ့ ဖေဖေတို့က ဟိုမှာသုံးလေးရက်နေမှာဆိုတော့ ခင်စာဆိုရဲ့ အုပ်ထိန်းသူတွေဆီမှာ ခွင့်တောင်းမှပေါ့။ သူကလည်း သမီးတို့ သားတို့လို ကျောင်းသူအရွယ်ပဲ ရှိသေးတယ်လေ။ သူ့အိမ်ကလွှတ်အောင် ဖေဖေတို့က သွားခွင့်တောင်းရမယ် သမီးတို့ရဲ့။ ဘယ်လိုလဲ ဖေဖေနဲ့အတူလိုက်ပြီး သွားပြော ကြမလား"

"အဲဒါဆို သွားမယ်လေ ဖေကြီးရဲ့"

အဲဒီလိုနှင့် သူဟာ သမီးတွေ သားတွေနှင့်အတူ ခင်စာဆို ချောင်းသာလိုက်ရဖို့အတွက် သူ့အိမ်က အုပ်ထိန်းသူ တွေဆီမှာ ခွင့်တောင်းသည့်အခါ သူမဦးလေးက အလွယ်တကူ ခေါင်းမညိတ်ပေမယ့် နောက်ဆုံးမှာတော့ လက်ခံသွားခဲ့ပါသည်။ အဲဒီအတွက် ချောင်းသာခရီးစဉ်ဟာ သွားဖို့ confirm ဖြစ်ခဲ့ပါ သည်။

✤ ❦ ✤

www.burmeseclassic.com

www.burmeseclassic.com



# ၉

စာဆိုသည် ဒီမိသားစုနဲ့အတူတူ ချောင်းသာသို့ လာခဲ့ရတာကို အရမ်းပျော်ပါသည်။ ဒီခရီးစဉ်ဖြစ်လာအောင် စာဆိုက အမိကတိုက်တွန်းခဲ့တာကလည်း တာရာ့လေးကြောင့်ဖြစ် သည်။ ညစ်နေတဲ့ လွမ်းနေတဲ့စိတ်တွေကို ဆေးကြောဖို့ရာ ပင် လယ်ရေဟာ အကောင်းဆုံး ဆေးတစ်ခွက်ပဲဖြစ်သည်။ ချောင်းသာ ကို စာဆို ရှစ်တန်းအရွယ် ဖေဖေနဲ့မေမေ ရှိတုန်းက တစ်ခေါက် လာခဲ့ဖူးသည်။ သိပ်ကို ပျော်ဖို့ကောင်းလှပေသည်။ ချောင်းသာက စာဆို့အတွက်လည်း ကိုယ့်မိသားစုနှင့်အတူ လရောင်ဆမ်းအချိန် တွေကို ပေးခဲ့ဖူးပါသည်။





ဒီတစ်ခေါက်ကတော့ စာဆို့မိသားစု မဟုတ်ပေမယ့် ဆို သံယောဇဉ်ရှိတဲ့ ဒီမိသားစုလေးနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် လာရတာဟာ စာဆို့အတွက်တော့ ပြန်မရနိုင် တော့ဘူးလို့ထင်ထားသည့် တစ်ခါတုန်းက ပျော်ရွှင်မှုတွေကို ပြန် ရခဲ့ပါသည်။ ကိုမိုးထိပ်ခေါင် စီစဉ်ထားတဲ့ Super Custom ce ကြီးကိုစီးကာ ပျော်ပျော်ရွှင်ရွှင် ခရီးထွက်လာရတာဟာ ကွာန်ပဲဖြစ်၏။ တာရာကို ကြည့်ရတာလည်း တော်တော်ပျော်နေ ပေါက်ပါသည်။ ချောင်းသာကို ရောက်ပြီဆိုလို့ ကားပေါ်ကဆင်း တာနှင့် ခုန်ပေါက်မြူးတူးနေပုံဟာ သက်ဝေသပဲဖြစ်သည်။

"ဟော့ ... တာရာ၊ မိုးလင်း၊ ရောင်နီ သိပ်မကဲကြနဲ့ဦး။ ဖေဖေ့စကား နားထောင်နော်။ ခု လိမ်လိမ်မာမာနေ စကားမများနဲ့။ လာကြ အခန်းသွားယူရမယ်"

စာဆိုတို့ဟာ reception မှာ အခန်းယူနေစဉ်မှာ တ်ပုံတင်ဆိုလို့ ကိုမိုးထိပ်ခေါင်က သူ့ရဲ့ဆလွယ်သိုင်းအိတ်ထဲ ာ ဖွင့်ကြည့်လို့ မတွေ့တော့ စာဆို့ဘက် လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မေ့နေလို့။ ငါတို့တွေ မှတ်ပုံတင်အားလုံး

ကားထဲက Laptop အိတ်ထဲ ထည့်ထားတယ်။ ကိုယ့်

အဲဒီမှတ်ပုံတင်တွေ တစ်ချက်သွားယူပေးပါဦး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ခဏလေးနော်"

စာဆိုက ခပ်သွက်သွက်ပင် reception ထဲက ထွ

လာ၍ ကားထဲမှာ မှတ်ပုံတင်သွားယူလေသည်။ မှတ်ပုံတင်

သောအခါ စာဆိုက ဘာသဘောနဲ့မှမဟုတ် ဒီလိုပဲ မှတ်ပုံတ

ကို ကြည့်လိုက်မိသောအခါ ကိုမိုးထိပ်ခေါင်ရဲ့မွေးသက္ကရာဇ်

ဖတ်မိသွားလေသည်။

ဟင် ... (16-10-1982)တဲ့။ ဒါဆို သူ့အသက်

သုံးဆယ်ပေါ့။ စာဆိုသည် ဖြန်းခနဲပင် မကြာသေးခင်က ဘုန်းရှိန်

ပြောခဲ့တာကို နားထဲပြန်ကြားယောင်သွားသည်။

[ဒီလူ သူတို့ရဲ့အဖေရင်း လုံးဝမဖြစ်နိုင်ဘူး။ နင် စဉ်းစား

ကြည့်ပါဦး။ အသက်သုံးဆယ်အရွယ် အဖေတစ်ယောက်





မှာ ဆယ့်ခြောက်နှစ်သမီး ရှိနိုင်မလား။ အဲဒီလူက ဆယ့်ခြောက်နှစ်ကတည်းက အိမ်ထောင်ပြုထားလို့လား ...

ငါ လုံးဝပြောရဲတယ်။ အဲဒီလူက တာရာ့ရဲ့အဖေရင်း မဟုတ်ဘူး]

ဟုတ်သလား ... ဘုန်းရှိန် ပြောတာကတော့ အမှန်ပဲဖြစ်သည်။ ဘယ်လိုပဲ စဉ်းစား စဉ်းစား အသက်သုံးဆယ်အရွယ် အဖေတစ်ယောက်ဆီမှာ ဆယ်တန်းကျောင်းသူ သမီးကတော့မရှိနိုင်တာ သေချာပေသည်။ ဒါ ... ဒါဆို။ တာရာက ကိုမိုးထိပ်ခေါင်ရဲ့သမီး မဟုတ်ဘူးလား။ ပြီးတော့ ရောင်နီနဲ့ မိုးလင်းကကော ...။ တာရာနဲ့ တကယ့်မောင်နှမတွေ ဟုတ်ရဲ့လား။

အာ ... သွားစမ်း အဲဒီအတွေးတွေ။ စာဆိုသည် မျက်စိစုံမှိတ်ကာ ခေါင်းကိုခါယမ်းကာ အတွေးတွေကို မောင်းထုတ်ပစ်ပြီး reception ထဲ ပြန်ဝင်လာခဲ့တော့သည်။ ဆက်ပြီးမတွေးတော့ပါဘူး။ ဒီကိစ္စဟာ စာဆိုနဲ့လည်း ဘာမှမဆိုင်တဲ့ကိစ္စပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွေးလျှင် ထပ်သိလာနိုင်မည့် နီးစပ်နိုင်တဲ့ အဖြေကိုလည်း တကယ်မသိချင်တာကြောင့် မသိချင်ယောင်ပဲ ဆောင်နေလိုက်တော့သည်။ တစ်ခါတစ်ရံမှာ မဟုတ်မှန်းသိပေမယ့်လည်း ဟုတ်နေတဲ့ အနေအထားမှာမို့ ဟုတ်ကဲ့လို့ပဲ ခေါင်းညိတ်လက်ခံရမှာ ဖြစ်ပါသည်။

✤ ❣ ✤



မနက်မိုးလင်းတာနှင့် စာဆိုနဲ့ ကလေးတွေဟာ breakfast ကို အပြေးအလွှားစားကာ ပြီးတာနဲ့ သောင်ပြင်ဆီအပြေးသွားကာ ဘောကွင်းကိုယ်စီယူကာ ရေထဲမှာ သောင်းကျန်းကြတာဖြစ်သည်။ ရယ်တော့ ရယ်စရာကောင်းလှပါသည်။ စာဆိုတစ်ယောက်တည်းက ရေမကူးတတ်သူဖြစ်၍ ကျန်သူအားလုံးကတော့ ရေကောင်းကောင်း ကူးနိုင်ကြပါသည်။ မိုးလင်းကအစ ကြီးချို့အဆုံး အားလုံးက ရေကူးတတ်ကြ၍ အားလုံးက သူ့ဟာနဲ့သူ ပျော်ကြရသည်။

စာဆိုကတော့ ကလေးသုံးယောက်နဲ့အတူ ရေထဲဆင်းကာ သူတို့သုံးယောက်ကို လိုက်ထိန်းရင်း ပင်လယ်ရေထိတွေ့ပြီး လန်းဆန်းလာခဲ့ရသည်။ အခုဆို စာဆို့ရဲ့စိတ်တွေဟာ ယောင်ချာချာမဟုတ်တော့ဘဲ တည်ငြိမ်စပြုလာပြီဖြစ်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



တာရာလေးကလည်း တော်တော်ပျော်နေပြီ ဖြစ်တာကြောင့် စိတ်သက်သာရပါသည်။

"ဟော့ ... သမီးတို့ သားတို့ မမောကြသေးဘူးလားကွ တက်တော့လေ။ ဟိုမှာ ... ဘွားချိုက မင်းတို့အတွက် အုန်းရေ စီစဉ်ထားတယ်"

"ဟား ...တက်သေးဘူး။ မီးတို့က ဒီမှာ ဆော့လို့ကောင်းတုန်း"

သူက စာဆိုရှိရာဘက်သို့ လျှောက်လာခဲ့ပြီးမှ စာဆိုကို စကားလှမ်းပြောလေသည်။

"ဟော့ ... ခင်စာဆို၊ တက်ချင် တက်တော့လေ။ မင်း ခဏနားလိုက်ဦး၊ ငါပဲ ကလေးတွေကို ထိန်းလိုက်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စာဆိုက စကားကို နာခံစွာဖြင့်ပင် ကိုယ့်ရဲ့ဘော ကွင်းကိုဆွဲကာ ကြိုးချုံဆီသို့သွားဖို့ ရေထဲမှာနေးတုံ့ နေးတုံ့ဖြင့် လျှောက်လာရသည်။ ကလေးတွေနဲ့အတူ ရေအလယ်ပိုင်းလော



ကို လာခဲ့တဲ့ စာဆိုဟာ တဖြည်းဖြည်းချင်း မျှောလိုက်လာရင်း တစ်ချိန်မှာတော့ စာဆို့တစ်ကိုယ်လုံးကို အုပ်မိုးရိုက်ချလိုက်သော ခပ်ပြင်းပြင်း လှိုင်းလုံးကြီးတစ်လုံးကြောင့် လူက လန့်ဖျပ်သွား တာ ကသောကမျောဖြစ်၍ လူနှင့်ဘောကွင်း တခြားစီဖြစ်သွား တော့သည်။ လှိုင်းက နောက်တစ်ချက် ထပ်ပုတ်လိုက်သောအခါ စာဆိုက ရေထဲမှာ ကိုးရိုးကားရားတွေဖြစ်၍ မွန်ထူကုန်ကာ အသက်တောင် မရှူနိုင်တော့ချေ။ ပင်လယ်ရေငန်ကျိုကျိုတွေက စာဆိုရဲ့နှာခေါင်းထဲ ပါးစပ်ထဲ အကုန်ဝင်လာကာ မျက်စိတွေက လည်း ကျိန်းစပ်ကာ ဘယ်လိုမှ ပြန်မထနိုင်တော့။ လှိုင်းတွေက တစ်လုံးပြီးတစ်လုံးလာပုတ်။ စာဆိုဟာ သေပြီလို့ပဲ မှတ်ယူလိုက် ချိန်မှာ "ဟာ ... ခင်စာဆို" ဟူသော အသံကို မသဲမကွဲကြားရပြီး နောက် စာဆိုဟာ ပူနွေးသောအထိအတွေ့နှင့်အတူ ရေထဲကနေ မြောက်ပါလာကာ စာဆို့ရဲ့ကျောပြင်ဟာ ပျော့အိနေတဲ့ သဲပြင်ပေါ် ရောက်လေသည်။ စာဆိုက ရေမွန်းပြီး မျက်လုံးမဖွင့်နိုင်သေးခင် စာဆိုရဲ့ပါးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းပုတ်နှိုးကာ ...

www.burmeseclassic.com



"ဟော ... ခင်စာဆို ... ခင်စာဆို"

"ကလေးထိန်းအစ်မ ... ကလေးထိန်းအစ်မ"

စာဆိုဟာ ခေါ်သံတွေကြောင့် မျောနေတဲ့ ကမ္ဘာထဲက လူးလွန့်နိုးထလာပြီး မျက်ဝန်းတွေကို အသာဖွင့်လိုက်လျှင် နိုးရိမ်တကြီးဖြင့် ငုံ့မိုးကြည့်နေသည့် ကြီးချို၊ သူနှင့် ကလေးသုံးယောက်ကို တွေ့လိုက်လျှင် နွေးထွေးသွားတော့သည်။

"မင်း သတိရလာပြီလား"

စာဆိုက ခေါင်းတစ်ချက်သာ အသာငဲ့ပြလိုက်လျှင် သူက တော်သေးတာပေါ့လို့ ခပ်တိုးတိုးဆိုလေသည်။ စာဆို့ကို ချစ်ရှာသော ကလေးသုံးယောက်ဟာ စာဆို့လက်ကို ဆုပ်ကိုင်ကာ ...

"တော်သေးတာပေါ့ အစ်မရယ်။ အားလုံး စိတ်ပူသွားတာပဲ"

စာဆိုက အသာအယာ ထထိုင်လိုက်ကာ အားလုံးကို ပြုံးပြလိုက်ပြီး ...



"အားလုံးကို ကျေးဇူးတင်ပါတယ်။ စာဆို့အတွက် စိတ်ပူရလို့ တောင်းပန်ပါတယ်"

"ရပါတယ်ကွာ။ နောက်ဆို သတိထားကြားလား။ ငါတို့ပါတဲ့အချိန်မှ ရေထဲဆင်း ကြားလား။ ရောင်နီ၊ မိုးလင်း၊ တာရာ မမကို ရေထဲဆင်းမယ် ဆင်းမယ်နဲ့ အတင်းမခေါ်ရဘူးနော်။ ဖေဖေနဲ့ ဘွားချိုပါပါမှ ရေထဲဆင်းရမယ်"

"ဟုတ်ကဲ့ ... ဖေ"

"ကဲ ... ဒါဆို အခန်းပြန်ရအောင်။ မင်း တော်ကြာ ရေနဲ့ ပြန်အအေးပတ်ပြီး ဖျားနေဦးမယ်"

အဲဒီစကားဟာ စာဆို့ရင်ထဲမှာ ရေနွေးပူပူလေး သောက်လိုက်ရသလို အရမ်းနွေးထွေးသွားသည်။ ကြီးကြီးမားမား ကြင်နာမှုမျိုး မဟုတ်ပေမယ့် စာဆိုဟာ ကိုယ့်ဟာကိုယ် ဘာဖြစ်လို့ ဘာဖြစ်သွားမှန်း မသိအောင်ကို စိတ်လှုပ်ရှားသွားမိတာမျိုး ဖြစ်သည်။ အို ... ဘာတွေဖြစ်ကုန်တာလဲ။ စာဆိုဟာ စိတ်အရှိန်းကို မောင်းထုတ်ပစ်လိုက်ကာ မတ်တတ်ထရပ်၍ ယိုင်တိုင်တိုင်

www.burmeseclassic.com



ဖြင့် အားလုံးနှင့်အတူ အခန်းပြန်ချိန်မှာတော့ တာဆိုတို့ကို သေသေချာချာ စူးစူးစိုက်စိုက်နှင့် ကြည့်နေသော မျက်ဝန်းတစ်စုံကို မထင်မှတ်ဘဲ တွေ့လိုက်ရပါသည်။

❖ ❖ ❖





## ၁၀

"အစ်မ ... ဒီအချိန်လောက်ဆို သူ ဘာများလုပ်မနေမလဲ မသိဘူးနော်"

တာဆိုနှင့် တာရာဟာ ဟိုတယ်ရဲ့ Sea View နေရာက ကုက္ကိုသားခုံကြီးမှာထိုင်ကာ Sun Set ကို ခံစားနေကြတာဖြစ်သည်။ ချောင်းသာမသွားခင် ဝယ်ထားတဲ့ တာရာ့ရဲ့ဂစ်တာအလတ်လေးကို ရင်ခွင်ပိုက်ကာ ပင်လယ်ကိုကြည့်၍ ဘုန်းရှိန်အကြောင်း သတိရနေတဲ့ တာရာလေးကို အသာနှစ်သိမ့်ပေးကာ...



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ... ဘာမှစိတ်ညစ်မနေပါနဲ့ကွာ။ အချစ်ဆိုတာ ဒီလိုမျိုးပါပဲ။ သိပ်ကောင်းတဲ့အရာတော့ မဟုတ်ပါဘူး"

"အာ ... အစ်မကလည်း ဘာတွေပြောနေမှန်း မသိဘူး စိတ်ညစ်ပါတယ်ဆိုနေမှ။ ဒီမှာ အစ်မ ရင်ထဲမှာ ပန်းတွေ ပွင့်နေတာ မဟုတ်ဘူး။ ဒူးရင်းသီးတွေ သီးနေတာနော် အာ ... အရမ်းညစ်တယ်"

စာဆိုသည် တာရာ့ရဲ့ဒိုင်အသစ်ကြောင့် သဘောကျ စွာ ပြုံးမိသွားသည်။ ရင်ထဲမှာ ပန်းတွေပွင့်နေတာ မဟုတ်တဲ့ စာဆိုကော တာရာဟာ ဒူးရင်းသီးရဲ့ဆူးဒဏ်တွေကို ကြိတ်မှိတ် ခံစားရင်း ဟန်ဆောင်နေ,နေကြတာဖြစ်သည်။

"အစ်မ ... ဘာပြုံးနေတာလဲ"

"ဩော် ... ရည်းစားထားခြင်းရဲ့ဆိုးကျိုးတွေကို စဉ်းစားမိ လို့ပါ။ ရည်းစားထားရတာက ပျော်ရတာ ကြည်နူးရတာ ထက် စိတ်ညစ်ရတာက ပိုတယ်။ မချစ်တာ အကောင်းဆုံး ပါပဲ တာရာရယ် ...





"ယော ... ဟိုးက ပင်လယ်ကြီးပဲ ကောင်းတယ်။ သူ့ဘာသူ တသီးတသန့်ရှိတယ်။ လူတွေက သူ့ဆီကို ဘယ်လိုစိတ်ခံစားမှုမျိုးနဲ့ပဲလာလာ သူကတော့ လူတွေကို တစ်သမတ်တည်းပဲ ဆက်ဆံတယ်။ အချိန်မှန်မှန် လှိုင်း ထတယ်။ စိတ်ကြည်နူးမှုကို ပေးတယ်"

စာဆိုက ကိုယ့် feel နဲ့ကိုယ် ပင်လယ်ကြီးကိုငေး ကြည့်ရင်း ပြောနေတာကို တာရာက အံ့အားသင့်သလို စာဆို့အား ငေးကြည့်၍ မေးခွန်းထုတ်လာလေသည်။

"အစ်မကြည့်ရတာ သမီးလိုပဲ ခံစားနေရတဲ့ပုံ ပေါက်နေ တယ် ...

ဘာဖြစ်လို့လဲ အစ်မ"

စာဆိုက ဒီတော့မှ ကိုယ့်ကိုယ်ကိုယ် သတိပြန်ထား သွားကာ ရှက်ရယ်တစ်ချက် ရယ်လိုက်ပြီး တာရာ့ရဲ့ဆံပင်လေး တွေကို အသာသပ်တင်ပေးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ တာရာလေးရယ်။ အစ်မလည်း ညီမ လေးလိုပဲ သိပ်ခံစားပြီး အသည်းကွဲနေရတယ်"

"ဟယ် ... တကယ်။ အစ်မရည်းစားက အစ်မကို block လုပ်သွားလို့လား"

ချစ်ဖို့ကောင်းစွာသော interview ကို စာဆို သက်ပြင်းတစ်ချက်ချရင်း ရယ်ကျဲကျဲ မျက်နှာဖြင့် ပြန်ဖြေ လိုက်ပါသည်။

"block လုပ်သွားတာထက်ဆိုးတဲ့ သစ္စာမရှိတဲ့ အလုပ်ကို လုပ်သွားတယ်။ လောကမှာ ချစ်တဲ့သူက ချစ်ပါတယ်ဖြေ ပြီး သစ္စာဖောက်ခံလိုက်ရတဲ့ အဖြစ်ဟာ အခံစားရဆုံး အသည်းကွဲခြင်းပဲ ...

အစ်မလည်း အသည်းကွဲနေတာပဲ တာရာ။ ဒါဆို အစ်မပုံက ဆွေးနေတဲ့ပုံ ပေါက်လို့လား"

"ဟင့်အင်း"



"အဲဒါပဲ။ မမ တာရာ့ကို သူ့ကြောင့်မခံစားစေချင်ဘူး။ ဒီချောင်းသာကိုလာတဲ့ အဓိကရည်ရွယ်ချက်ကလည်း သူ့ကို မေ့သွားနိုင်အောင်လို့။ မေ့ပစ်လိုက်ပါ တာရာ။ အွန်လိုင်းမှာ ချစ်ခဲ့ပြီး ဆုံတောင်မဆုံဖူးသေးတဲ့ လူတစ်ယောက်အတွက် အရမ်းမခံစားပါနဲ့၊ အေးဆေးနေပါ"

ကိုယ် တကယ်ခံစားပြီးမှ သိတဲ့အသိတစ်ခုအတွက် စာဆိုက တာရာ့ကို စေတနာထားပါသည်။ တာရာလေးကို ဘုန်းရှိန်ရောင်မင်းဆိုတဲ့ နာမည်တစ်လုံး သူ့ခေါင်းထဲက ထွက်သွားအောင် စာဆို ကူညီချင်ပါသည်။ ဘုန်းရှိန်ဟာ မချစ်သင့်တဲ့ ယောကျ်ားမျိုး ဖြစ်ပါသည်။ စာဆိုတောင် သူ့ကိုနည်းနည်းချစ်မိ၍ များများခံစားနေရသည်။ စာဆို့ရဲ့တရားဝင်အသည်းကွဲခွင့်မရှိတဲ့ ဘဝအတွက် စာဆို ထူးထွေပြီး ဝမ်းနည်းမနေဖြစ်ပါ။ ဒီယောကျ်ားကို အဖြေမပေးရသေးခင် ကွေကွင်းရတာကိုက ကံကောင်းတယ်ပဲ ပြောရပါမည်။ စာဆို ကံကောင်းဖို့ တာရာအသည်းကွဲရတာကိုတော့ တကယ်ပဲ စိတ်မကောင်းပါ။ ဒါကြောင့်မို့လည်း

www.burmeseclassic.com

www.burmeseclassic.com



စာဆို့ခံစားချက်ထက် တာရာ ပျော်ရွှင်ဖို့ကို အဓိက ဦးစားပေး
ဖြစ်ပါသည်။

"ဘာပဲဖြစ်ဖြစ် ကလေးထိန်းအစ်မကို ကျေးဇူးတင်
တယ်။ သမီးကို စေတနာထားပေးတာတွေအတွက် အစ်
ကို အရမ်းကျေးဇူးတင်တယ်။ သမီးလည်း အစ်မပြော
သလိုမျိုး စိတ်ကို အေးဆေးထားပြီး အရမ်းမခံစားတော့
အစ်မ။ သမီး ဆယ်တန်းကို ဂုဏ်ထူးတွေပါအောင်
ကြိုးစားတော့မယ်။ သမီး ကတိပေးပါတယ် အစ်မ"

ဘာပဲဖြစ်ဖြစ် တာရာ့စိတ်တွေ အခုလိုဖြစ်လာ
ဟာ အဆိုးထဲက အကောင်းလို့ပဲ ပြောရပါမည်။ စာဆို
တာရာလေးအတွက် ကျေနပ်စိတ်ဖြင့် ခေါင်းတစ်ချက်ဆတ်ပြလို
သည့်အခါ တာရာက ပြုံးရွှင်သွားသော မျက်နှာထားဖြင့် Top
ပြောင်းသွားလေသည်။

"အစ်မ သီချင်းဆိုကြရအောင်"

"ဟင် ... တာရာက ဆိုတတ်လို့လား"



"နည်းနည်းပါးပါးတော့ ရပါတယ်။ သမီးရဲ့ဂစ်တာလေး
နည်းနည်းလောက် တီးခေါက်လိုက်ကြမလား။ သမီး site
တစ်ခုမှာ ဖတ်ဖူးတယ် အစ်မရဲ့။ ဂီတဟာ စိတ်ရဲ့ထွက်
ပေါက်တဲ့။ သမီးတို့စိတ်တွေက တစ်ယောက်တစ်မျိုး
မွန်းကျပ်နေကြတာပဲမလား။ အဲဒီတော့ ဒီလို Sun Set
View လေးကို ခံစားပြီး ဟဲလိုက်ကြမလားလို့"

စာဆိုက တာရာရဲ့စကားကြောင့် သဘောတကျ
ရယ်မောလိုက်ပြီးမှ ...

"အစ်မက ဂစ်တာမတီးတတ်ဘူးနော်။ တာရာတီးတတ်လို့
လား"

"မတီးတတ်ဘဲ ဂစ်တာကို အဖော်ဆောင်ပါ့မလား အစ်မရဲ့။
သမီးရဲ့ဆရာက ဂစ်တာတီး သင်ပေးထားတယ်"

"အမယ် ... တယ်ဟုတ်ပါလား။ အဲဒါဆို မိုက်ခဲလှပြီတော့
မှာပေါ့လေ။ တာရာက ဘာသီချင်းဆိုမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



တာရာက သူမရဲ့ဂစ်တာလေးကို ပွေ့ပိုက်ထား ကြီးညှိနေပုံရပါသည်။ စာဆိုကို မကြည့်ဘဲနဲ့ မေးခွန်းထုတ်သေ သည်။

"ဒါနဲ့ အစ်မရည်းစားက ပထမဆုံးသူလား"

"ဆိုပါတော့ ... ဘာလို့လဲဟင်"

စာဆိုက အမေးပြန်ပြလျှင် တာရာသည် သံစဉ် တစ်ခုကို တီးခတ်လိုက်ရင်းက အပြုံးတစ်ခုဖြင့် ပြန်ဖြေသေ သည်။

"သမီးအတွက်လည်း သူက ပထမဆုံးလူပဲ အစ်မ။ သမီး နဲ့အစ်မက first love သီချင်းဆိုဖို့ အသင့်ဆုံးပဲလေ။ ဟုတ်ဖူးလား"

ပင်လယ်နဲ့ ရောပြွမ်းနေသောလေသည် စာဆိုမျက်နှာ နားကနေ ကလူကျီစယ်သွားကာ ရေထဲဝင်ခါနီး နေမင်းကြီးက စာဆိုစိတ်တွေကို လှုပ်ခတ်စေသည်။ အဲဒီအတွက် စိတ်ရဲ့ထွက် ပေါက်အဖြစ် စာဆိုဟာ တာရာ့ရဲ့ဂစ်တာသံ တဒေါင်ဒေါင်နောက်



ကောက်ကောက်ပါအောင်လိုက်ကာ ဝိုင်းစုရဲ့ "first love"ကို တာရာနဲ့အတူ mood အပြည့်ဖြင့် ဟစ်ကြွေးမိသွားတော့သည်။

"အလွမ်းနဲ့ ညနေညိုတွေ ဆုံတဲ့အခါ xxx ပုံပြင်ဟောင်း လေး တစ်ပုဒ် လှုပ်ခတ်နိုးလာ xxx မေ့နိုင်ခဲ့မယ်ထင်တဲ့ အကြောင်းအရာများ xxx နှလုံးသားထဲမှာ ပြန်တမ်းတ xxx အချစ်ရဲ့လိပ်ပြာငယ်တွေ လေထဲမှာ xxx တိမ်တွေ လည်း လွင့်နေဆဲပါ xxx အတွေးတွေထဲ လာထင်တဲ့ အရိပ်တွေက xxx အခုထက်ထိအောင် ပြုစားလား xxx

first love xxx ပထမဆုံး one xxx ပထမဆုံး ကမ္ဘာ xxx ပထမဆုံးနှလုံးသား xxx ဟိုအရင်တုန်းက ရင်ခုန်နှုန်းများ xxx အဖြူစင်ဆုံးခဏ xxx xxx xxx"

လှိုင်းခတ်သံတို့က ဟာမိုနီလိုက်ပေးကာ ဝင်တော့ မယ့် နေမင်းကြီးက လက်ခုပ်တီးပေးနေသောအခါ စာဆိုတို့ရဲ့ အဆွေး mood တွေက ကြွတက်လာကာ ကိုယ့်ကိုယ်ကိုယ် မေ့ပျောက်ဆုံးသွား၍ သီချင်းထဲမှာ ပျော်ဝင်စီးမျောသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... အစ်မက အသံတော်တော်ကောင်းတာပဲ။ သမီးတောင် အသံက ဘယ်ချောင်ကပ်သွားသလဲ မသိဘူး"

"ဩော် ... ဒီကလေးနှစ်ယောက် ပျောက်လို့ရှာနေတာ။ ဒီမှာလာပြီး ဆိုကြမယ်ပေါ့ လုပ်နေတာကိုး။ တာရာ ... သမီးကို သမီးအဖေ ခေါ်နေတယ် ...

ကဲ ... စာဆို တာရာ လာကြ၊ dinner စားကြရအောင်"

"ဟုတ် ... ဘွားရို့"

တာရာက သူ့ဂစ်တာလေးမ,ကာ ဘွားရို့လက်တွဲပြီး ထလျှင် စာဆိုဟာ သိပ်လည်းစားချင်စိတ် မရှိတာကြောင့် ...

"ဟို ... ကြီးရို့တို့ပဲ စားကြပါ။ သမီး မစားချင်သေးလို့ ဒီနေ့ မစားတော့ဘူး။ ဒီမှာခဏထိုင်လိုက်ဦးမယ် ကြီးရို့"

"ဟယ် ... ကလေးထိန်းအစ်မက ဘာလို့မစားတာလဲ"

"အေးလေ ... ဟုတ်သားပဲ သမီးရဲ့၊ တစ်ခါတည်း မိသားစု ပျော်ပျော်ရွှင်ရွှင် စားကြတာပေါ့။ ဘာဖြစ်လို့လဲ ... နေမကောင်းလို့လား စာဆို"



ကြီးရို့က ကြင်နာစွာ စာဆို့နဖူးလေး လာစမ်းလျှင် စာဆိုသည် ကြီးရို့ရဲ့လက်တွေကို ဆုပ်ကိုင်ကာ ...

"နေကောင်းပါတယ် ကြီးရို့။ စာဆို ဘာမှမဖြစ်ပါဘူး။ ထမင်းမဆာသေးလို့ မစားတာပါ။ ဟို ... ပြီးတော့ ဒီမှာ ခဏလေးထိုင်ပြီး လေရှူချင်သေးလို့။ ခဏနေရင် အခန်း ပြန်မှာပါ"

"အေးကွယ် ... ဗိုက်ဆာရင်လာခဲ့နော်။ ကြီးရို့တို့ စားသောက်ခန်းမှာ ရှိတယ်"

စာဆိုက ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် ကြီးရို့နှင့် တာရာလေးက စိတ်ချစွာ ထွက်သွားပြီဖြစ်သည်။ အခုတော့ စာဆို့အနားမှာ ဘယ်သူမှ မရှိတော့ပါ။ အခုမှပဲ ငါခံစားရတော့မယ် ဘုန်းရှိန်ရယ်။ စာဆိုသည် မချစ်ပါဘူးလို့ ဘယ်လောက်ပဲ ပြောပြော ကိုယ့်နှလုံးသားကို ကိုယ်ပဲဘာသာပြန်တတ်ကာ နေး အလည်နိုင်ဆုံးမို့ ခံစားရပါသည်။ ဘုန်းရှိန်နဲ့ နောက်ဆုံးတွေ့ခဲ့သည့်နေ့က စာဆို သူ့ကို အပြတ်ပြောပြီး အပြီးပြတ်ခဲ့ပြီးပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကို စိတ်ပေါက်ပေါက်ဖြင့် နင့်နင့်နဲနဲကို ပြောမိသွားတာ ဖြစ်သည်။

စာဆို့ကို သစ္စာမရှိဘဲ တခြားတစ်ယောက်တွဲတာကို စိတ်နာရတဲ့အပြင် အဲဒီတခြားသူက တာရာဖြစ်တဲ့အတွက် စာဆို့မှာ ဘုန်းရှိန်အတွက် ထွက်စရာဒေါသက မိုးလောက်ကြီး ဖြစ်ပေသည်။ သူ့ရဲ့အရှုပ်တော်ပုံအတွက် ဒေါသဖြစ်ရ စိတ်နာရသလို တစ်ဖက်ကလည်း စာဆို့နှလုံးသားအတွက် ခံစားရပေသည်။

အချစ်ဟာ အရမ်းကို ပူလောင်လွန်းလှပါသည်။

"စကားခဏပြောလို့ ရမလားမသိဘူး"

စာဆိုသည် ပျောက်ကွယ်လုဆဲဆဲ နေမင်းကြီးကို ငေးကြည့်ကာ တစ်ယောက်တည်း ငေးငိုင်နေချိန်မှာ မာဆတ်ဆတ်အသံကြောင့် လှည့်ကြည့်မိလျှင်တော့ အမျိုးသမီးတစ်ဦးကို သွားတွေ့လေသည်။ မြင်လိုက်တာနှင့် အရှိန်အဝါလင်းနေတဲ့ အမျိုးသမီးသည် မင်းဝတ်သီးရောင်ဆံပင်တွေကို တန်ဖိုးကြီးကြီးသုံး၍ ခွေနွဲ့လှပစွာ ကောက်ထားပါသည်။ ဉပမိရုပ်ကတော့ ခပ်တင်း



တင်းဒီဇိုင်းဖြင့် အပေါ်စီးကပဲဆိုတဲ့ ပုံမျိုးဖြစ်သည်။ နေပါဦး … သူမကို စာဆိုမြင်ဖူးသလိုပဲ။ စာဆိုသည် အလျှင်အမြန် စဉ်းစားကြည့်လိုက်လျှင် မနေ့က စာဆိုတို့ကို စောင့်ကြည့်နေတဲ့မျက်ဝန်းပိုင်ရှင်မှန်း ရုတ်တရက် မှတ်မိသွားသောကြောင့် စာဆိုက အကဲခတ်သလိုကြည့်ရင်းက …

"ဟုတ်ကဲ့ … ဘာကိစ္စများ ရှိလို့ပါလဲ"

အမျိုးသမီးက စာဆို့သေားက ကုက္ကိုသားခုံကြီးမှာ ဝင်ထိုင်ကာ သူ့ကိုယ်သူ အရင်မိတ်ဆက်လေသည်။

"တို့နာမည် မေစိမ့်စမ်းလင်းလို့ ခေါ်တယ်။ မင်းက"

"ခင်စာဆိုပါ"

"ဟုတ်ပြီ … ခင်စာဆိုနော်။ မင်းနဲ့ မိုးထိပ်ခေါင်က ဘာတွေလဲ။ ဘယ်လိုပတ်သက်သလဲ"

ဟား … ဘာကြီးလဲ။ စကားပြောတာ ရင့်သီးလှချည်လား။ ပုံစံကတော့ အမာကြီးဒီဇိုင်းပဲဖြစ်သည်။ စာဆိုတက်အသက်ကြီးတဲ့ပုံ ပေါ်ပေမယ့်လည်း ဒီလိုမျိုးတော့ မင်းတွေ ဘာ

www.burmeseclassic.com

www.burmeseclassic.com



တွေခေါ်ပြီး ရှင့်စရာတော့ မလိုဘူး ထင်သည်။ သူ မယဥ်ကျေး တဲ့အတွက် စာဆိုကလည်း နပြုမနေပါ။ ထိမထင် စိုက်ကြည့် ကာ ...

"ဘာကိစ္စ မေးတာလဲ။ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"တို့က ဘာလဲဆိုတော့ မိုးထိပ်ခေါင် ကလေးတွေရဲ့အမေ ပဲ။ မင်း မသိဘူးထင်တယ်"

စာဆိုသည် ဘာပြန်ပြောလို့ ပြောရမှန်းတောင်မသိ တော့ချေ။ စာဆို တစ်ချိန်လုံး တွေးနေမိသည့် ကလေးတွေရဲ့ အမေဆိုတာ အခု စာဆိုရှေ့မှာထိုင်နေတဲ့ အမျိုးသမီးတဲ့။ ဒါ ... ဒါဆို ကိုမိုးထိပ်ခေါင်ရဲ့ဇနီးပေါ့။ စာဆိုသည် ဘာဖြစ်မှန်းမသိ စွာဖြင့် ရင်ထဲမှာ ဝမ်းနည်းသလိုကြီး ဖြစ်သွားရသည်။ စာဆို ဘာပြန်ပြောရမှန်း မသိခင်မှာ အမျိုးသမီးက စကားဆက်ပြော ပါသည်။

"မင်း ဘာလဲဆိုတာတော့ တို့ မသိဘူး။ ဒါပေမဲ့ တစ်ခါ တည်း သတိပေးထားမယ်။ ကလေးတွေကို မင်းစည်းရုံး



သိမ်းသွင်းဖို့ မကြိုးစားပါနဲ့။ ငါ့ကလေးတွေနဲ့ ကင်းအောင် နေပါ"

"ဒီမှာ ... ရှင် သိပ်တရားလွန်နေပြီ။ စကားပြောမရိုင်းပါ နဲ့"

"ဘာ ... မင်းကများ"

"ခင်စာဆိုရေ ... ဟော့ ... စာဆို"

အဲဒီစကားသံနှစ်ခုဟာ တစ်ပြိုင်တည်း ထွက်ပေါ်လာ တာပဲဖြစ်သည်။ စာဆို့ဆီ လျှောက်လှမ်းလာတဲ့ ကိုမိုးထိပ်ခေါင် ဟာ စာဆို့ဘေးက အမျိုးသမီးကိုမြင်လျှင် "မင်း ... မင်း"ဆိုပြီး ထဒင်ရှော့ခ်လ်ရသွားပုံ ရပါသည်။

ပြီးတော့ ကိုမိုးထိပ်ခေါင်ရဲ့ မျက်နှာဟာ စာဆို တစ်ခါမှ မမြင်ဖူးစွာသော ခက်ထန်မာကျောမှု မျိုးဖြင့် တင်းထန် နေသည်။

"မိုး ... ကျွန်မ ပြန်ရောက်တာ ခြောက်လလောက်ရှိပြီ။ မိုးက ခြေရာပျောက် တော်တယ်နော်"

www.burmeseclassic.com



ဘာတွေမှန်း သေချာမသိပေမယ့် စာဆိုသည် ကိုမိုးထိပ်ခေါင်ရဲ့ ဖြစ်ပျက်သွားတဲ့ပုံစံကိုကြည့်ကာ သဘောတွေပေါက်သလိုရှိပါသည်။ သူက ခပ်တင်းတင်းစိုက်ကြည့်ကာ တောက်တစ်ချက်ကို အသံပြင်းပြင်းခေါက်လိုက်လျှင် ဘေးက စာဆိုတောင်လန့်သွားရလေသည်။ ဘာလို့ သူ ဒီလောက်ဒေါသတွေကြီးနေရတာလဲ။ ကိုမိုးထိပ်ခေါင်သည် အမျိုးသမီးကို မီးဝင်းဝင်းတောက်ကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုး၍ ...

"မင်း ငါတို့မျက်စိရှေ့ကို ယောင်လို့တောင်မှ ထွက်မလာနဲ့ မေစိမ့်စမ်းလင်း။ မင်းကို ငါ သတ်ပစ်ဖို့ ဝန်မလေးဘူး ငါတို့နား ဘယ်တော့မှ မလာနဲ့ ...

သွားမယ် ... ခင်စာဆို"

သူက စာဆို့လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆောင့်ဆွဲကာ လှည့်ထွက်သွားလျှင် စာဆို့မှာ ဘာမှန်းမသိ ယက်ယက်ယက်ကန်ဖြင့် ပါလာရသည်။ ခဏနေတော့ အမျိုးသမီးက စာဆိုတို့ကြားအောင် လှမ်းပြောသည်။



"အိုး ... ကြောက်စရာကြီးပါလား။ မိုးစကားကို ကျွန်မက နားမထောင်တတ်တာ အကျင့်ဖြစ်နေပြီ မိုးရဲ့။ Sorry ကျွန်မ မကြောက်တတ်ဘူး"

သူက နောက်တစ်ခါ တောက်ခတ်၍ စာဆို့လက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲကာ ထွက်လာခဲ့လေတော့သည်။ စ်နေရာအရောက်မှာတော့ စာဆို့လက်တွေကို ဆောင့်ခနဲလွှတ်ကာ မီးဝင်းဝင်းတောက် နဂါးမျက်လုံးတွေဖြင့်ကြည့်၍ ...

"မင်းနဲ့သူ ဘာပတ်သက်သလဲ။ မင်း ဘယ်သူလဲ၊ ပြောစမ်း"

စာဆို့ကို ဒေါသတွေကန်နေတဲ့အသံဖြင့် ကြုံးအော်လေင် စာဆိုဟာ ဆိုဖွယ်ရာမရှိအောင် နှင့်သွားရသည်။ သူ ... သူဆို့ကို အထင်မှားနေပြီ။

"ဘာမှမပတ်သက်ဘူး။ ရှင်မယုံလည်း မတတ်နိုင်ဘူး။ ကျွန်မကို သူက ကလေးတွေနဲ့ မပတ်သက်ဖို့ ဝမ်နင်လာပေးနေတာမို့ ကျွန်မနဲ့ စကားများနေတုန်း ရှင် ရောက်လာတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အဲဒီလို ခပ်နိမ့်နိမ့် မထင်ပါနဲ့"

"ဆောရီး ... ခင်စာဆို။ မဟုတ်လည်း ပြီးတာပါပဲ။ ဒါနဲ့

မင်းကို သူ ဘာတွေပြောသေးလဲ"

"ဟင့်အင်း ... ကလေးတွေနဲ့ မပတ်သက်ဖို့ ပြောနေတုန်း

ရှင် ရောက်လာတာပါ"

သူဟာ ဒီတော့မှ စိတ်အေးသွားဟန်ဖြင့် လေပူတစ်

ချက် မှုတ်ထုတ်လိုက်ကာ ...

"မင်းကို ငါ ယုံကြည်လို့ ရပါရစေ ခင်စာဆို။ ဒီကနေ့

ကိစ္စကို မင်း မေ့လိုက်ပါ ...

အထူးသဖြင့် တာရာတို့ရှေ့မှာ လုံးဝမဟာမိပါစေနဲ့။

ငါတို့ မနက် ချောင်းသာကပြန်မယ်"

"ရှင်"

"မင်း ဒီနေ့ကိစ္စ လုံးဝမေ့ပစ်ပါ၊ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့"





သူက ရှုံးရှုံးရဲရဲဖြင့် ဒေါတွေစွတ်ကန်ကုန်ကာ စာဆို့ကို ထားခဲ့ပြီး ထွက်သွားလေသည်။ ဘာတွေများ ဒီလောက် စိတ်နာလို့ ဒီလိုဒေါသတွေ ထွက်ရတာလဲ။ စာဆိုသည် ကွာရှင်းပြီးသားဟု ယူဆရသော ကိုမိုးထိပ်ခေါင်ရဲ့အိမ်ထောင်ရေးအခြေအနေကို အရမ်းကို စိတ်ဝင်တစား သိချင်မိသွားပါသည်။

✤ ❦ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ချောင်းသာကနေ မြန်းစားကြီး ပြန်ချလာသောအခါ ကလေးတွေက သူ့ကို နားမလည်စွာဖြင့် မေးခွန်းတွေထုတ်သာကြသည်။ ဘာဖြစ်လို့လဲ ဘာလဲ ဆိုတာတွေအတွက် သူ့ရင်ထဲမှာ အဖြေတစ်ခုရှိပေမယ့် သူဟာ အထူးအထွေ ရှင်းပြမနေတော့ပါ။ သံပြတ်တစ်ခုနှင့်ပဲ ကလေးတွေကို ပါးစပ်ပိတ်စေပါသည်။

"ငါ့ကို ဘာမှအထွန့်မတက်ကြနဲ့။ ငါက ဒါဆိုဒါပဲ။ ထပ်ရှည်ကြောနေရင် မေမေ့အဆိုးမဆိုနဲ့"

သူ့စကားကြောင့် ကလေးတွေအားလုံးက မီးသေကုန်သောအခါ တစ်စခန်းထလာသူကတော့ ခင်စာဆိုပဲဖြစ်သည်။



ချောင်နီနဲ့ မိုးလင်းကို တစ်ယောက်တစ်ဖက်စီ ပခုံးဖက်လျက် သူ့ကို ဇောဇော လုပ်လေ၏။

"ကလေးတွေကို အဲဒီလောက်တော့ မပြောပါနဲ့။ ရှင့်အာသာဘာကိစ္စပဲရှိရှိ ဒီလောက်ထိတော့ ပြောဖို့မသင့်ဘူး။ သူတို့တွေမှာလည်း ဒီလောက်တော့ မေးပိုင်ခွင့်ရှိတယ်လို့ ကျွန်မယူဆတယ်"

ကလေးတွေရှေ့က ရပ်တည်ပြီး သူ့ကို အာခံနေသော ခင်စာဆိုကို သူက စိတ်ရှုပ်သွားပြီး တောက်တစ်ချက် ခေါက်လိုက်သည်။ သူ့ရဲ့အေးချမ်းနေတဲ့ ဘဝလေး အခုလို ယောက်ယက်ခတ်သွားရတာဟာ ခင်စာဆို အကြံပေးတဲ့ခရီးကို သွားခဲ့လို့ဖြစ်ရပါသည်။ ဘယ်တော့မှ မတွေ့နိုင်တော့ဘူးလို့ ယူဆရသည့် စိမ့်စမ်းကို ပြန်တွေ့ခဲ့ရတာဟာ ခင်စာဆို့စနက်ပဲဖြစ်သည်။ ခင်စာဆိုနဲ့ စိမ့်စမ်း ပတ်သက်နေနိုင်တာမို့ သူဟာ တစ်ခါတည်း အမြစ်ဖြတ်လိုတော့မှာဖြစ်သည်။ အဲဒါကြောင့် ခင်စာဆို့ကို အားလုံးရှေ့မှာ အပြတ်သားဆုံး ဆုံးဖြတ်ချက်ကို ပြောပြလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်စာဆို ... မင်း မနက်ဖြန်ကစပြီး ဒီအိမ်ကို လာစရာ အကြောင်းမရှိတော့ဘူး။ ငါ့ကလေးတွေကိုလည်း သာ အကြောင်းနဲ့မှ လာမတွေ့သက်ပါနဲ့ ...

မင်းကို ငါ အလုပ်ထုတ်ပစ်လိုက်ပြီ"

"ရှင်"

"မေမေ ... ဘာလုပ်တာလဲ"

တာရာ၊ ရောင်နီ၊ မိုးလင်း သုံးယောက်စလုံးက အလန့်တကြား သူ့ကိုဝင်တားကြလေသော်လည်း သူဟာတားမြစ်မှုကို အရေးပင် မစိုက်တော့ချေ။ ခင်စာဆိုကတော့ အံ့သြလွန်း၍ ထင်သည်။ သူ့ကို အကြောင်းသားမျက်လုံးတွေနှင့် ငေးစိုက်ကြည့်ကာ ဆက်ပြောဖို့ စကားစတွေကို ရှာဖွေနေပုံရပါသည်။ ခင်စာဆို ကို အလုပ်ထုတ်လိုက်တယ်ဆိုတဲ့ စကားကြောင့် ကြီးချိုက ဝင် ဖျောင်းဖျရသည်။

"စာဆို ဘာအပြစ်များ လုပ်မိလို့လဲ မောင်မိုးရယ်။ မင်း ပြန်စဉ်းစားပါဦးကွယ်။ မိသားစုတွေလို သံယောဇဉ်တွေ ဖြစ်ပြီးကာမှ"



"ကျွန်တော့်ကို မတားနဲ့ ကြီးချို။ ကျွန်တော် သူ့ကိုအလုပ် ထုတ်တာ အကြောင်းရှိပါတယ်။ ကျွန်တော် သူ့ကိုအလုပ် ထုတ်လိုက်ပြီ"

"မေမေ မတရားဘူး။ ကလေးထိန်းအစ်မမှာ ဘာအပြစ် ရှိလို့လဲ။ သူ့ကို အလုပ်ထုတ်တာ မေမေ အရမ်းလွန် တယ်"

"တော်စမ်း ... တာရာ။ ညည်းတို့ကလေးပဲ ရှိသေးတယ်။ ဘာမှနားမလည်ဘဲနဲ့ ဝင်မပြောစမ်းနဲ့။ ကြီးချို သူတို့သုံး ယောက်ကို အခန်းထဲပို့လိုက်ပါ။ ထွက်မလာစေနဲ့"

ကြီးချိုကလည်း သူ့စကားကို နာခံစွာဖြင့် ကလေး သုံးယောက်ကို အတင်းဆွဲခေါ်ကာ အခန်းထဲ ဝင်သွားလေတော့ သည်။

ဒီတော့မှ ခင်စာဆိုက သူ့ကို စကားစလေတော့ သည်။

www.burmeseclassic.com



"ကိုမိုးထိပ်ခေါင် သံသယတွေ အဲဒီလောက် ကြီးနေတယ် ဆိုလည်း ကျွန်မ မရှင်းပြနိုင်တော့ဘူး။ ဒါပေမဲ့ ကျွန်မ သစ္စာဆိုရဲတယ်။ သူ့ကို ကျွန်မ အဲဒီတစ်ခါပဲ မြင်ခဲ့ဖူးတာ ပါ။ ကျွန်မနဲ့သူ ဘာမှမပတ်သက်ဘူး။ ရှင့်ရဲ့ပြည်ဖုံးကား ချထားတဲ့ အတိတ်ကနဲ့လန့်ကာကို ဘယ်တုန်းကမှ ရှင် ကြည့်ဖို့ ကျွန်မ စိတ်မကူးခဲ့ဖူးပါဘူး ကိုမိုးထိပ်ခေါင် ...

ကျွန်မမှာ အပြစ်မရှိဘဲ အလုပ်ထုတ်ခံလိုက်ရတဲ့ အတွက် ကျွန်မ စိတ်မကောင်းဘူး။ ကျွန်မ သွားလိုက်ပါ ဦးမယ်"

ခင်စာဆိုက သူ့ကိုပြောပြီးတာနှင့် ချာခနဲလှည့် ထွက်လို့ သွားလေသည်။ သူ အလုပ်ထုတ်တာ မှားများမှားသွား ပြီလား။ စိမ့်စမ်းနဲ့ ချောင်းသာမှာ ဆုံတွေ့ခဲ့တာဟာ တကယ်ပဲ တိုက်ဆိုင်တာလား။ ဒါမှမဟုတ် ခင်စာဆိုက စိမ့်စမ်းရဲ့ spy လား။

သွားစမ်းပါ ... ခင်စာဆို့ကို အလုပ်ထုတ်လိုက်တာ အကောင်းဆုံးပဲ။



သူ့အကြောင်းကို ရိုးတိုးရိပ်တိတ် သိသွားတဲ့မိန်းက လေးဟာ သူ့အနားမှာ မရှိသင့်ဘူးဟု သူက ယူဆတာကြောင့် အလုပ်ထုတ်လိုက်ခြင်းသည် တစ်ရန်ရှင်းလိုက်ခြင်းပဲ ဖြစ်ပါသည်။

♣ ♥ ♣

www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုး ... ဘာလို့ ခင်စာဆို့ကို အလုပ်ထုတ်ပစ်လိုက်တာလဲဟင်။ အကြောင်းရှိလို့လား"

ကြီးချို့က ကလေးတွေကိုသိပ်ပြီး ပြန်ထွက်လာချိန်မှာ သူ့ကို မေးခွန်းစထုတ်တော့တာပဲဖြစ်သည်။ မိုးထိပ်သည် သူ့ခံစားချက်အတွက် ကြီးချို့ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်လျှင် ကြီးချို့ သူ့ကို နားလည်သွားမှာဖြစ်သည်။ ကြီးချို့ဟာ သူ့ရဲ့အမေလိုမျိုး နွေးထွေးကာကွယ်ပေးပြီး သူ့ကိုအမြဲနားလည်ပေးသူ ဖြစ်ပါသည်။

"ကြီးချို့ ချောင်းသာမှာ စိမ့်စမ်းနဲ့ ဆုံခဲ့တယ်။ သူ ကျွန်တော်တို့ကို ရှာလို့တွေ့သွားပြီ"

"ဘယ်လို ... စိမ့်စမ်းက ပြန်ရောက်လာပြီလား"



"ဟုတ်တယ် ကြီးချို့။ ခင်စာဆိုနဲ့ သူ စကားပြောနေကြတယ်။ ခင်စာဆိုကတော့ စိမ့်စမ်းက သူ့ကို ကလေးတွေနဲ့ မပတ်သက်ဖို့လာပြောတာတဲ့။ ကျွန်တော်တော့ သိပ်မယုံဘူး။ အဲဒါကြောင့် ကျွန်တော် သူ့ကို အလုပ်ထုတ်လိုက်တာ"

သူ့စကားအဆုံးမှာ ကြီးချို့က ခေတ္တငြိမ်သက်သွားပြီး တစ်ခုခုကို စဉ်းစားနေဟန်တူသည်။ ပြီးတော့မှ ခေါင်းကို လေးတွဲ့စွာ အသာယမ်းရင်း ...

"စာဆိုလေးက အင်မတန် ရိုးဖြောင့်တဲ့ မိန်းကလေးပါကွယ်။ စိမ့်စမ်းနဲ့ သူ ဘယ်လိုမှ မပတ်သက်နိုင်ဘူး။ စာဆိုက မင်းအကြောင်းကို ဂဃနဏတောင် သိရှာတာမဟုတ်ပါဘူး မောင်မိုးရယ်။ သူ့ခေါင်းထဲမှာ ကလေးတွေစိတ်ချမ်းသာပါစေဆိုတဲ့ အတွေးပဲ ရှိပါတယ်"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ကြီးချို့ရာ။ သူကနေတစ်ဆင့် ကလေးတွေဆီ စိမ့်စမ်းအကြောင်း ရောက်သွားရင် ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ သူတို့တွေကို မေစိမ့်စမ်းလင်းအကြောင်း ကြာ
အတိတ်ကို ပြန်ဆွတဲ့အဖြစ်မျိုး အဖြစ်မခံနိုင်ဘူး ...

ကျွန်တော့်ဇာတိမြေကိုတောင်ရွာပြီး ဒီမှာဇာတ်မြှု
နေခဲ့ပြီးပြီ။ ကြီးချို၊ တာရာကော၊ ရောင်နီပါ သူ့ကိုေ
ထားတာ နှစ်ချို့ခဲ့ပြီ။ မိုးလင်းဆို သူ့အကြောင်းတော
သိတာမဟုတ်ဘူး။ အားလုံးဟာ ကျွန်တော့်သမီးေ
သားတွေပဲ။ ကျွန်တော့်ရင်ထဲက သူ ဘယ်လိုမှဆွဲထုတ်
မရဘူးဗျာ"

ကြီးချိုသည် မောင်မိုးရဲ့စိတ်ခံစားချက်ကို နားလည်
ပေးလို့ ရပါသည်။ ဒါပေမဲ့လည်း မောင်မိုးဟာ နည်းနည်းအ
များနေပြီလို့ထင်သည်။ ဒီကလေးတွေကို သူ ချစ်တယ် ဂရုစိုက်တ
ဆိုပေမယ့် ပိုင်တယ် ဆိုင်တယ်ဆိုတဲ့ စည်းတွေဘောင်တွေရော
လာလျှင် မောင်မိုးပဲ ရင်ကွဲရမှာကို မသိလေရောသလားကွယ

"မောင်မိုး ... သားက ကလေးတွေရဲ့အဖေ ဆိုပေ
သားဘာလဲဆိုတာ သားကိုယ်သား သိရမယ်လေ။ ငြ



ခေါင်းမာလို့ မရဘူး။ မောင်မိုးရဲ့စိတ်ကို ကြီးချို နားလည်
တယ်။ ဒါပေမဲ့ တာရာ၊ ရောင်နီ ပြီးတော့ မိုးလင်း သူတို့
လေးတွေကို မင်း မပိုင်သလို ဆိုင်လည်းမဆိုင်ဘူးနော်။
မင်းက သူတို့လေးတွေရဲ့ဘဝကို ကာကွယ်ပေးထားတဲ့
နေပူတုန်း ထုတ်ဆောင်းတဲ့ ထီးတစ်လက်ပါ။ ငါ့ကိုယ်
မင်း သူတို့ရဲ့အိမ်လို့ သွားသဘောထားလိုက်လို့ မဖြစ်
ဘူး ...

အခုလည်း ခင်စာဆိုကို အလုပ်ထုတ်ပစ်တာ
အဓိပ္ပာယ် မရှိဘူး မောင်မိုး။ ကလေးတွေက သူနဲ့အရမ်း
အဆင်ပြေနေသလို အရမ်းလည်း ဖော်ရွေနေကြပြီ။ သူတို့
သံယောဇဉ် ဖြစ်နေကြပြီ။ လူတစ်ယောက်ကို သူတို့ချစ်ဖို့
အချိန်မယူရပေမယ့် မေ့ဖို့တော့ အချိန်ယူရလိမ့်မယ်။
သူတို့ ခင်စာဆိုကို မေ့နိုင်မှာ မဟုတ်သေးဘူး။ ကြီးချို
ဘာပြောချင်တယ်ဆိုတာ မင်း သိပါတယ်။ စိမ့်စမ်းကိုမေ့
ဖို့ သူတို့နှစ်ချို့ပြီး အချိန်ယူရတယ် မောင်မိုး။"

www.burmeseclassic.com

www.burmeseclassic.com



ကြီးချို့ ဆိုလိုတာကို သူ သဘောပေါက်ပါသည်။ ဒါပေမဲ့ အခြေအနေချင်းက တူတာမှ မဟုတ်ပါ။

"ကြီးချို့ အခြေအနေမတူဘူး။ မေစိမ့်စမ်းလင်းက သူတို့တွေနဲ့ ပတ်သက်မှုရှိတယ်။ ခင်စာဆိုက ကလေးထိန်းပါ။ သူတို့သတိရလည်း ရက်ပိုင်းပဲ ဖြစ်မှာပါ။ တော်ပြီဗျာ ... အဲဒီအကြောင်းတွေ မပြောချင်တော့ဘူး။ ကြီးချို့လည်း နားလိုက်ဦး။ ဩော် ... ဟိုမိန်းမအကြောင်း ကလေးတွေရှေ့မှာ ဟတောင်မဟပါနဲ့နော်"

"အေးပါကွယ်။ မောင်မိုး ... မင်းလည်း စိတ်ကိုအနားပေးပါဦးကွယ်"

ကြီးချို့က သူ့ပခုံးကို ခပ်ဖွဖွ ပုတ်ပေးကာ ထွက်သွားလေတော့သည်။ စိတ်ကို အနားပေးပါဦးတဲ့။ သူ့စိတ်တွေ အနားရတာ နှစ်နှစ်ကျော် သုံးနှစ် ရှိခဲ့ပြီဖြစ်သည်။ ဟိုမိန်းမပြန်ရောက်လာတာဟာ သူ့စိတ်တွေကို ယောက်ယက်ခတ်စေပါသည်။ မေစိမ့်စမ်းလင်းနဲ့ ဝေးရာကို သူ ထွက်လာခဲ့ပြီးပြီ။ အခု သူ့ရင်



ခွင်ထဲက ကလေးတွေကို ဆွဲထုတ်မယ့်အကြံဆိုးကြီးနှင့် ဝေးရာဆီသို့ သူ ထွက်ပြေးရမလား၊ ရင်ဆိုင်ရမလား တွေးရင်း ရင်မောနေရပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"စာဆို ... ငါ့ကို တကယ်ပဲ ခွင့်မလွှတ်တော့ဘူးလားဟာ။ ငါ ... ငါ လုံးဝလိမ္မာနေပါပြီ စာဆိုရာ။ နင် ငါ့ကိုမချစ်သေးရင်နေပါ အရင်လို ခင်မင်မှုမျိုးကိုတော့ ပြန်ပေးပါဟာ"

စာဆိုသည် ကန်စွန်းရွက်သင်နေရင်းကမှ ကြားနေရတဲ့စကားတွေကြောင့် နဂိုတည်းကမှ မကြည်တဲ့စိတ်သည် သူ့အပေါ်ကို အလုံးစုံ မီးကုန်ယမ်းကုန် ပုံကျကုန်တော့သည်။

"ဒီမှာ ဘုန်းရှိန်၊ နင့်ကို ဒီမှာစကားလက်ခံပြောတယ်ဆိုတာ ငါ လူမှုရေးနားလည်လို့။ နင် တဖြည်းဖြည်းနဲ့ သိပ်လွန်နေပြီ။ နင့်ကို ငါ အပြတ်ပြောပြီးသား။ ငါ့ဆီက





ဘယ်တော့မှ ချစ်တယ်ဆိုတဲ့စကား နင်မကြားရဘူး။ နင်ထွက်သွားပါတော့ဟာ။ ငါ ဒီ့ထက်ပိုပြီး မရိုင်းချင်ဘူး။ သွားပါဟာ"

စာဆိုရဲ့စကားကို သူက လက်မခံစွာဖြင့် စုပ်သပ်သော ခေါင်းခါယမ်းရင်း ...

"ကျစ် ... မဟုတ်သေးဘူးဟာ။ နင် ငါ့ကို တကယ်တင်းနေတာထက် နင့်စိတ်တွေကိုက မကြည်တာ။ ဘာဖြစ်နေတာလဲ စာဆို။ ငါက မိုးထိပ်ခေါင်လိုလူမျိုးနဲ့ ဘယ်လိုမှ ယှဉ်လို့မရတော့ဘူးလား။ နင့်စိတ်ထဲမှာ နင့်ဦးနှောက်ထဲမှာ မိုးထိပ်ခေါင် တစ်ယောက်တည်းကိုပဲ အပြည့်ထည့်ထားလိုက်ပြီလား စာဆို"

"ဘာ ... ဘာဖြစ်တယ်"

စာဆိုသည် ထင်မှတ်မထားသော စွပ်စွဲချက်ကြောင့် သောခေါင်တစ်ခုလုံး ခြောက်သွေ့အက်ကွဲကာ အင်အားတွေချည့်နဲ့သွားတော့သည်။ ဘုရား ... ဘုရား။ ဘုန်းရှိန်ရဲ့ စွဲချက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ပြင်းလှချည်လား။ စာဆို ... စာဆိုက မိုးထိပ်ခေါင်အကြော
ကိုပဲ စဉ်းစားနေတယ်တဲ့လား။

"အေး ... ဟုတ်တယ်။ နင် သူ့အပေါ်ကို စိတ်ညွတ်
တယ်။ နင် သူ့ကို ချစ်နေတယ် စာဆို။ ငါ နင့်ကို အဲ
ကြောင့် ဒီအလုပ် မလုပ်ပါနဲ့ပြောတာ။ နင် သူ့ကို သိ
favour ပေးတယ်ဟာ။ ချောင်းသာကို နင်လိုက်သွားထ
ဆိုကတည်းက နင့်စိတ်တွေ ငါ့ဆီမှာ လုံးဝမရှိတော့
ဆိုတာ ငါသဘောပေါက်သွားပြီ။ နင် ... နင်ဟာ စာဆို
ကလေးအဖေကို နင်မို့ဟာ"

"ကဲဟာ ... အဲဒါ မိုက်ရိုင်းဦး"

စာဆိုသည် ပိုးစိုးပက်စက် ချွပ်ခွဲလိုက်တဲ့ စကား
အတွက် ဘာဆိုဘာမှ မပြင်နိုင်တော့ဘဲ သူ့ရဲ့ပါးတစ်ဖက်ထ
ထွက်သွားအောင် ရိုက်ချပစ်လိုက်တော့သည်။ ပြီးတော့ စာဆိုလည်း
မျက်ရည်တွေ ကျလာရပါသည်။ ကြည့်စမ်းပါဦး ... သိပ်
ကားလွန်းတယ်။ စာဆိုက ဘာလို့ သူ့ကိုချစ်ရမှာလဲ။ သူ



ကို သိပ်စော်ကားလွန်းတယ်။ စာဆိုသည် စိတ်နာနာနှင့် ဘုန်းရှိန်
ကို စေ့စေ့ကြည့်ကာ အမြတ်သားဆုံး ပြောလိုက်သည်။

"နင် ငါ့ကို စော်ကားတယ် ဘုန်းရှိန်။ ငါ့ရဲ့သိက္ခာတွေ
တစ်ပြားဖိုးမှ မကျန်အောင် ချိုးဖွဲ့ပစ်တယ်။ ငါ ကလေး
ထိန်းအလုပ် လုပ်တာနဲ့ပဲ ကလေးအဖေနဲ့ ငြိရောတဲ့လား။
နင်တို့လို လူတွေရဲ့ အထင်တွေကြောင့် ငါတို့ အထင်သေး
ခံရတာ ...

နင့်ကို ငါ သိပ်မုန်းတယ် ဘုန်းရှိန်ရောင်မင်း။
အဲဒါ ငါ တစ်သက်စာအတွက် ပြောလိုက်တာ။ ငါ့ကို နင်
ဘယ်တော့မှ မပတ်သက်နဲ့တော့။ နင် အထင်သေးတဲ့ ငါ့
ကို နင် ဘယ်တော့မှ လာမပတ်သက်ပါနဲ့တော့။ သွားတော့
နင့်ကို ငါ လုံးဝမမြင်ချင်ဘူး"

ပြောချင်တာကို ပြောပြီးနောက်မှာ စာဆိုသည်
နှလုံးသားကို နံရံဆီသို့ ပစ်ပေါက်ခံရသလို နှလုံးသားတစ်ခုလုံး
ပြုကြွေကာ ခွမ်းခနဲ ကျကွဲသည့် ခံစားချက်မျိုးဖြင့် ရင်ဘတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး နာကျင်အောင့်မျက်ရလေသည်။ ကိုမိုးထိပ်ခေါင်ကို ချစ်နေတယ်ဆိုတဲ့ စကားဟာ စာဆို့အတွက် အဆိပ်ဆိုတာ သူ သိရက်နဲ့ ပြောထွက်တာကို အခံပြင်းဆုံးပဲဖြစ်သည်။ စာဆို သူ့ အပေါ် တိမ်းညွတ်မိခဲ့တာ အရမ်းနောင်တရမိသည်။ စာဆို့ ဘာမှပြန်မပြောဘဲ ငေးစိုက်ကြည့်နေတဲ့ သူ့ရဲ့လက်မောင်း တစ်ချက် ဆောင့်တွန်းကာ ...

"သွားလေ ... နင် ဘာလုပ်နေတာလဲ။ နင့်မှာအရှက်သိက္ခာ ဆိုတာ မရှိဘူးလား"

"စာဆို ... နင် ငါ့ကို မုန်းလည်း ငါကတော့ နင့်ကိုပဲ ချစ်တယ်။ ငါ တာရာနဲ့ ပတ်သက်မိလို့ဆိုပြီး နင် ငါ့ကို မုန်းတယ်။ အခု မိုးထိပ်ခေါင်နဲ့ ပတ်သက်ပြီး နင် ငါ့ကို မုန်းပြန်ပြီ။ မုန်းဟာ ကြိုက်သလောက်မုန်းစမ်း ...

အေး ... အရေးကြီးတာက နင် မိုးထိပ်ခေါင်ကို မချစ်မိဖို့ပဲ။ နင်နဲ့သူ မတန်ဘူးဆိုတာ နင်သိစမ်းပါ စာဆို ရာ"



"တော်တော့ ဘုန်းရှိန်။ နင့်ကို ငါ နောက်ထပ်ပါးတစ်ချက် ထပ်မရိုက်မိခင် နင် ပြန်တော့။ ငါ့ဟာငါ ဘယ်သူ့ချစ်ချစ် ဘယ်သူ့ယူယူ နင်နဲ့မဆိုင်ဘူး။ အေး ... ပြီးတော့ တစ်ခုပြောလိုက်မယ်၊ ငါချစ်မယ့်သူ လက်ထပ်မယ့်သူက လည်း ဘယ်တော့မှ နင်ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါ ငါ့ရဲ့ကျိန်စာပဲ၊ သွားတော့"

စာဆို့ကို အထင်သေးတဲ့ ဒီယောကျ်ားကို စာဆို သိပ်မုန်းလှပါသည်။ စာဆို စေတနာထားမိတဲ့ ယောကျ်ားတွေဟာ စာဆို့ကို အထင်သေး စော်ကားမယ်ဆိုတဲ့ စိတ်တွေပဲ ရှိနေသလား မပြောတတ်ပါ။ စာဆို ချစ်တယ်လို့ ထင်ထားတဲ့ ဘုန်းရှိန်ဟာ စာဆို့နှလုံးသားကို ချစ်တယ်ပြောပြီး အကြိမ်ကြိမ် ဓားနဲ့ထိုးနေသူ ဖြစ်သည်။ စာဆို စေတနာထား လေးစားတဲ့ ကိုမိုးထိပ်ခေါင်က တော့ စာဆို မလုပ်တဲ့ကိစ္စအတွက် စာဆို့ကို ဖြေရှင်းခွင့်မပေးဘဲ အလုပ်ထုတ်ပစ်ခဲ့ပါသည်။ သိပ်နာကြည်းဖို့ကောင်းတဲ့ ယောကျ်ား တွေပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စာဆို ... နင် ငါ့စေတနာနဲ့ ငါ့အချစ်တွေကို တစ်နေ့နားလည်နိုင်ပါစေ။ ငါ သွားပြီ၊ ကြောက်လို့ နောက်ဆုတ်တာမဟုတ်ဘူးနော်၊ ချစ်လို့ နောက်တစ်လှမ်းဆုတ်လိုက်တာ။ နင် ဘာပဲလုပ်လုပ် ငါက ကြည်ဖြူပြီးသားပါ။ ငါ့ကို သတ်လိုက်မယ်ဆိုလည်း ငါက ပြုံးပြုံးလေး အသေခံလိုက်မှာပဲ စာဆို။ နင့်ကို ငါ တကယ်ချစ်တာပါ စာဆို

ငါ သွားတော့မယ်။ နောက်တစ်ကြိမ် စကားပြောခွင့်တော့ ထပ်ရချင်သေးတယ်ဟာ"

နောက်ပိုင်းမှာ အဖျားခတ် တုန်ယင်လာတဲ့ အသံအဆုံးမှာ သူက ချာခနဲ လှည့်ထွက်သွားတော့သည်။ သူထွက်သွားသောအခါ စာဆိုဟာ ထိုင်ခုံမှာ အရုပ်ကြိုးပြတ်ထိုင်ချရင်း ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းမိသွားပါသည်။ ဘာလို့များ စာဆို ကံဆိုးရတာလဲ။ စာဆို ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်းနေတာဖြစ်သည်။ ဘာမှန်းနားမလည်စွာ အလုပ်ပြုတ်လာခဲ့တယ်။ အလုပ်ပြုတ်သွားတာထက် စာဆို့ကို အထင်သေးတဲ့ သံသယတွေနဲ့ကြည့်



တဲ့ ကိုမိုးထိပ်ခေါင်ရဲ့ မျက်ဝန်းတွေကြောင့် ကြေကွဲရသည်။ ခံစားရသည်။

ဘာတွေ ဘယ်လိုလွဲချော်စွာဖြင့် စာဆို ဂီတတ်အောင် ကံကြမ္မာက သင်ပေးခဲ့သလဲတော့ မသိပါ။ စာဆို့ရင်ထဲမှာ ဗလောင်ဆူလျက် ဘုန်းရှိန်ရဲ့စွပ်စွဲချက်တွေကိုလည်း နာကျင်ရပါသည်။ စာဆိုက ကိုမိုးထိပ်ခေါင်ကို ချစ်နေပါတယ်တဲ့။ ဟင်အင်း ... စာဆိုမှာ အဲဒီလိုစိတ်မျိုး မရှိရိုးအမှန်ပါ။

စာဆို့ ရင်ထဲက နွေးထွေးမှုတစ်ခုဟာ အခုထိ ရင်ထဲမှာ ကိန်းအောင်း ကျန်နေရစ်ခဲ့ပေမယ့် ရုတ်တရက်ကျလာတဲ့ မုန်တိုင်းကြောင့် စာဆို မေ့ဖျောက်ပစ်ခဲ့ရတာကိုတော့ မှတ်မှတ်ရရ သံသယဝင်မိသွားပါသည်။

✤ ❣ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"အာစရိ ... ညွှံသည်လာတယ်တဲ့"

"အေး ... လာခဲ့မယ်ကွာ။ ငါ့အခန်းထဲမှာ ခဏစောင့်ခိုင်းထားလိုက်"

မိုးထိပ်သည် ပြန်တောင်လှည့်မကြည့်နိုင်ဘဲ လှမ်းပြောလိုက်ရတော့သည်။ အရေးထဲကွာ ... ဘယ်ကညွှံသည်ထရောက်လာရတာလဲ။ ဒီရက်တွေမှာ သူဟာ အလုပ်ကော စိတ်ကော တော်တော်ရှုပ်နေရတာဖြစ်သည်။ အခုလည်း ဈေးကွက်တင်မယ့် Regulator ကို ဆင်နေရတာကြောင့် အလုပ်ကရှုပ်နေရသည်။ အခုမှ ဈေးကွက်တင်မှာ ဖြစ်တာကြောင့် သူကိုယ်တိုင်အစအဆုံး



လုပ်နေရတာဖြစ်သည်။ ယုတ်စွအဆုံး ခဲဆော်တာ၊ မူလီတပ်တာကအစ သူပဲ အားလုံးဆင်ပြီး Test လုပ်နေရတာဖြစ်သည်။

သူဟာ လုပ်လက်စကို ခဏရပ်ကာ သူ့အခန်းထဲမှာ စောင့်နေမည့် ညွှံသည်ဆီ သွားလိုက်တော့သည်။ အလုပ်ထိတောင် လိုက်လာတာဆိုတော့ ဘယ်သူများပါလိမ့်။ မိုးထိပ်သည် အခန်းဘာဂျာတံခါးကို ဆွဲဖွင့်လိုက်လျှင်တော့ သူ့ကိုနောက်ကျောပေးထိုင်နေသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေသည်။ ချက်ချင်းဆိုသလိုပင် သူမက လည်ပြန်လှည့်ကြည့်လေလျှင် မြင်လိုက်ရတဲ့ မျက်နှာကြောင့် သူ့တစ်ကိုယ်လုံးဟာ ရေခဲ,ခဲသွားလျက် ကျင်စက်နှင့် အတို့ခံရသူအလား သွေးအေးတောင့်တင်းလေတော့သည်။

သူ ... သူမ မေစိမ့်စမ်းလင်း။

"ဟင် ... မင်း ... မင်း"

"အရှမ်းကြီး မအံ့သြပါနဲ့။ နောက်တစ်ကြိမ် ထပ်တွေ့ရဦးမယ်ဆိုတာ မိုး မျှော်လင့်မိသားပဲမှလား။ မဟင်ဘူး မိုး

www.burmeseclassic.com

www.burmeseclassic.com



ရယ်။ မိုး ရန်ကုန်မှာ နေ,နေလိမ့်မယ်လို့ ကျွန်မ လုံးဝ မထင်ထားတာ။ မိုးက လားရှိုးမှာပဲ ပျော်တဲ့သူဆိုတော့ ရန်ကုန်ကို လာလိမ့်မယ်လို့ ထင်ကိုမထင်ထားတာ”

မိုးထိပ်သည် အံ့ဩနေသည့် မျက်နှာထားကို ခပ်မာမာအသွင်ပြောင်းလိုက်ကာ သူ့မရှေ့က ဆိုဖာခုံမှာ ဝင်ထိုင်ကာ ခြေချိတ်လိုက်ပြီးမှ ...

“မင်းနဲ့ ငါ့မှာ ဘာများပြောစရာရှိလို့လဲ”

သူ့စကားကြောင့် သူမဟာ ဆွဲဆောင်မှုရှိစွာသော အပြုံးတစ်ခုကို နှစ်ခြိုက်စွာ ပြုံးလိုက်ရင်းက သူ့ကို ညို့ရီရီစိုက်ကြည့်ကာ ...

“ပြောစရာတွေကတော့ အများကြီး ရှိတာပဲလေ။ ဒါပေမဲ့ မိုးကလည်း အခု အလုပ်ခွင်မှာဆိုတော့ လိုရင်းပဲပြောပါတော့မယ်။ ကျွန်မ ကလေးတွေကို ပြန်ခေါ်တော့မယ်။ ပြီးခဲ့တဲ့ကာလတွေမှာ ကျွန်မကလေးတွေကို ဂရုတစိုက် စောင့်ရှောက်ပေးခဲ့တဲ့အတွက် ကျေးဇူးပါ”





“ဘာ ... ကလေးတွေ ပြန်ခေါ်မယ် ... ဟုတ်လား။ လွယ်လှချည်လား မေစိမ့်စမ်းလင်း။ မင်း ပစ်ချင်သလို ပစ်ထားခဲ့ပြီးမှ လာခေါ်မယ် ... ဟုတ်လား။ ဒီမှာ ... ကလေးတွေနဲ့ မင်း ဘယ်တော့မှ တွေ့ရမယ်မထင်နဲ့”

“အို ... အိုး ... မိုး ... အဟား ... ရှင် မေ့နေတာတော့ မဟုတ်ပါဘူးနော်။ တာရာ၊ ရောင်နီနဲ့ မိုးလင်းက ရှင်နဲ့ ဘာပတ်သက်လို့လဲ။ ကျွန်မနဲ့စပ်မှ တော်ရမယ့်ကလေးတွေကို ရှင့်အပိုင်ကလေးတွေလို့ မှတ်လိုက်ပြီလား။ ကျွန်မ အိမ်ထောင်ပြုလိုက်ပြီ မိုး”

မိုးထိပ်သည် မျက်နှာကို အက်ဆစ်နဲ့အပက်ခံရသူလို ကျိန်းစပ်နာကျင်သွားကာ ဒေါသတွေလည်း အလိမ့်လိုက်ထွက်လာပေတော့သည်။ ဟား ... သူ့မာနတွေ အရှက်သိက္ခာတွေကို ဘစေ့ ချိုးဖဲ့နေတာကို သူ ဘယ်လိုတုံ့ပြန်ရမှာလဲ။

“ဩော် ... မင်းက ဒီစကားပြောရဲတယ်နော်။ မင်းရဲ့ကလေးတွေကို ပစ်ချင်သလို ပစ်သွားခဲ့ပြီး လူမဆန်တဲ့ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာ၊ တစ်ချက်တောင် မဆက်သွယ်တော့ဘဲ ပစ်ထားခဲ့တဲ့ မင်းလိုမိန်းမမျိုးရဲ့အုပ်ထိန်းမှုကို ငါ့သမီးတွေ သားတွေ လက်ခံမယ်လို့ မင်း ထင်နေလား။ တာရာတို့က ငါနဲ့ဘာ မှမဆိုင်ပေမယ့် အားလုံးအမြင်မှာ ငါက သူတို့တွေရဲ့အဖေ ပဲ။ မင်း ငါ့ရင်ခွင်ထဲကနေ ဆွဲထုတ်ဖို့ မကြိုးစားပါနဲ့"

"ဟား ဟား ... မိုးရယ်။ ဘောင်မဝင်ပါဘူးကွာ။ မိုးက ကလေးတွေအဖေပါလို့ ကြွေးကြော်နေလည်း အမှန်တရား ဆိုတာ ရှိပြီးသားပဲ မိုး။ မိုးနဲ့ကျွန်မ မိတ်ဆွေတွေပဲဖြစ် ချင်တယ် မိုး။ ကလေးတွေကို ပြန်ပေးပါ။ ကျွန်မရဲ့အစ် အရင်းခေါက်ခေါက်က မွေးလာတဲ့ ကျွန်မရဲ့ တူ့တူမတွေ ကို ကျွန်မပဲ ပိုင်ဆိုင်ရမယ် မိုး။ ဘယ်လမ်းကြောင်းကပဲ သွားသွား ကျွန်မ အနိုင်ပဲဆိုတာ မိုး မမေ့ပါနဲ့"

သူ့ကိုခြိမ်းခြောက်နေတိုင်းသာ ကြောက်ရမယ်ဆို ရင် သူဟာ မိုးထိပ်ခေါင် ဘယ်ဟုတ်တော့မလဲ။ မိုးထိပ်သည် မထူးတဲ့ဇာတ်အတွက် ရင်ဆိုင်ဖို့ပဲ ရှိပါတော့သည်။ အဲဒါကြောင့်



သူမမျက်လုံးတွေကို ခပ်နက်နက် စိုက်ကြည့်ကာ အေးစက်ပြတ် သားစွာ ပြောလိုက်တော့သည်။

"မင်း ငါ့ကို မခြိမ်းခြောက်နဲ့။ ငါ့မှာလည်း ထောက်ပြစရာ ရှိတယ် မေစိမ့်စမ်းလင်း။ မင်းက အဒေါ်ရင်းဖြစ်ပါရက် နဲ့ ကလေးတွေကို ထားပစ်ခဲ့တာ မိုးလင်း တစ်သက်ရှိပြီ။ အခု မိုးလင်း အသက်လေးနှစ်ရှိပြီ။ မင်း နိုင်ငံခြားကို ထွက်သွားခဲ့တာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက။ ကလေးတွေနဲ့ နှစ်တွေ ဒီလောက်ဝေးနေပြီးမှ ဒါ ငါပိုင်ဆို ပြီး လာရှဲလင်းလုပ်လို့ မရဘူးကွ။ ငါကလည်း ကလေး သုံးယောက်စလုံးကို ငါ့ရဲ့အမွေစားအမွေခံသားသမီးအဖြစ် မွေးစားထားပြီးသား။ လက်ရှိမှာ ငါအဖေပဲ။ မင်းကြိုက် တဲ့နေရာကနေ ရှင်းလို့ရတယ်"

သူ နိုင်ကွက်နင်းထားသောအခါ စိမ့်စမ်းသည် ဒေါကန်ကာ ဆတ်ခနဲ မတ်တတ်ကောက်ထကာ သူ့ကိုအစာမ ကြေစွာ ကြည့်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မိုး။ ကျွန်မကတော့ ကျွန်မကလေးတွေဖြစ်ရဖို့ ကြိုးစားရမှာပဲ။ မိုး အဆင်သင့်ပြင်ထားပါ။ ကျွန်မနဲ့ ကျွန်မအမျိုးသားကပဲ ဒီကလေးတွေရဲ့အုပ်ထိန်းသူအဖြစ် ဆက်ခံသွားမယ်ဆိုတာ မိုး သိထားပါ ...

ကျွန်မ တူ,တူမတွေကို သူစိမ်းလက်ထဲမှာ မကြီးပြင်းစေရဘူး။ ဟိုမိန်းမ ခင်စာဆိုကိုလည်း အမေခေါ်ခွင့် မပြုနိုင်ဘူး။ ရှင့်ကောင်မလေးနဲ့ ကျွန်မကလေးတွေကို မပတ်သက်ပါစေနဲ့ မိုး။ ကျွန်မ မကြိုက်ဘူး"

ဟမ်း ...။ ခင်စာဆိုက သူ့ကောင်မလေး။ စိမ့်ခင်း ဒီလိုစွပ်စွဲပုံထောက်ရင် စိမ့်စမ်းနဲ့ စာဆိုက ဘာမှမပတ်သက်ဘူးပေါ့။ သူ့ရင်ထဲက ရှုပ်ထွေးမှုတစ်ခုကို ဖြေချဖို့ သူဟာ စိမ့်ခင်းကို မေးခွန်းထုတ်လိုက်ရသည်။

"အဲဒါတွေ မင်းနဲ့မဆိုင်ဘူး။ ငါသိချင်တာက မင်း ငါတို့ကို ဘယ်လိုရှာတွေ့သွားတာလဲ"



"သြော် ... အဲဒါက ကျွန်မအတွက် ဘုရားကပေးတဲ့ဆုပါ။ ကျွန်မနဲ့ ကိုနေက ချောင်းသာကို အပန်းဖြေခရီးထွက်လာကြတာ။ အဲဒါ သောင်ပြင်မှာ ရေနစ်နေတဲ့အုပ်စုကို ကြည့်တော့ ရှင်တို့ဖြစ်နေတယ်လေ။ ကျွန်မလေ မိုးတို့ကို ဘယ်လိုမှ မတွေ့တော့ဘူးလို့ ထင်ထားတာ။ တကယ် ဘုရားမ,တာပဲ။ အဲဒါနဲ့ ကျွန်မ ရှင်တို့ကို ရှာတွေ့ခဲ့တာပဲ။ ဒါ့အပြင် မိုးက တော်တော်လည်တယ်နော်။ ချက်ချင်းကို ပြန်ချသွားတာ ...

ကျွန်မမှာ မိုးရဲ့လိပ်စာကို ဟိုတယ်ကနေ မနည်းရအောင် စုံစမ်းရတယ်။ အခုဆို မိုးရဲ့ data အားလုံး ကျွန်မ သိပြီးနေပြီ။ ဘယ်မှ ပတ်ပြေးဖို့ မကြိုးစားပါနဲ့တော့"

မိုးထိပ်သည် ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်းက သူမကို ခပ်စိမ်းစိမ်းပဲ စိုက်ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့လက်ထဲကို ကလေးတွေ ထည့်မပေးနိုင်ဘူး။ မင်းလည်း မင်းအိမ်ထောင်နဲ့မင်း life ကို အခြေကျအောင် ထူထောင်ပြီးသွားပြီပဲ။ တာရာတို့တွေကို ငါပဲ ဆက်စောင့်ရှောက်လိုက်ပါ့မယ်"

"ဟင်း ... မရဘူး။ ဖြစ်လည်းမဖြစ်နိုင်ဘူး မိုး။ မိုးလည်း ဟိုကောင်မလေးနဲ့ လက်ထပ်ပြီးသွားရင် ကိုယ့် life ကိုယ် ထူထောင်နိုင်တာပဲ။ သူများကလေးတွေကို ပိုင်ရှင်အမှန်ဆီ ပြန်ပေးပေါ့။ ကျွန်မအမျိုးသားက တွက်ကပ်တဲ့သူ မဟုတ်ဘူး။ သူကိုယ်တိုင် ဒီကလေးတွေကို စောင့်ရှောက်ဖို့ ဆန္ဒရှိတာ။ အဲဒီတော့ အားလုံးလည်း မိတ်မပျက်ရအောင် မိုး ကလေးတွေကို ကျွန်မဆီ ပြန်ပေးပါ ...

ကလေးတွေနဲ့ မိုးရဲ့သံယောဇဉ်ကို ကျွန်မနားလည်ပေးလို့ရပါတယ်။ ကျွန်မတို့က ဒီမှာ အပြီးနေဖို့ ဆုံးဖြတ်ထားပြီးသားမို့ ကလေးတွေကို မိုး တွေ့ချင်ရင် အချိန်မရွေး လာတွေ့လို့ ရပါတယ်"





မပေးနိုင်ပါဘူး။ မိုးထိပ်သည် ဘာကမှန်တယ် ဘာကမှားတယ် မခွဲခြားနိုင်တော့ဘဲ ခေါင်းကို တွင်တွင်ယမ်းကာ မျက်စိစုံမှိတ် ငြင်းလိုက်တော့သည်။

"မသိဘူးကွာ။ တာရာ၊ ရောင်နီ၊ မိုးလင်းဟာ ငါ့သားသမီးတွေပဲ။ ငါ့ဆီမှာပဲ နေရမယ်။ မင်း လုံးဝခေါ်လို့ မရစေရဘူး"

သူ့စကားကြောင့် စိမ့်စမ်းသည် အဓိပ္ပာယ်ပါသော အပြုံးတစ်ခုကိုပြုံးကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ကာ ...

"အိုခေ ... အိုခေ ... မိုး စိတ်တွေ အရမ်း stress ဖြစ်နေပြီ။ ကျွန်မ မနှောင့်ယှက်တော့ပါဘူး။ အချိန်တွေအများကြီး ရှိပါသေးတယ် မိုး။ နောက်ရက်မှ ထပ်ဆုံကြသေးတာပေါ့။ မိုးလည်း အေးဆေးစဉ်းစားပါဦး ...

ကျွန်မ သွားမယ်နော်"

အနိုင်နဲ့ပိုင်းကာ သူ့ကို ကျောပေးထွက်သွားသော မစိမ့်စမ်းလင်းကို ဒေါသတကြီး စိုက်ကြည့်လျက် ကျန်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သောသူဟာ အရမ်းကို လူမောစိတ်မော ဖြစ်နေရပြီဖြစ်သည်
ကလေးတွေဟာ သူ့ကမ္ဘာဖြစ်သည်။ ဒီအချိန်မှာ သူ မှားနေ
တွေ ရှိနေပြီဆိုတာ သူ့ကိုယ်သူ ရိပ်မိချိန်မှာ သူဟာ ခင်စာဆို
မျက်နှာလေးကို မြင်ယောင်လာမိတော့သည်။





စာဆိုသည် assignment စာရွက်တွေတင်ဖို့ ကျောင်းကိုရောက်လာရာ သူငယ်ချင်းတွေက မလာသေး၍ ကန်တင်းမှာပဲထိုင်စောင့်နေလိုက်တော့သည်။ ကရင်ဆိုဒါတစ်လုံးမှာသောက်၍အိတ်ထဲပါလာသည့် ဝတ္ထုစာအုပ် ထိုင်ဖတ်ကာ သူတို့ကို ထိုင်စောင့်နေရသော်လည်း စိတ်ကတော့ သိပ်ပြီးကြည်လှတယ် မဟုတ်ပါ။ အရင်တုန်းကတော့ စာဆို့သူငယ်ချင်းတွေကို ထိုင်စောင့်နေရသည့် အချိန်ဆိုရင်တော့ ပျင်းစရာမလိုပါ။ စာဆို့ဘေးနားမှာကျောင်းသွားတိုင်း အရိပ်လိုပါတတ်သည့် ကိုယ်ရံတော်တပ်မှူးလေးက ဘေးကနေ တွတ်တီးတွတ်တာ ဟာဒယရွှင်ဆေး တိုက်ကျွေး၍ စာဆို့ကို ဂရုစိုက်သူလေးဟာ အခုတော့ဖြင့် နာကြည်းဖွယ်ကောင်းသောသူ ဖြစ်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့လည်း ယောကျ်ားတွေဆိုတာ သိ... ကောင်းလှတယ်တော့ မဟုတ်ပါပေ။

"ဟဲ့ ... စာဆို တစ်ယောက်တည်းလား။ အဖော်တွေ... ဘူးလား"

အိစုတို့ မြတ်တို့က နောက်ရွတ်ရွတ်ဖြင့် ကန်တင်း... ထဲဝင်လာလျှင် စာဆိုက မချိသွားဖြဲဒီဇိုင်းဖြင့်သာ အသာပြုံး... စကားလွှဲလိုက်လေသည်။

"နင်တို့ကလည်းဟယ် ... နောက်ကျလိုက်တာ။ ဒီနေ့အစ... ဘယ်ဝင်ကြဦးမှာလဲ"

"ဟဲ့ ... ပေါ်တင်ကြီးကို direction တွေ ပြောင်းလိုက်... လား။ ဘယ်လိုဖြစ်တာတုံး။ ဘာလဲ ... မိန်းမ ဆော်တာ... လောင်းကြီးမလာလို့ စိတ်ကောက်တာလား"

စကားလွှဲတာတောင်မရဘဲ ဒါပဲပြန်လှည့်လာ... သောအခါ စာဆိုသည် ခေါင်းရှောင်၍ မရတော့သည့်အဆုံး... တော့ သက်ပြင်းမောတစ်ခုချ၍ သူတို့ကို အတိုချုပ် ရှင်းပြလိုက်... ရတော့သည်။



"ဘာမှ စိတ်မကောက်ဘူးဟ။ သူနဲ့ငါ ဇာတ်လမ်းကလည်း ပြီးသွားပြီ။ သူစိမ်းတွေ ဖြစ်သွားကြပြီ။ အခုချိန်ကစပြီး ငါ့ကို ဘုန်းရှိန်နဲ့မစကြပါနဲ့ဟာ။ ငါ အတည်ပြောတာနော်။ သူက သစ္စာမရှိလို့ ငါ အဆက်ဖြတ်လိုက်ပြီ"

"ဟဲ့ ... တကယ်ကြီးလား။ ဘာတွေ ဘယ်လိုဖြစ်ကုန်ကြတာလဲဟယ်။ အခြေအနေတွေက တကယ်လိုက်လို့ မမီတော့ပါလား"

"အဲဒါတွေ မမေးပါနဲ့တော့ဟာ။ သူနဲ့ငါ တကယ်ပြီးသွားပြီ။ မျက်နှာချင်းဆိုင် တွေ့ရင်တောင် မခေါ်တော့ဘူးဆိုတာ နင်တို့ သိထားတော့"

"အင်း ... နင်မပြောချင်ရင်လည်း မမေးတော့ပါဘူးဟယ်။ ဒါပေမဲ့ ဘုန်းရှိန် သစ္စာမဲ့တယ်ဆိုတာကော သေချာလို့လားဟဲ့"

မြတ်က မယုံနိုင်သေးဟန်ဖြင့် စာဆိုကိုမေးလေလျှင် ...ဆိုသည် ခပ်ယဲ့ယဲ့ပြုံးရင်းနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူပြောခဲ့တဲ့ ယိုးစွပ်စကားတွေကို ပြန်လည်ကြားယောင်ကာ နှလုံးသားတစ်ခုလုံး နာကျင်အောင့်မျက်လို့ လာရပါသည်။ ချစ်တဲ့စိတ် အကြွင်းအကျန် မရှိနိုင်တော့ပေမယ့် ရင်ခုန်သာယာခဲ့သည့်စိတ်ဟာ စာဆို့ကို အခုချိန်မှာ နှလုံးသားအတွက် ဆေးတစ်ချောင်းလို ရှူးရှုထိုးနှက်နေပါသည်။

"သူက ငါ့ကို ချစ်ခဲ့တယ် ဆိုပေမယ့် တန်ဖိုးထားတတ်တဲ့စိတ် သူ့မှာမရှိဘူးဟ။ သူက အတ္တကြီးတယ်"

"အေးဟယ် ... ဘုန်းရှိန် တစ်ယောက်ကလည်း။ ဘယ်လိုဖြစ်သွားရတာပါလိမ့်"

"ထားလိုက်ပါဟာ။ ငါ့စိတ်ထဲမှာ အဲဒီကိစ္စမရှိတော့ပါဘူးကွာ ... ငါတို့ဌာနဘက် သွားရအောင်လေ"

စာဆိုတို့အုပ်စုသည် ကန်တင်းထဲမှ ပြန်ထွက်လာကာ physics ဆောင်ဘက်သို့ စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြတော့သည်။ စာဆိုတို့ သူငယ်ချင်းသုံးယောက်စလုံးဟာ တစ်ယောက်စိတ်ကို တစ်ယောက် အပြည့်အဝ နားလည်နိုင်ကြသော ရင်ဘတ်နီးသူတွေ ဖြစ်ပါသော်လည်း ဘဝသမားတွေဖြစ်တာကြောင့် သူများသူငယ်ချင်းတွေလို တစ်ပတ်တစ်ခါ shopping သွားတာတို့၊ ဆိုင်ကောင်းကောင်းမှာ အပျော်စားတာမျိုးတို့ ဘာတို့ကို သိပ်မလုပ်ဖြစ်ကြပါ။

ကျောင်းတက်ရင်း အလုပ်တစ်ဖက်နဲ့ဆိုတော့ ဒီလို assignment တင်ရတဲ့ရက်မျိုးမှသာ သုံးယောက်ဆုံဖြစ်ကြတာဖြစ်သည်။ အခုတော့ စာဆိုက အလုပ်လက်မဲ့ ဖြစ်သွားတာကြောင့် ကျောင်းမလာရတဲ့ရက်မျိုးဆို အန်တီနှင့်အတူ ဈေးထဲကဆိုင်မှာ ကူရောင်းပေး၊ အိမ်မှုကိစ္စကူပေးရင်းဖြင့်သာ အချိန်တွေ ကုန်စေပါသည်။ အခုတလောမှာ ဗေဒင်တွက်ကြည့်ရင်တော့ စာဆို သိပ်ကံနိမ့်နေသည်ဟု ပေါ်လာမှာပဲဖြစ်သည်။

"တီ ... တီ ... တီ တီ ... တီ"

သူငယ်ချင်းသုံးယောက်သား စကားပြောနေရင်း အနောက်က ကားဟွန်းသံကြောင့် စာဆိုတို့သုံးယောက်က လမ်းဘေးကပ်ပေးလိုက်သော်လည်း ကားက ကျော်တက်သွားခြင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



လေဘဲ စာဆိုတို့အနောက်ကနေ မေးလိုက်၍ ဟွန်းပဲတော ... လျှောက်တီးလေသောအခါ စာဆိုသည် ဒေါကန်ကန်ဖြင့် ကား... လှည့်ကြည့်လိုက်လျှင်တော့ ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်... ဖြစ်သွားသည်။

ဘုရားရေ ... စာဆိုများ အမြင်မှားလေသလား ၁၈/၄--- နံပါတ်ရှိသော Mark II အဖြူရောင်လေး၊ ပြီးတော့ ကားမောင်းနေသူဟာ ကိုမိုးထိပ်ခေါင် ဖြစ်လို့နေသည်။ စာဆို... လှည့်ကြည့်လေသောအခါ သူဟာ ကားကို စက်ရပ်လိုက်ပြီး ကားပေါ်က ဆင်းလာလေကာ စာဆို့ကို တစ်ချက်ပြုံးပြ၍ —

"ဟော့ ... ခင်စာဆို၊ ကိုယ့်ကို မမှတ်မိတော့ဘူးလား"

အဲဒီစကားကြောင့် စာဆို့သူငယ်ချင်းနှစ်ယောက်... သူ့ကိုတစ်လှည့်၊ စာဆို့ကိုတစ်လှည့် ပြူးပြီးကြည့်ကာ အကဲခတ် နေဟန်ရှိလေသော သူတို့ကို ဂရုမစိုက်နိုင်သေးဘဲ ကိုမိုးထိပ်ခေါင် ဆီ လျှောက်လာခဲ့ကာ ...

"ကို ... ကိုမိုးထိပ်ခေါင်၊ ဒီကို ဘာကိစ္စရှိလို့လဲဟင်"





"ခင်စာဆို့အိမ် ရောက်ခဲ့ပြီးပြီ။ အိမ်က တံခါးပိတ်ထား တော့ ဘေးအိမ်ကို ဝင်မေးကြည့်လိုက်တယ်လေ။ မင်းက ကျောင်းသွားတယ်ဆိုလို့ ကိုယ် ဒီလိုက်လာတာ။ ကျောင်း က အကျယ်ကြီးဆိုတော့ မင်းကို တွေ့မှတွေ့နိုင်ပါ့မလား လို့ ရင်မောနေတာ။ ကိုယ် တော်တော်ကံကောင်းတယ် ပြောရမယ်။ မင်းကို ဘာမှ မရှာလိုက်ရဘဲ တွေ့တယ် လေ"

ဟယ်တော့ ... အခုကျတော့လည်း စာဆို့ကို ရင်း ရင်းနှီးနှီး စကားတွေဖွဲ့လို့ပါလား။ ဟိုတစ်ခါကတော့ စာဆို့ကို ဟိန်းဟောက်ကာ အထင်သေးသည့်စကားလုံးတွေနှင့် ထိုးနှက်ပြီး တော့။ အင်း ... ထူးတော့ ထူးဆန်းနေပါပြီလေ။ စာဆိုက အံ့အားသင့်မျက်ဝန်းတွေဖြင့် သူ့ကိုကြည့်လိုက်လျှင် ကိုမိုးထိပ် ခေါင်ရဲ့ ဒီနေ့ဒီဇိုင်းဟာ လန်းသလားလို့။ Body fit V ရှိပ်တီရှပ် ခဲရောင်ကို အပေါ်ကနေ ဒီဇိုင်းဆန်း ရှပ်လက်တိုအဖြူခံကိုဝတ် ကာ ဂျင်းဘောင်းဘီအနက်စိုစိုဖြင့် လူငယ်ဆန်နေပါသည်။ ကိုမိုး

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ခေါင်ဆီကနေ သစ်ပင်ရနံ့လိုလို လတ်ဆတ်တဲ့ သဘာဝရနံ့တစ်ခုကလည်း လေအငွေ့မှာ ရလိုက်တော့ သူ့ပုံစံကို စာဆို တကယ်မျှော်မိသွားတာ ဝန်ခံပါရစေ။

ပြီးတော့မှ ကိုယ့်ဘာသာ သတိပြန်ဝင်ကာ မျက်နှာအိုက်တင်ကို ချက်ချင်းပြောင်းယူလိုက်ပြီးမှ ...

"ဟို ... ကိုမိုးထိပ်ခေါင်မှာ ကိစ္စများ အရေးတကြီးရှိလို့လားဟင်။ ကျွန်မ ဘာများအမှားရှိလို့လဲ"

"ခင်စာဆိုရယ် ... မင်းကို ကိုယ်ကသာ တောင်းပန်ရမှာပါ။ အခု ကိုယ် ဒီကိုလာတာ မင်းနဲ့စကားပြောချင်တာရယ်၊ တောင်းပန်ချင်တာရယ်၊ ပြီးတော့ ကိုယ်တို့ဆီကို အလုပ်ပြန်ဝင်ပေးဖို့ တောင်းပန်ချင်တာ။ အဲဒါကြောင့် လိုက်လာခဲ့တာ ...

ဩော် ... မင်း အခု ကျောင်းကိစ္စပြီးပြီလား"

စာဆိုက သူ့ရဲ့စကားတွေအတွက် အရမ်းကိုအံ့အားသင့်ကာ ပျော်ရွှင်ရပေသည်။ စာဆို့ကို အလုပ်ပြန်ဝင်ဖို့ခေါ်တယ်



ဆိုတော့ သူ စာဆို့ကို နားလည်သွားလို့ပေါ့။ စာဆိုရဲ့စေတနာအတွက် စာဆို ကျေနပ်လှပါသည်။

"ဟော့ ... ခင်စာဆို၊ မေးနေတယ်လေကွာ"

"ရှင် ... ရှင် ... ဩော် ... ဆောရီးနော် ကိုမိုးထိပ်ခေါင်။ ကျွန်မ Surprise ဖြစ်သွားပြီ၊ စကားမပြောနိုင်တော့တာပါ ...

ဟို ... ကျွန်မက အခုမှ assignment သွားတင်မလို့ပါ။ ကျောင်းကိစ္စက မပြီးသေးဘူးရှင့်။ ဟို ... နောက်ပြီးတော့ ကိုမိုးထိပ်ခေါင်အနေနဲ့ ကျွန်မကို ဘာမှတောင်းပန်ဖို့ မလိုပါဘူး။ ရပါတယ်"

"ဘယ်ဟုတ်ပါ့မလဲ ခင်စာဆိုရယ်။ ကိုယ်က မင်းကိုမတရားစွပ်စွဲခဲ့တာပါ။ မင်းနဲ့ စိမ့်စမ်းနဲ့ ဘာမှမပတ်သက်ဘူးဆိုတာ ငါမယုံခဲ့မိတာ ငါ့အမှားပါ။ ကိုယ် မင်းကို ကလေးတွေအကြောင်းလည်း စကားပြောချင်တယ်။ မင်း ကျောင်းကိစ္စပြီးရင် ကိုယ့်ကို အချိန်ပေးနိုင်မလား ခင်စာဆို"

www.burmeseclassic.com



စာဆိုဟာ ဘယ်လိုကနေဘယ်လို ခေါင်းညိတ်လိုက်မှန်းမသိအောင် ခေါင်းညိတ်မိလိုက်တော့သည်။ ကျောင်းကိစ္စပြီးတာနှင့် အပြင်သွားဖို့ချိန်းထားတဲ့ အိစုနှင့် မြတ်ကိုတော့ အားနာပါတယ်ဆိုတဲ့ အတွေးဝင်လာလေသောအခါ စာဆိုက ချက်ချင်းခေါင်းယမ်းလိုက်ကာ ...

"ဟို ... မဖြစ်ဘူးရှင့်။ ကျွန်မ သူငယ်ချင်းတွေပါတယ်"

"ဪ ... အင်း။ ရပါတယ်။ ကိုယ် မင်းတို့ပြီးသွားတဲ့အထိ စောင့်ပေးမယ်လေ"

စာဆိုက သူ အဲဒီလိုဆိုလာတော့လည်း ငြင်းဆန်ဖို့အားနာသွားပြန်တာကြောင့် မသက်မသာ ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်ကဲ့ ... ကိုမိုးထိပ်ခေါင်"

"ကောင်းပြီ ... အဲဒါဆို ကိုယ် ဟိုနားကအရိပ်မှာ ကားထိုးထားလိုက်မယ်။ မင်းကိစ္စ အားလုံးပြီးအောင်လုပ်ခဲ့ပါ။ ကိုယ့်ကို နောက်ဆံတင်း အားမနာပါနဲ့"



စာဆိုသည် ခေါင်းအသာဆတ်ပြကာ ထွက်လာခဲ့ပေမယ့် စိတ်တွေအားလုံးက ကိုမိုးထိပ်ခေါင်ဆီမှာပဲ ကျန်နေရစ်ခဲ့တယ်ဆိုတာ ကိုယ့်ဘာသာ ရိပ်မိသိရှိလေသည်။

♣ ❣ ♣

www.burmeseclassic.com

www.burmeseclassic.com



၁၄

"ဒီမှာဗျ ... ခင်ဗျားက ကိုမိုးထိပ်ခေါင်မှလား"

အရိပ်ရသစ်ပင်ကြီးအောက်မှာ ကားကိုထိုးထား၍ ကားတံခါးအသာဟကာ သီချင်းနားထောင်နေသော သူ့ဆီကို ရောက်လာသော ချာတိတ်ကြောင့် သူကပြန်မဖြေသေးဘဲ ချာတိတ်ကို တစ်ချက်ကြည့်လိုက်မိသည်။ ဘယ်သူပါလိမ့်။ သူ မြင်ဖူးသလိုလိုပါပဲ။ သေချာကြည့်လိုက်တော့မှ အဲဒါဟာ ခင်စာဆိုရဲ့ ကောင်လေးမှန်း မှတ်မိသွားတော့သည်။ ဒီတော့မှ မိုးထိပ်သည် ခေါင်းအသာဆတ်ပြကာ ...





"ဟုတ်ပါတယ်၊ ဘာကိစ္စများပါလိမ့်"

"ကျွန်တော့်နာမည် ဘုန်းရှိန်ရောင်မင်း။ စာဆိုနဲ့ပတ်သက်တဲ့သူ။ ဒီမှာ ... ခင်ဗျား ဒီကို ဘာကိစ္စရောက်နေတာလဲ"

ဟား ... ဘားကြီးတုံး။ သူ့တောင် နည်းနည်းကြောင် အမ်းအမ်း ဖြစ်သွားရပေသည်။ စကားပြောရင့်တဲ့ အဲဒီချာတိတ်ကို သူက စိတ်ထဲမှာ နည်းနည်းဖုသွားကာ ခပ်ပြတ်ပြတ်ဘဲ ပြောလိုက်တော့သည်။

"မင်းနဲ့ ဘာဆိုင်လို့လဲ။ ကိုယ် ဒီမှာဘာကိစ္စပဲရှိရှိ မင်းနဲ့ဆိုင်လို့လား"

"ဆိုင်တယ်ဗျ။ ဒီမှာ ခင်ဗျားကိုကြွတုန်း တစ်ခါတည်းပြောလိုက်မယ်။ စာဆိုလည်း ခင်ဗျားဆီမှာ အလုပ်မှမလုပ်တော့တာ။ လာနှောင့်မနေနဲ့။ ခင်ဗျား စာဆို့ကို ချစ်စရာလည်း မလိုဘူး။ ကြိုက်စရာလည်း မလိုဘူး။ ခင်ဗျားကြောင့် ကျူပ်ကို စာဆိုက လုံးဝစိတ်မဝင်စားတော့ဘူး။ ခင်ဗျား စာဆို့နားမှာ တွယ်ကပ်မနေစမ်းပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးထိပ်သည် ကျောင်းပရဝုဏ်အတွင်းမှာ မဟုတ်တဲ့တခြားနေရာမှာသာဆို ဒီကောင့်မျက်နှာကို ဆင့်ဆင့်ထိုးပြီးနေလောက်ပြီဖြစ်သည်။ စာဆိုရဲ့ဂုဏ်သိက္ခာကို ထောက်ရှုသောအားကြောင့် သူဟာ ဒေါသတွေကို ဖြေလျှော့ကာ လေပူတစ်ချက်မှုတ်လုတ်၍ ...

"ဟူး ... နေပါဦး။ နေစမ်းပါဦး။ မင်းစကားတွေကသိပ်ကို ဘောင်ကျော်ပြီး အစွန်းသိပ်ရောက်နေတယ်ဆိုတာ သဘောပေါက်ရဲ့လား။ မင်း ငါ့ right ကို ကန့်သတ်ပိုင်ခွင့်မရှိဘူးကွ။ မင်း နားလည်ထားဖို့က ငါ ဘာအတန့်နဲ့ စာဆို့ကို ပတ်သက်ပတ်သက် မင်းအပူတစ်ပြားမှ မပါဘူး"

"ခင်ဗျား သေတော့မယ်။ ဒီမှာ ... စာဆိုကို ကျူပ်ကြိုက်နေတာ။ စာဆိုက ခင်ဗျားကြောင့် ကျူပ်ကိုအဆက်ဖြတ်တာ။ ခင်ဗျားမှာ ကလေးတွေရှိရဲ့သားနဲ့။ ခင်ဗျားဗျာ ... ဒီမှာ ခင်ဗျားညီမဆိုရင်ကော ခင်ဗျားလို ကလေးအဖေမျိုးနဲ့ဆို သဘောတူမှာလားဗျ"





"ဘာကွ ... မင်း"

မိုးထိပ်သည် ဒေါသတွေ ငယ်ထိပ်ဆောင့်တက်ကုန်ကာ သူ့ကိုဆွဲထိုးပစ်ဖို့ လက်ရွယ်လိုက်စဉ်မှာပဲ စာဆိုရဲ့အသံကိုကြားလိုက်ရလျှင် သူ့ရဲ့လက်သီးဟာ လေထဲမှာ ရပ်တန့်သွားသည်။ သူတို့နှစ်ယောက်စလုံးရဲ့ အကြည့်တွေသည် စာဆို့လာရာဆီကို ရောက်သွားတော့သည်။ စာဆိုသည် ရောက်လျှင်ရောက်ချင်းပဲ ဘုန်းရှိန်ကို ဆီးဟောက်တော့တာဖြစ်သည်။

"ဘုန်းရှိန် ... နင် သိပ်ရိုင်းတယ်။ သိပ်မှားတယ်။ နင်နဲ့ ဘာဆိုင်လို့လဲ။ ငါနဲ့ နင် ဘာမှမပတ်သက်ဘဲနဲ့ ဘာကိစ္စ ကိုမိုးထိပ်ခေါင်ကို နင် ဒီလို မိုက်ရိုင်းရတာလဲ"

"စာဆို ... ခင်စာဆို ... နင် ရူးနေပြီလား။ နင်က ဒီလူအတွက်နဲ့ ငါ့ကို ပစ်ပစ်ခါခါပြောတယ်"

"အေး ... ပြောတယ်။ ဖြစ်နိုင်ရင် ဒီ့ထက်တောင် ငါက ပိုပြောချင်သေးတယ်။ ဒီမှာ ဘုန်းရှိန်ရောင်မင်း ... ငါ့ဘာသာ ဘာလုပ်လုပ် နင်နဲ့မဆိုင်ဘူးဆိုတာ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ။ ဒီနေ့ကိစ္စအတွက် နင့်ကို ငါ ဝိုမုန်းသွားပြီ

ဘုန်းရှိန် ...

လာ ... ကိုမိုးထိပ်ခေါင် သွားကြစို့"

စာဆိုက သူ့ကို ကားထဲအရင်ပို့စေပြီးမှ သူမက ကားထဲဝင်လေသည်။ မိုးထိပ်သည် သူတို့နှစ်ဦးကြားက ပြဿနာကို မသိပေမယ့် သူ့ကိုထိလို့ ဆတ်ဆတ်ခါ ဒေါသတွေကြီးနေသည့် ခင်စာဆို့ကိုကြည့်ကာ သူ့အပေါ်ထားသည့် ခင်စာဆို့ရဲ့ သံယောဇဉ်အတိမ်အနက်ကို မြင်သာလိုက်သလို ရှိသွားပါသည်။

အဲဒီအတွက် သူ့စိတ်ထဲမှာ တစ်မျိုးမည်သော ခံစားမှု ဖြစ်ပေါ်သွားတာကိုတော့ သူ အတိအကျ သိသွားပါသည်။

✤ ✤ ✤





"တောင်းပန်စရာ မလိုပါဘူး ခင်စာဆို။ မင်းရဲ့ကောင်လေးနဲ့ပတ်သက်ပြီး ကိုယ့်ခေါင်းထဲမှာ ဘာမှမရှိပါဘူး"

စာဆိုရဲ့တောင်းပန်မှုအတွက် ကိုမိုးထိပ်ခေါင်က စိတ်မဆိုးပါဘူး လက်ခံတာကို သိရတဲ့အတွက် စာဆို့ကောင်လေးဆိုတဲ့စကားကို ဘဝင်လုံးဝမကျပေ။ ဘာသဘောပါလိမ့်။ ကိုမိုးထိပ်ခေါင်က စာဆို့ကို ဘုန်းရှိန်နဲ့ ထင်နေတာလား။ စာဆိုဟာ အဲဒီထင်မြင်ချက်အတွက် ချက်ချင်းပင် ခေါင်းယမ်းလိုက်ကာ ...

"ဟို ... ဘုန်းရှိန်က စာဆိုရဲ့သူငယ်ချင်းပါ။ ကောင်လေး မဟုတ်ပါဘူး ကိုမိုးထိပ်ခေါင်"

"ဟင် ... ဟုတ်လား။ ဆောရီးနော် ... ကိုယ်က မင်းနဲ့ တစ်ခါက တွဲတွေ့မိလို့ပါ။ ကိုယ့်စိတ်ထဲမှာ မင်းနဲ့သူကို ရည်းစားတွေလို့ပဲ ထင်မိသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မဟုတ်ပါဘူး။ သူနဲ့ ကျွန်မက အရင်းနှီးဆုံး သူငယ်ချင်းတွေမို့လို့ တွဲတွေ့တာပါ။ အခုတော့ ကိစ္စလေးတွေရှိလို့ သူနဲ့လည်း ဆက်ဆံပတ်သက်မှု မရှိတော့ပါဘူး–

အဲဒါ ထားပါတော့။ ကိုမိုးထိပ်ခေါင် ကလေးတွေ အကြောင်း ပြောမလို့ဆို"

စာဆိုက သူစကားပြောရန် ကြောင်းပေးလိုက်တော့မှ သူက ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဟုတ်တယ် ... ခင်စာဆို။ မင်းမရှိတဲ့ နောက်ပိုင်းမှာ ကလေးတွေက အရမ်းညှိုးနေကြတယ်။ အရင်ကလိုလည်း သိပ်ရွှင်ရွှင်ပျပျ မရှိဘူး။ အထူးသဖြင့် တာရာနဲ့ မိုးလင်းပေါ့ ...

အဲဒါကြောင့် ကိုယ်က မင်းကို request လာလုပ်တာပါ။ မင်းကို ကိုယ့်ဘက်က စကားပြောမှားထားတာတွေ ရှိတော့ အရမ်းအားနာပါတယ်။ ဒါပေမဲ့ ကိုယ် မျက်နှာမှု နဲ့ပြောပါရစေ။ ဖြစ်နိုင်ရင် မင်း အိမ်မှာပြန်လာပြီး အရင်လို





ကလေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေပေးပါ စာဆို။ ကိုယ့် ကလေးတွေကို ကိုယ်နဲ့နေတုန်းမှာ ပျော်ရွှင်စေချင်တယ် စာဆို။ အဲဒီအတွက် မင်း ကူညီမှဖြစ်နိုင်လိမ့်မယ်"

ကိုမိုးထိပ်ခေါင်ရဲ့ အထူးအဆန်းစကားကြောင့် စာဆိုသည် သူ့မျက်နှာကို တစ်ချက်ငေးကြည့်မိသွားသည်။ တကယ် ကြီးခံစားပြောနေတယ်ဆိုတာ စာဆို ရိပ်မိပါသည်။ စာဆို့ဘက်ကတော့ ပြန်လာခဲ့ပေးပါဆိုလည်း စာဆိုက ငြင်းမှာမဟုတ်ပါ။ ဒါပေမဲ့ စာဆို နားမရှင်းသည့်စကားမှာ "ကိုယ့်ကလေးတွေကို ကိုယ်နဲ့နေတုန်းမှာ ပျော်ရွှင်စေချင်တယ်"ဆိုတာပဲ ဖြစ်သည်။ ဘာလဲ ... ဘာအဓိပ္ပာယ်ကြီးလဲ။

စာဆိုက အဲဒါကို နားမလည်တာကြောင့် သူ့ကိုမေးရပြန်ပါသည်။

"ဟို ... စာဆို့ဘက်က ပြန်လာပေးလို့ ရပါတယ်။ ဒါပေမဲ့ ကိုမိုးထိပ်ခေါင်ကလေးတွေကို နေတုန်းပျော်စေချင်တယ် ဆိုတာ ဘာသဘောလဲဟင်။ ကျွန်မ သိလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



စာဆိုအမေးကို သူက ပြန်မဖြေသေးဘဲ စာဆိုကို ပြုံးစိုက်ကြည့်လာလျက် အမေးပြန်ပြုပါသည်။

"မေစိမ့်စမ်းလင်း အကြောင်းကိုကော သိချင်သလား ခင်စာဆို"

"ကိုမိုးထိပ်ခေါင် ဆန္ဒရှိရင်တော့ ကျွန်မ နားထောင်ချင်ပါတယ်"

သူက သက်ပြင်းရှည်တစ်ခုကို ချလိုက်ကာ စာဆိုကို ငေးငေးရီရီ ကြည့်ပါသည်။ သူ့အကြည့်တွေထဲမှာ အဓိပ္ပာယ်တစ်မျိုး ပျော်ဝင်နေပေမယ့် ဘာဆိုတာကိုတော့ စာဆိုလည်းမသဲကွဲပါ။ သူ့ရဲ့စကားသံတချို့ဟာ အက်ကွဲရှတနေတာတော့ သေချာပါသည်။

"ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောတော့ဘူးလို့ ကိုယ်ဆုံးဖြတ်ခဲ့ပြီးသား စာဆို။ ဒါပေမဲ့ မင်းကိုတော့ ဘာကြောင့်မှန်းမသိဘူး။ ပြောပြချင်လာတယ် ...





တကယ်တော့ ကိုယ်က ဒီမြို့မှာမွေးတဲ့ ရန်ကုန်သား မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကအထိ ကိုယ့်ဇာတိမြေဖြစ်တဲ့ လားရှိုးမှာပဲနေခဲ့တာပါ။ ကိုယ်နဲ့ စိမ့်စမ်းက ငယ်ပေါင်းတွေလေ။ စိမ့်စမ်းမှာ မိဘတွေမရှိတော့ဘူး။ သူ့အစ်မနဲ့ အတူနေတယ်။ အဲဒီလိုပဲ ကိုယ်ကလည်း ငယ်ငယ်ကတည်းက မိဘတွေမရှိတော့ဘဲ ကြီးရီးနဲ့အတူနေရတယ်။ ကိုယ်တို့နှစ်ယောက်က ဘဝတူတွေဆိုတော့ စိတ်တူကိုယ်တူ ဘာမဆို ဖြစ်ခဲ့ကြတယ် ...

ဆယ်တန်းမှာပဲ ကိုယ်တို့သမီးရည်းစားတွေ ဖြစ်ခဲ့တယ်လေ။ အဲဒီလိုနဲ့ပဲ တစ်နေ့တော့ စိမ့်စမ်းအစ်မ ဆုံးသွားခဲ့တယ်။ စိမ့်စမ်းအစ်မရဲ့ခင်ပွန်းကလည်း မိုးကုတ်ဘက်သွားတာ ပေါ်ကိုပေါ်မလာတော့ဘူး။ ဆုံးသွားပြီလို့ပဲ သတ်မှတ်လိုက်တာပေါ့ကွာ။ အဲဒီတော့ မိဘမဲ့ဖြစ်သွားတဲ့ ကလေးသုံးယောက် ကျန်နေခဲ့တယ် ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ တခြားမဟုတ်ဘူး။ တာရာရယ်၊ ရောင်နီရယ်၊ ပြီးတော့ မွေးကင်းစလေးပဲရှိသေးတဲ့ မိုးလင်းရယ်ပဲ”

ရှင် ...။ စာဆိုသည် အံ့ဩလွန်း၍ ကိုယ့်ဘာသာ တောင် မယုံနိုင်တော့ပေ။ ဒါ ... ဒါဆိုရင် ဒီကလေးတွေက ကိုမိုးထိပ်ခေါင်နဲ့ မစိမ့်စမ်းတို့ရဲ့ကလေး မဟုတ်ဘူးပေါ့။ စာဆိုက အံ့အားတသင့် ဖြစ်နေတုန်းမှာပဲ သူက စကားဆက်ပြန်ပါ သည်။

“မိဘမဲ့ဖြစ်နေတဲ့ ဒီကလေးတွေရဲ့ဘ၀ကို ကိုယ်ချင်းစာတဲ့ ကိုယ်ဟာ စိမ့်စမ်းနဲ့တိုင်ပင်ပြီး ဒီကလေးတွေရဲ့မိဘနေရာ ခံယူဖို့အတွက် လက်ထပ်ဖို့ စီစဉ်ခဲ့တယ်။ ဖြစ်ချင်တော့ လက်ထပ်ဖို့ စီစဉ်တုန်းမှာပဲ စိမ့်စမ်းအလုပ်လုပ်တဲ့ကုမ္ပဏီ က စိမ့်စမ်းကို စင်ကာပူမှာ သင်တန်းတက်ဖို့ စီစဉ်ပေး တော့ စိမ့်စမ်း စလုံးကို ထွက်သွားခဲ့တယ်။ အင်း ... ကိုယ်ကတော့ ဒီမှာ ကလေးတွေနဲ့ နေခဲ့ရတာပေါ့ ...



မိန်းမတွေက တကယ်မုန်းဖို့ကောင်းတယ်။ သူ စလုံးရောက်ပြီး ခြောက်လလောက်မှာပဲ ကိုယ့်ဆီဖုန်းဆက် လာတယ်။ သူ့ကိုခွင့်လွှတ်ပါတဲ့။ သူ အဲဒီမှာအလုပ်လုပ် တဲ့လူနဲ့ လက်ထပ်လိုက်ပါပြီ။ ကလေးတွေကို ဆက်ပြီး စောင့်ရှောက်ပေးပါ။ အချိန်တန်ရင် ပြန်လာခေါ်ပါ့မယ်တဲ့။ မင်း စဉ်းစားကြည့်စမ်း ခင်စာဆို။ ငါ့မာန၊ ငါ့သိက္ခာ၊ ငါ့ ဘ၀ကြီးတစ်ခုလုံးကို ရက်ရက်စက်စက် နင်းချေသွားတဲ့ မိန်းမကို သိပ်မုန်းတဲ့စိတ်နဲ့ သူနဲ့အဝေးဆုံးမှာ ငါနေခဲ့တယ်။ သူ ဘယ်လိုမှမထင်နိုင်တဲ့ ရန်ကုန်လိုနေရာမျိုးမှာ ငါ့ဘ၀ ကို အပြီးမြှုပ်နှံလိုက်တယ်။ လားရှိုးက ငါ့အိမ်၊ စီးပွားရေး တွေ အားလုံးကို ရောင်းချ အသိုက်ဖျက်ပြီးမှ ငါ ရန်ကုန် ကို လာခဲ့တာ ...

အားလုံးကို ဒီကလေးသုံးယောက်ဟာ ကိုယ့်သား သမီးတွေပါဆိုပြီး ကြေညာခဲ့တယ်။ မိုးလင်းကတော့ ကိုယ့်ကို သူ့အဖေလို့ပဲ ထင်နေတာ။ တာရာနဲ့ ရောင်နီ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အားလုံးကိုသိပေမယ့် ကိုယ့်ကို နားလည်နိုင်တဲ့အတွက် သူတို့လည်း ကိုယ့်ကို သူတို့ရဲ့အဖေအဖြစ်လုံးဝကို အားကိုးကြတယ်"

စာဆိုသည် ဖခင်စိတ်အပြည့်ထားနိုင်သော သူ့ကိုကြည့်ကာ တကယ်ပဲ လေးစားမိသလို သနားလည်း သနားမိသွားပါသည်။ ကြည့်စမ်း ... သူ ဘယ်လောက်ထိ ခက်ခဲရုန်းကန်ရမလဲ။ အသည်းကွဲနေတဲ့ အချိန်မှာတောင် သူ့ဘဝကို ကလေးတွေနှင့် အကောင်းဆုံးအခြေအနေတစ်ခုဖြစ်အောင် ရပ်တည်နိုင်ခဲ့တယ်။ ကိုမိုးထိပ်ခေါင်ရဲ့ ဘဝဇာတ်ကြောင်း အစုံအလင်ကိုနားထောင်ရပြီးသောအခါ သူ့ကို တကယ်ပဲ စာနာနားလည်သွားသည်။

"ကိုမိုးထိပ်ခေါင်က တကယ်ပဲ လေးစားထိုက်ပါတယ်။ တာရာတို့အတွက် တကယ့် အမိုးအကာကောင်းပါ"

"ဟုတ်လိမ့်မယ် ခင်စာဆို။ ကိုယ့်ရဲ့ဘဝတစ်ခုလုံး စိတ်တွေအားလုံး ဒီကလေးသုံးယောက်အတွက်ပဲ ပုံအောထား



ခဲ့တဲ့အတွက် ကိုယ့်ရင်ခွင်ဟာ သူတို့အတွက် အကောင်းဆုံးနဲ့ အနွေးထွေးဆုံး ခိုလှုံရာဖြစ်လိမ့်မယ် ...

ကိုယ့်ကို ကြီးချိုက စကားတစ်ခွန်း ပြောခဲ့ဖူးတယ်။ ဒီကလေးတွေကို ကိုယ်မပိုင်သလို ဆိုင်လည်းမဆိုင်ဘူးတဲ့။ ကိုယ့်ကိုယ်ကိုယ် မှတ်ယူထားရမှာက ကိုယ်က သူတို့လေးတွေ နေပူနေတုန်းမှာ ထုတ်ဆောင်းတဲ့ ထီးတစ်လက်တဲ့။ ကိုယ်က ဘယ်တော့မှ သူတို့ရဲ့အိမ် မဟုတ်နိုင်ဘူးတဲ့ ...

အဲဒီတုန်းကတော့ ကိုယ် ကြီးချိုကိုတောင် စိတ်ထဲ တစ်မျိုးဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခု ကြီးချိုပြောသလို ဟုတ်နေခဲ့ပြီ စာဆို။ မေစိမ့်စမ်းလင်းက သူ့တူ တူမတွေကို ပြန်တောင်းနေပြီ"

"ဟယ် ... အဲဒါဆို ဘယ်လိုလုပ်ကြမလဲ ကိုမိုးထိပ်ခေါင်"

သူက စကားတွေအများကြီး ပြောရ၍ မောသွားဟန်ဖြင့် အသက်ဝဝရှူနေကာ တစ်နေရာရာကို ငေးစိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။ စာဆိုသည် သူ့ကိုကြည့်ရင်း တကယ်ခံစားလာရသည်။ ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ ယောက်ျားကောင်းကို စာဆိုတကယ်လေးစားမိပါသည်။ သူ့ရုပ်ရည်၊ ငွေကြေးဥစ္စာ၊ ပညာဂုဏ် ဘာတစ်ခုမှ ပြောစရာမလိုအောင် ကုံလုံပြည့်စုံတဲ့သူလို လူရည်သန့်လူတော်တစ်ယောက်ဟာ ပတ်ဝန်းကျင်မှာ ကလေးသုံးယောက်အဖေအဖြစ် ရင်ဆိုင်ကာ တစ်ခုလပ်လိုလို မုဆိုးဖိုလိုလို ထင်ယောင်ထင်မှားအဖြစ်ခံပြီး ကလေးတွေအတွက် အဖေနေရာမှာ နေပေးခဲ့သည်။

သူ့အသက်အရွယ်ဆို အိမ်ထောင်တစ်ခုထူထောင်၍ ပျော်ရွှင်ပြည့်စုံသော မိသားစုဘဝကို တည်ထောင်နိုင်နေတဲ့ အခြေအနေ ဖြစ်ပါသော်လည်း သူ့ဘဝကြီးတစ်ခုလုံးကို အိပ်ဆေးခတ်ထားကာ ဖျောက်ကွယ်ထားရဲတဲ့ အနစ်နာခံစိတ်ဓာတ်အတွက်ကြောင်းမှု တစ်ခုတော့ စာဆို တကယ်ပဲ ရစေချင်လှပါသည်။

"ဘယ်လိုလုပ်ကြရမလဲဆိုတာ ကိုယ်မသိတော့ဘူး။ ကိုယ့်စိတ်ထဲမှာ ကိုယ့်ကလေးတွေကို ဘယ်သူ့လက်ထဲကိုမှ



မပေးနိုင်ဘူး။ သူတို့လေးတွေက ကိုယ့်ဘဝပဲ။ ဒါပေမဲ့ စိမ့်စမ်းက သူတို့တွေရဲ့အဒေါ်ရင်း။ တရားဥပဒေအရ ရှင်းမယ်ဆိုရင်တောင် ကိုယ်က ဘယ်လိုပဲဖြစ်ဖြစ်ရှုံးမှာ ...

ဟင်း ... ကိုယ်အရမ်းစိတ်ဆင်းရဲရတယ် စာဆို။ သမီးနဲ့ သားက စိမ့်စမ်း ပြန်ရောက်နေတာကို မသိကြသေးဘူး။ သူတို့သိရင် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ ကိုယ်လည်း အပိုင်တွက်ပြောလို့ မရဘူး။ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ သူတို့သုံးယောက်လုံး မင်းကို မျှော်လင့်နေကြတယ်။ မင်းနဲ့အချိန်ကာလ သိပ်အကြာကြီးဆုံခဲ့တာမဟုတ်ပေမယ့် တာရာကော၊ ရောင်နီနဲ့ မိုးလင်းကောမင်းကို သံယောဇဉ်သိပ်ရှိကြတယ်။ ကိုယ်တို့မိသားစုအားလုံး မင်းအပေါ် သံယောဇဉ်ကြီးကြတယ် စာဆို ...

မင်းကို ကိုယ် ကမ္ဘာ့ရှုးထိုး အလုပ်ထုတ်ပစ်မိတဲ့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်တယ်။ တကယ်တော့ ကိုယ်က ..."

www.burmeseclassic.com

www.burmeseclassic.com



စာဆိုသည် စကားတွေအများကြီး ရှင်းပြနေတဲ့ သူ့ရဲ့ခံစားချက်တွေကို အရမ်းနားလည်သဘောပေါက်ကာ သူ့ကို ဆက်မပြောစေတော့ပါ။

"ကျွန်မ နားလည်ပါတယ် ကိုမိုးထိပ်ခေါင်။ ကျွန်မလည်း ကိုမိုးထိပ်ခေါင် နေရာမှာဆို အဲဒီလိုပဲ လုပ်မိကောင်းလုပ်မိမှာပါ။ ကိုမိုးထိပ်ခေါင် အဲဒီအတွက် တောင်းပန်စရာ မလိုပါဘူး။ ကျွန်မ မနက်ဖြန်ကစပြီး ကိုမိုးထိပ်ခေါင်ရဲ့ အိမ်ကို လာခဲ့ပါ့မယ်"

"ကျေးဇူးပါပဲ ခင်စာဆို။ မင်းကို ရင်ဖွင့်လိုက်ရလို့ ကိုယ့်စိတ်တွေ နည်းနည်းပေါ့သွားသလိုပဲ။ ကဲ ... ပြန်ရအောင်လေ။ မင်းအိမ်က စိတ်ပူနေဦးမယ်"

သူက ထိုင်နေရာမှထကာ ကားတံခါးထဖွင့်လျှင် စာဆိုသည် စကားတစ်ခွန်းကို မပြောလိုက်ရမှာစိုးသည့်အတွက် သူကားပေါ်မတက်ခင်မှာပဲ လှမ်းပြီးအလျင်အမြန် ပြောလိုက်ရသည်။



"ကိုမိုးထိပ်ခေါင် ဘာမှစိတ်ဓာတ်မကျပါနဲ့နော်။ တာရာ၊ ရောင်နီနဲ့ မိုးလင်းက ကိုမိုးထိပ်ခေါင်ကို သိပ်ချစ်ပြီး သိပ်သံယောဇဉ်ရှိကြပါတယ်။ သူတို့အတွက် ရှင်က ဖခင်ကောင်းတစ်ယောက်ပါပဲ။ သူတို့ရင်ထဲမှာ ရှင်က အမြဲရှိနေတာပါ။ သူတို့လေးတွေရဲ့စိတ်ကို ရှင်က အပိုင်ရထားတဲ့သူဖြစ်တဲ့ အတွက် ဘာမှစိတ်ဓာတ်ကျစရာ မရှိပါဘူး"

စာဆိုရဲ့အားပေးစကားကြောင့် သူက ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းတစ်ချက် ဆတ်ပြပြီး "လာ ... ပြန်ကြရအောင်"ဟု ခေါ်ပါသည်။ စာဆိုက သူ့စကားအတိုင်း ကားပေါ်ထိုင်ပြီး နောက်မှာတော့ သူက ကားစက်နှိုးကာ ဂီယာကောက်ထိုး၍ မောင်းထွက်လာခဲ့တော့သည်။ ပြီးတော့ ကက်ဆက်ကို လှမ်းဖွင့်လိုက်သည်။ တိုက်ဆိုင်စွာ လွင့်ပျံလာတဲ့သီချင်းသံကြောင့် သူကော စာဆိုပါ ငြိမ်ငြိမ်ကလေး နားထောင်ဖြစ်နေပါသည်။

"မပြတ်သေးဘူး xxx ရေစီးကြောင်းလေးအား ဓားနဲ့ဖြတ် ပြတ်ပါ့မလား xxx ဖြတ်မရဘူး xxx ဒီလိုသံယောဇဉ်တွေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်တူအဝေး xxx လူချင်းတွေ့ကြဖို့ခဲယဉ်းလည်း xxx
အတွေးလေးထဲ အမြဲတမ်းတွေး xxx ဒီလိုသံယောဇဉ်တွေ
ဖြတ်ဖို့ခက်တယ်လေ xxx ကြိုးများအားလုံးထဲ အမြဲဆုံး
ကြိုးသံယောဇဉ် xxx တို့နဲ့မင်းရဲ့အသည်းတွေကို xxx
ရေး xxx တင်းတင်းရစ်ဖွဲ့လို့ထားရင် xxx တို့နှစ်ယောက်
ဘယ်လောက်ပင်ဝေး xxx အို ရေစီးကြောင်းလေးအတိုင်း
ထာဝရစဉ် စီးဆင်း"

ရေစီးကြောင်းလို သံယောဇဉ်မျိုးက မပြတ်နိုင်ဘူး ဆို့ စာဆိုရင့်ထဲက သူနှင့်ပတ်သက်လို့ ရေတံခွန်လို သံယောဇဉ် မျိုး ရှိတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ အသိပေးထားလိုက်ပါတော့ သည်။

♣ ♥ ♣



## ၁၅

ခင်စာဆို သူတို့အိမ် ပြန်လာတဲ့အခါ ကလေးတွေဟာ ပျော်ကြလွန်း၍ ခင်စာဆိုကို ပြေးဖက်ကာ ခုန်ပေါက်မြူးတူးနေကြပါသည်။

သူ့ရဲ့ကလေးတွေ ဒီလို ပျော်မြူးနေတာကို မြင်ရလျှင် သူ့ရဲ့စိတ်တွေလည်း အေးငြိမ်းရပါသည်။

"အင်း ... ခင်စာဆိုလေး ပြန်ရောက်လာတာနဲ့ ကလေးတွေမျက်နှာ ချက်ချင်းကို လန်းလာတာပဲ။ မောင်မိုး ... တစ်နေ့ မင်း အိမ်ထောင်ပြုတဲ့အခါကျရင် အဲဒီလိုမိန်းက လေးမျိုးကို ရွေးချယ်သင့်တယ် သား"

www.burmeseclassic.com



ကြီးချိုရဲ့စကားအဆန်းကြောင့် သူက ဟာခနဲ
ရွတ်လိုက်ကာ အသာပြုံးမိသွားသည်။ သူ တစ်နေ့ အိမ်ထောင်
တဲ့အခါကျရင်တဲ့။ သူက ဘယ်သူ့ကို ချစ်နိုင်တော့မှာလဲ။ အချ
ဆိုတာဟာ သူ့အတွက် စိတ်နာစရာ အကြေကွဲဆုံးအတိတ်
မျက်နှာတွေပဲဖြစ်သည်။ အချစ်ဆိုတာ သူ့ရဲ့အတိတ်က အိပ်
ဆိုးတွေဖြစ်တာကြောင့် သူက စကားထဲတောင် ထည့်မပြောမိ

"ကိုမိုးထိပ်ခေါင် ... ဧည့်သည်လာတယ်တဲ့။ အောက်
gate က လှမ်းအကြောင်းကြားတယ်။ မစိမ့်စမ်းလင်း
ကျွန်မ ဘာပြောလိုက်ရမလဲဟင်"

စာဆိုက သူ့ရဲ့ကော့ဒ်လက်စ်ဖုန်းကို မ,ယူလာ
ပြောလေလျှင် သူက မျက်လုံးတွေတောင် ပြာခနဲဖြစ်သွားရသည်
သူမ ဒီထိတောင် လိုက်လာဟယ်ဆိုသောအခါ မိုးထိပ်သည်
တကယ်ပဲ ရင်ထဲမှာ နွမ်းလျသွားတော့သည်။ သူ တကယ်
ကလေးတွေကို ထည့်ပေးလိုက်ရတော့မှာလား။ သူ့ရဲ့သွေးပျက်
အတွက် စာဆိုက အကြံပေးလာပါသည်။



"ကိုမိုးထိပ်ခေါင် ရင်ဆိုင်လိုက်ပါ။ ကိစ္စက ရှောင်နေလို့ ပြီးမသွားဘူး။ ကိုမိုးထိပ်ခေါင်ဘက်မှာ ကလေးတွေရှိနေတယ်ဆိုတာ ယုံပါ။ သူတို့ကို လက်ခံတွေ့လိုက်ပါ။ စာဆို ကလေးတွေနဲ့ အခန်းထဲမှာ ဝင်နေလိုက်မယ်။ သူတို့မကြားအောင် သီချင်းအကျယ်ကြီး ဖွင့်ထားလိုက်မယ်လေ။ အဲဒါဆို ကလေးတွေ ဧည့်သည်လာမှန်းလည်း သိမှာမဟုတ်တော့ဘူး"

စာဆိုရဲ့အကြံအတိုင်း သူက ခေါင်းညိတ်လိုက်ရတော့သည်။ စာဆိုက သူ့နည်းသူ့ဟန်ဖြင့် ကလေးတွေကိုအခန်းထဲခေါ်သွားပြီးချိန်မှာတော့ စိမ့်စမ်းရယ်၊ သူ့ယောက်ျားရယ်ပြီးတော့ နောက်ထပ်အမျိုးသားကြီးတစ်ဦးပါ ပါလာပါသည်။ မိုးထိပ်သည် သူတို့တွေကို ဧည့်ခန်းမှာ ထိုင်စေပြီးမှ မေးတစ်ချက်ဆတ်ပြကာ ...

"ဘာကိစ္စရှိလို့လဲ"

"ကလေးတွေ ဘယ်မှာလဲ မိုး။ ကျွန်မ သူတို့နဲ့တွေ့ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပေးမတွေ့နိုင်ဘူး။ မင်းနဲ့ ကလေးတွေ မပတ်သက်ရဘူး"

မိုးထိပ်က အပြတ်ပြောလိုက်လေသောအခါ သူမရဲ့ အမျိုးသားဖြစ်ဟန်တူသည့်လူက ဒေါ်နှင့် သူ့ကိုဝင်ပြောလေသည်။

"အေး ... ခင်ဗျား ပေးမတွေ့ရင်တော့ ကျုပ်တို့က ဥပဒေ အရ လုပ်စရာရှိတာ လုပ်ရမှာပဲ"

ဘလိုင်းဝင်ပြောတာကြောင့် မိုးထိပ်သည် စိတ်ပေါက် ပေါက်ဖြင့် အဲဒီဘက်ကို ကောလေတော့သည်။

"ဒီမှာ ... ဘောင်မဝင်တဲ့လူတွေ စကားလာမပြောနဲ့။ ကျုပ် စိတ်မဝင်စားဘူး"

"ဟာ ... ဒီမှာ ဟေ့လူ။ ကျုပ်က စိမ့်ရဲ့ခင်ပွန်း။ ကျုပ်မှာ ပြောပိုင်ခွင့် အပြည့်ရှိတယ်"

"ဟုတ်လား ... ရှိလည်း ဆဲသေလိုက်ဗျာ။ ဒါ မေစိမ့်စမ်း လင်းရဲ့အစ်မကမွေးတဲ့ ကလေးတွေကိစ္စ။ ခင်ဗျားနဲ့မဆိုင် ဘူး။ ဒီကလေးတွေရဲ့အဖေလည်း မဟုတ်တဲ့အတွက် ခင်ဗျားဘောင်မဝင်ဘူး စိမ့်ရဲ့ခင်ပွန်း ပါးစပ်ပိတ်နေလိုက် ပါ"



သူက အကန့်တွေချည်းပဲ ပြောနေတာကို ရိုပ်စားမိတဲ့ မေစိမ့်စမ်းလင်းက ကြားထဲက ဝင်ဖျန်ဖြေလေသည်။

"ကဲ ... တော်ပါတော့။ ကိုနေလည်း ဘာမှမပြောပါနဲ့တော့။ စိမ့်စမ်း ဘာသာ ရှင်းပါ့မယ်။ ကဲ ... မိုး ကျွန်မ အဓိကလာရင်းကိစ္စက ကလေးတွေနဲ့တွေ့ဖို့ပဲ။ ပြီးတော့ ကျွန်မ ကလေးတွေကို ပြန်ခေါ်ချင်ပြီ။ အဲဒါ ကျွန်မဘယ် တော့ လာခေါ်ရမလဲ"

"မင်း ဘယ်တော့မှ ခေါ်လို့မရဘူး"

"ဟင်း ဟင်း ... မိုးကနော်။ စကားပြောရင် စည်းလွတ် ဝါးလွတ် သိပ်ပြောတာပဲ။ ဒီမှာ မိုး ... ကျွန်မ မိုးနဲ့ရန်သူ မဖြစ်ချင်ပါဘူးလို့ ပြောထားပြီးသားနော်။ ကလေးတွေ က ရှင်နဲ့ဘာမှမဆိုင်ဘူးဆိုတာ ရှင်သိပါတယ်။ အေးအေး ဆေးဆေး ပြေပြေလည်လည် ပြောနေ ညှိနေတာတောင် မိုးဘက်က ခါးသီးနေမယ်ဆိုရင်တော့ တရားဥပဒေနဲ့ပဲ စကားပြောတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မင်း ... မင်း"

မိုးထိပ်သည် ဘာပြောလို့ ပြောရမှန်းမသိအောင် စိတ်တွေက ပူလောင်ယောက်ယက်ခတ်နေပြီဖြစ်သည်။ တရား ဉပဒေနဲ့ ရှင်းပြီဆိုတာနဲ့ သူ့အရှုံးဆိုတာ သိပြီးသားဖြစ်ပါသည်။ ဒါပေမဲ့ ဒီတိုင်းချည်းလည်း ကလေးတွေကို သူ့လက်အပ်လိုက် မယ်ဆို သူ့ဘဝမှာ ဘာအနှစ်သာရမှ ရှိတော့မှာ မဟုတ်ပေ။ သူ ဘာလုပ်ရမှာလဲ။

"မိုး ... ကျွန်မဘက်က မိုးကို တစ်ပတ်ပဲ အချိန်ပေးနိုင် မယ်။ တာရာတို့ကို ကျွန်မဆီ ပြန်ပေးပါ။ ဒီတစ်ပတ်မှ ဘာမှအခြေအနေ မထူးဘူးဆိုရင်တော့ ဆိုင်ရာကနေပဲ စကားပြောကြတာပေါ့ ...

သွားမယ်"

"တောက် ... ကွာ"

မိုးထိပ်သည် ဘာမှပြန်မပြောနိုင်တဲ့အတွက် ဒေါကန် ကာ ဒေါက်တစ်ချက် ခပ်ပြင်းပြင်းခေါက်၍ ခုံကိုလက်သီးဖြင့်



ပိတ်ထုပစ်လိုက်တော့သည်။ အရှမ်းခံပြင်းဖို့ ကောင်းလှပါသည်။ တစ်ပတ်တဲ့။ ဒီတစ်ပတ်အတွင်းမှာ ကလေးတွေနဲ့သူ အဝေးဆုံး ဝေးသွားတော့မှာလား။

"မောင်မိုး ... မင်း စိတ်လျှော့လိုက်သင့်ပြီလို့ ကြီးချို ထင် တယ်၊ ကလေးတွေက မင်းကိုသိပ်ချစ်ပေမယ့် သူတို့ရဲ့ဘဝ ကို မင်းအရိပ်အောက်မှာ တရားဝင်ထားခွင့်မှ မရှိတာ။ မောင်မိုး ကြီးချိုအကြံပေးချင်တာတစ်ခုက ကလေးတွေ ကို ဒီတိုင်းပေးလိုက်တာ ကောင်းမယ်"

"ကြီးချို အဲလိုတော့ မရဘူးလေဗျာ။ ကျွန်တော့်ခံစားချက် ကလေးတွေရဲ့ခံစားချက်ကို မေ့လိုက်ရတော့မှာလား။ လုံးဝ အဓိပ္ပာယ်မရှိဘူးဗျာ"

"မောင်မိုး ... မောင်မိုး ... ကိုယ်နဲ့မဆိုင်တာကို ခံစားပြီး ဘဝတစ်ခုလုံး ပုံပေးပြီးချစ်တော့ မင်း ခံစားရတာပေါ့။ အဲဒါဆို အခု သား ဘာလုပ်မှာလဲ။ ပြီးတော့ ကလေးတွေ ကို မင်း ဘယ်လိုပြောမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ကျွန်တော် အရမ်းစိတ်ညစ်တယ်ဗျာ။ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး"

"ဖေဖေ"

ဒီစကားသံကြောင့် သူဟာ လန့်ဖျပ်သွားပြီး လှည့်ကြည့်လိုက်လျှင် မျက်ရည်ဥတွေ ရင်တွဲခိုနေသည့် တာရာကို မြင်လိုက်ရတော့သည်။

မိုးထိပ်သည် ချက်ချင်းပင် ထိုင်နေရာမှ ထကာ တာရာဆီ ပြေးသွားလိုက်ပြီး တာရာ့ရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"သမီး ... တာရာ ဘာမှမဖြစ်ဘူး။ ဘာမှမဖြစ်ဘူးနော်"

"ဖေ ... ဖေဖေ ... တီတီ ပြန်လာပြီလား။ သူက သမီးတို့ကို ပြန်ခေါ်နေပြီလား"

ဟား ... သွားပြီ။ သမီးလေး အကုန်ကြားသွားပြီပေါ့။ မိုးထိပ်သည် မျက်ရည်အဝိုင်းသားနဲ့ သမီးရဲ့မျက်နှာလေးကို ရင်နင့်စွာ စိုက်ကြည့်နေရင်းကမှ ခေါင်းအသာညိတ်ပြကာ ...





"သမီးရယ် ... သူ ဖေဖေတို့ကို ရှာတွေ့သွားပြီ။ အခု သမီးတို့ရဲ့တီတီက ဖေ့ဆီကနေ သမီးတို့ မောင်နှမသုံးယောက်ကို ပြန်တောင်းနေပြီ။ အဖေ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး"

"တီတီနဲ့ တာရာတို့ မနေချင်ပါဘူး။ သမီးတို့က ဖေဖေနဲ့ပဲ နေချင်တာ"

အဆုံးသတ်စကားမှာ အသံတိမ်ဝင်သွားသော သမီးလေးကို သူဟာ ဝမ်းနည်းစွာဖြင့် ပွေ့ဖက်ထားလိုက်ကာ ...

"သမီးရယ် ... ဖေဖေလည်း သမီးတို့နဲ့ပဲ နေချင်တာပါ"

"ဖေဖေရယ် ... သမီးတို့မောင်နှမတွေကြောင့် ဖေဖေ အရမ်းစိတ်ဆင်းရဲနေရပြီ။ တီတီက ဖေဖေ့ကိုရန်ရှာနေပြီ"

"သမီးလေး တာရာ၊ သမီးတို့ကို ဖေဖေ စိမ့်စမ်းလက်ထဲကို မထည့်ပေးချင်ပါဘူးကွာ။ ဒါပေမဲ့ ... ဒါပေမဲ့ကွာ"

"သမီး သိပါတယ် ဖေဖေ။ ဖေဖေနဲ့ မခွဲချင်ပေမယ့်လည်း သမီးတို့ တီတီနဲ့လိုက်သွားရတော့မယ်၊ ဟီး ... ဟီး ... သမီးတို့ကြောင့် ဖေဖေ ဒုက္ခမရောက်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



တာရာလေးက သူ့ကိုဖက်ကာ သည်းသည်းထန်ထန်ငို ကြွေးနေလျှင် သူပါရော၍ မျက်ရည်ကျရလေသည်။ သူများပစ္စည်း ဆိုတာ ပိုင်ရှင်ပြန်လာရင် ပြန်ပေးရမယ်မှန်း သိနေပါသော်လည်း နွယ်လိုတွယ်နေသည့် သံယောဇဉ်တို့ကြောင့် ဘယ်လိုမှ သမီးနှင့် သားကို အဆုံးရှုံးမခံနိုင်ပါ။ ဒါပေမဲ့ အခြေအနေဟာ သူလက် လျှော့လိုက်ရမည်ဖြစ်သည်။ ဖြစ်နိုင်ရင် အားလုံးကို မေ့သွားရင် သိပ်ကောင်းမှာပဲ။

"မေမေ ... ဟီး ... ဟီး ... ဟီး"

ရောင်နီနဲ့ မိုးလင်းကပါ ခင်စာဆိုရဲ့လက်ထဲကနေ စွတ်ထွက်လာကာ သူ့ဆီသို့ ပြေးလာကြပြီး သူ့ကိုဖက်ငိုကြပါ သည်။ မိုးလင်းလေးက ဘာမှမသိနားမလည်ပေမယ့် သူငိုနေတာ ကြောင့် သူ့ရဲ့ပါးနှစ်ဖက်ကိုကိုင်ကာ မပီကလာသံလေးဖြင့် –

"မေ ... မေ မငိုနဲ့နော်။ မီးတို့ နောက်မဆိုးတော့ပါဘူး။ မေမေ မငိုပါနဲ့နော်"

"သမီးလေးရယ်"



မိုးထိပ်သည် မီးငယ်လေးရဲ့စကားတွေအတွက် ရင် ထဲမချိစွာဖြင့် ပိုခံစားရပါသည်။

"ရောင်နီ ... မိုးလင်း၊ မမ မင်းတို့ကို ပြောစရာရှိတယ်။ နောက်နေ့ကျရင် မေမေနဲ့ ငါတို့ အတူမနေရတော့ဘူး။ တီတီ ပြန်ရောက်လာပြီ ရောင်နီ။ ငါတို့ တီတီနဲ့ သွားနေ ရမယ်"

"သမီး ... တာရာ"

တာရာက သူ့မောင်နဲ့ ညီမကို သူ ထင်မထားတဲ့ စကားတစ်ခွန်း ပြောလိုက်တာကြောင့် သူဟာ မျက်လုံးတွေတောင် ပြာဝေကုန်၍ ရင်တစ်ခုလုံး ပူလောင်သွားရတော့သည်။ သူက ဝင်ဟန့်တာတောင် တာရာက ဆက်ပြောလေသည်။

"ငါတို့ တီတီနဲ့ ပြန်မလိုက်သွားရင် မေမေက ငါတို့ကြည့် ဖူးတဲ့ ရုပ်ရှင်တွေထဲကလိုမျိုး ရဲတွေက မေမေ့ကိုဖမ်းသွား ကြမှာ။ အဲဒါကြောင့် ငါတို့ တီတီဆီမှာပဲ ပြန်နေကြရ အောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဖေဖေက လူဆိုးမှမဟုတ်တာ။ တီတီက ကော ဘယ်သူလဲ။ ဟီး ... ဟီး ... မီးက ဖေဖေ့ကိုပဲ ချစ်တာ။ ဖေဖေနဲ့ပဲ နေမှာ"

ကြာလာရင် သူဟာ ချုံးပွဲချငိုမိတော့မှာမို့ ခင်စာဆို ကို လှမ်းအော်ပြောရပါသည်။

"ခင်စာဆို ... ကလေးတွေကို ခေါ်သွားလိုက်ပါ"

ခင်စာဆိုက အလိုက်တသိဖြင့် သူ့ရှေ့က ကလေး သုံးယောက်ကို ခေါ်သွားပေမယ့် သူကတော့ ရင်ပွင့်မတတ်ကျန် နေခဲ့ရတာဖြစ်သည်။

"ကြီးချို ... ကျွန်တော် ဘာလုပ်ရမလဲဗျာ"

"တာရာလေးက သိတတ်တဲ့အရွယ် ရောက်နေပြီ မောင်မိုး။ သမီးက မင်း ဒုက္ခရောက်မယ်ဆိုတာ သိနေလို့ စိမ့်စမ်း သွားမယ်လို့ ပြောနေပြီ။ မောင်မိုး ... ကလေးတွေဟို သား သိပ်ချစ်တယ်ဆိုတာ ကြီးချို သိပါတယ်။ ဒါပေမဲ့ ကွယ် ... သူတို့လေးတွေက ..."



ကြီးချိုရဲ့စကားမဆုံးသေးခင်မှာ သူက ကြို့တင်သိ ရှာဖြင့် ခပ်လေးလေးကြီး ခေါင်းညိတ်လိုက်ကာ ဆုံးဖြတ်ချက်ကို ယတိပြတ်ချလိုက်တော့သည်။

"ကျွန်တော် ကလေးတွေကို သူ့ဆီပြန်ပို့လိုက်ရတော့မှာပါ ဗျာ"

✤ ❦ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

အဲဒီနေ့က ရင်ကွဲတဲ့နေ့လို့တောင် ပြောလို့ရမည် ဖြစ်သည်။ တာရာ၊ ရောင်နီနှင့် မိုးလင်းဟာ အင်မတန်မှ နားလည်သိတတ်ကာ ကျေးဇူးတရား နားလည်သော ကလေးလေးတွေဖြစ်ကြပါသည်။ သူတို့က မေစိမ့်စမ်းလင်းနှင့် မနေချင်ပါဘူးဟု ငိုကြွေးပြီး ငြင်းတာနှင့် ကိုမိုးထိပ်ခေါင်ဟာ ဘာပဲဖြစ်ဖြစ် ထောင့်အပြင် တန်းမရှိဘူးဆိုတဲ့စိတ်နှင့် ကလေးတွေကို နေစေရမှာ ဖြစ်သည်။ အဲဒါကို ကြိုသိနေသည့် တာရာလေးက အကြီးဆုံး အငယ်နှစ်ယောက်ကို သူ့နည်းသူ့ဟန်ဖြင့် ညှိလိုက်ပြီးနောက်မှာ အဖြေက တီတီနဲ့ပဲ နေပါတော့မယ် ဖြစ်သွားတော့သည်။



ကလေးတွေကို သူမတို့အိမ်သွားပို့တုန်းက ကြီးချို့ဆို မျက်ရည်လေးစမ်းစမ်း, စမ်းစမ်းနှင့် မခံစားနိုင်လို့ဆိုပြီး လိုက်တောင် လိုက်မလာတော့ချေ။ အဲဒီတော့ တာရာ၊ ရောင်နီ၊ မိုးလင်းတို့နဲ့အတူ မေစိမ့်စမ်းလင်းရဲ့အိမ်ရှိရာသို့ ကိုမိုးထိပ်ခေါင်နှင့် အဖော်အဖြစ် စာဆိုကယ် လိုက်လာခဲ့ပေးရပါသည်။ ကလေးတွေဟာ သူတို့အဖေ စိတ်မကောင်းမှာစိုး၍ မငိုကြပေမယ့် မျက်နှာလေးတွေကို ကြည့်တာနှင့် သိပ်ကြေကွဲနေကြမှန်း သိသာပါသည်။

"သမီး ... သား ... လိမ်လိမ်မာမာနေကြနော်။ ဖေဖေ့ဆီလည်း ဖုန်းဆက် ကြားလား။ တစ်ခုခုလိုတာနဲ့ ဖေဖေ့ကို ပြောနော်။ သမီးကြီး တာရာ မောင်လေးနဲ့ ညီမလေးကို စောင့်ရှောက်နော်။ ဖေဖေ စိတ်ချပါရစေ"

"စိတ်ချပါ ဖေဖေ။ သမီးတို့ လိမ္မာမှာပါ"

"မိုးရယ် ... ကလေးတွေကို ဘာလို့ ဝမ်းနည်းအောင် ပြောနေတာလဲ။ မိုးနဲ့ ကလေးတွေလည်း မကြာမကြာတွေ့

www.burmeseclassic.com



လို့ရနေတာပဲဟာကို။ ကလေးတွေအတွက်ကတော့ စိတ်ချ စမ်းပါ။ ကျွန်မက သူတို့တွေရဲ့အဒေါ်အရင်းခေါက်ခေါက်။ တာရာ ပေါက်စကလေးအရွယ်ကတည်းက ပြုစုယုယလာ ခဲ့တာ။ ဘာမှပူမနေနဲ့ ...

ကျွန်မရဲ့သားသမီးတွေလို ကျွန်မကော ကိုနေကော မိဘနေရာကနေ စောင့်ရှောက်မှာ"

စာဆိုသည် ကလေးတွေနှင့် ကိုမိုးထိပ်ခေါင်ကြားက နှောင်တွယ်လွန်းသည့် ကြိုးကလေးကို မြင်ရပြီး ဘာမှမဖန်တီးပေး နိုင်သည့်အတွက် အရမ်းခံစားရပါသည်။ ဘာပဲပြောပြော စာဆို ဟာ ဒီကလေးတွေအပေါ်ကို အရမ်းမေတ္တာထားပြီး ချစ်ခဲ့ဂရုစိုက် ခဲ့တဲ့အတွက် သံယောဇဉ်က တော်တော်နှောင်တွယ်ရစ်ငင်နေပြီ ပြီဖြစ်သည်။

စာဆိုတောင် ဒီကလေးတွေနှင့် မခွဲချင်တာ ကိုမိုး ထိပ်ခေါင်ဆို အခုချိန် ရင်ထဲမှာ ဘယ်လောက်မီးတောက်နေပြီ လဲဆိုတာ ကိုယ်ချင်းစာပေးလို့ ရပါသည်။



"ကဲ ... ကလေးတွေလည်း နေရာအမှန်ကို ပြန်ရောက်ပြီ ဆိုတော့ အားလုံး စိတ်အေးသွားရပြီ။ ကျွန်တော်တို့လည်း လုပ်စရာလေးတွေ ရှိသေးတော့လေ"

စိမ့်စမ်းရဲ့ခင်ပွန်းဖြစ်သူက ယဉ်ယဉ်လေးနှင့် နှင်နေ ပြီဖြစ်လျှင် စာဆိုဟာ ကိုမိုးထိပ်ခေါင်ရဲ့မျက်နှာကို မော့ကြည့်မိ သွားသည်။ သူ့မျက်နှာမှာ ဒေါသသွေးတွေ မခံချင်စိတ်တွေ ချုကြွလာတာကို စာဆို ရိပ်မိပါသည်။ သို့သော်လည်း ကိုမိုးထိပ် ခေါင်ဟာ အင်မတန်မှကို လေးစားစရာ ကောင်းလှပါသည်။ သူ ကားပြောမှားတာနှင့် သူချစ်တဲ့ကလေးတွေကို ဟိုလူနှိပ်စက်မှာ စိုးတာကြောင့် မျက်နှာကို ချက်ချင်းချိုလိုက်ကာ ...

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့။ ကလေးတွေလည်းပြန် ရောက်လာပြီဆိုတော့ ကိုနေမခတို့လည်း အလုပ်ရှုပ်တော့ မှာပေါ့။ တာရာတို့ကို အပ်ပါတယ်ဗျာ။ သူတို့လေးတွေ ခင်ဗျားအပေါ်မှာ ရိုင်းပျတာမျိုးဖြစ်သွားရင် ခွင့်လွှတ်ပေးပါ ခနော် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးတွေကို ကိုနေမခရဲ့သားသမီးလေးတွေ
လို ဂရုစိုက်စောင့်ရှောက်ပေးကြပါနော်။ ကိုနေမခကိုတော
စိမ့်စမ်းကိုပါ တကယ်လေးလေးနက်နက် တောင်းဆိုတာပါ"

"တောင်းဆိုစရာ မလိုပါဘူး။ ကျွန်တော်တို့က ဒီကလေး
တွေရဲ့ အုပ်ထိန်းသူ အစစ်တွေပါ။ သူတို့ရဲ့အစစအရာရာ
အားလုံးကို ကျွန်တော်တို့က တာဝန်ယူထားတာပါ။ ခင်ဗျား
ဘာမှစိတ်မပူနေနဲ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျာ။ ကဲ ... အဲဒါဆို
ကျွန်တော် ပြန်လိုက်ပါဦးမယ်။ တာရာလေး၊ ရောင်နီ၊
မိုးလင်း ဖေသွားတော့မယ်။ လိမ်လိမ်မာမာနဲ့ နေရစ်ခဲ့ကြ
နော်"

တာရာရယ်၊ ရောင်နီရယ်၊ မိုးလင်းရယ်က သူ
အဖေရဲ့မျက်နှာကို မျက်ရည်တွေ ဝေ့သီနေတွဲကာ ငေးကြည့်
ကြေကွဲနေပုံရပါသည်။ ကိုမိုးထိပ်ခေါင်သည် သူ့စိတ်သူ မာန်တင်
ကာ ထွက်သွားပြီး ကားပေါ်မှာ သွားထိုင်နေလေသည်။ ...





သည့် တာရာ၊ ရောင်နီ၊ မိုးလင်းကို ခေါင်းလေးအသာပွတ်သပ်
ပေးပြီး နှုတ်ဆက်လိုက်ကာ ...

"မောင်လေး ညီမလေး လိမ္မာနော်။ မမ မင်းတို့ကိုအမြဲ
သတိရနေမှာပါ။ မမ သွားပြီနော်"

စာဆိုက အကုန်လုံးကို နှုတ်ဆက်ကာ ထွက်သွား
လိုက်လျှင် စာဆိုရဲ့လက်တစ်ဖက်ကို လှမ်းဆွဲခံလိုက်ရသဖြင့်
လှည့်ကြည့်လိုက်လျှင် အဲဒီသူဟာ တာရာ ဖြစ်ပေသည်။

"တာရာ ... ညီမလေး ဘာဖြစ်လို့လဲ"

တာရာက စာဆိုကို ယဲ့တဲ့တဲ့ပြုံးပြကာ သူမရဲ့ဆောင်း
ဘီအိတ်ကပ်ထဲက စာခေါက်လေးကိုထုတ်ကာ စာဆိုလက်ထဲသို့
ထည့်ပေးလိုက်ပြီး ...

"အစ်မ ... ကျေးဇူးတင်ပါတယ်။ တာရာတို့အိမ်မှာ တာရာတို့
မရှိတော့ပေမယ့် အစ်မအားရင် သွားပေးပါဦးနော်။ ဖေဖေ့
ကို ဂရုစိုက်ပေးပါ။ တာရာတို့လည်း မကြာမကြာလာမှ
မှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဲဒီစာလေးကို အစ်မအိမ်ရောက်ရင် ဖတ်လိုက်ပါ။ ဟို ... ဖေဖေ မသိပါစေနဲ့နော်"

"အင်း ... အင်း ... ဒါဆို မမ သွားပြီနော်"

စာဆိုက ထွက်လာကာ ကားပေါ်ဝင်ထိုင်လိုက်လျှင် မျက်ရည်စတွေ စိုစွတ်နေလေသော ကိုမိုးထိပ်ခေါင်ကို တွေ့ရသည်။ သူက မျက်ရည်တွေကို အသာပွတ်သုတ်ကာ စာဆို့ဘက် လှည့်ကြည့်၍ ...

"ပြန်ကြရအောင် ... ရပြီလား"

"ဟုတ်ကဲ့ ... ကိုမိုးထိပ်ခေါင်"

စာဆို့ကို ခေါင်းတစ်ချက်ဆတ်ပြကာ ကားမောင်း ထွက်လာခဲ့တော့သည်။ လမ်းတစ်လျှောက်မှာ သူဟာဘာမှမပြော ဘဲ ကားကိုသာ အာရုံစိုက် မောင်းနေပါသည်။ အခုချိန်မှာ သူ အရှိမ်းခံစားနေရတယ်ဆိုတာ စာဆို နားလည်ပါသော်လည်း ဘယ်လိုနှစ်သိမ့်ပေးရမှန်းတော့ စာဆို မသိပါချေ။ ပြီးတော့ တာရာပေးတဲ့စာထဲမှာကော ဘာအကြောင်းအရာတွေများပါလိ မလဲ။



"ခင်စာဆို ... နောက်ရက်တွေမှာ မင်း အိမ်လာချင်လည်း လာပါ။ ဒါမှမဟုတ် မင်း နားမယ်ဆိုလည်း ရပါတယ်။ ကိုယ်တို့အိမ်မှာ မင်းထိန်းပေးမယ့် ဆည်းလည်းလေးတွေ မရှိပေမယ့် မင်း လာချင်လည်း လာလို့ရပါတယ်"

သူ့ရဲ့အဲဒီစကားကြောင့် စာဆိုသည် ရင်ထဲမှာ ဝမ်းတော့ နည်းသွားရပါသည်။ သူ့အတွက် အဲ ... အဲ ... သူ့ အိမ်မှာ စာဆို မလိုတော့ဘူးတဲ့လား။ စာဆို သူ့ဆီမှာ အလုပ် လုပ်တယ်ဆိုတာ စားဝတ်နေရေးအတွက် ဆိုတာထက် ပျော်ရွှင် စိတ်ချမ်းမြေ့လို့ပဲဖြစ်သည်။

"စာဆို ဒီအတောအတွင်းတော့ ကြီးချိုနဲ့အတူလာပြီး အိမ်အလုပ်တွေကို ကူလုပ်ပေးပါမယ်။ ကလေးတွေ အိမ်မှာ မရှိတော့ ကိုမိုးထိပ်ခေါင် အလုပ်သွားရင် ကြီးချို တစ်ယောက်တည်း အထီးကျန်နေလိမ့်မယ်။ ကျွန်မ အဖော် လုပ်ပေးတာပါ။ လုပ်အားခပေးဖို့ မလိုပါဘူး ကိုမိုးထိပ် ခေါင်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုယ် ဆိုလိုတာက ... ဟိုလေ ..."

စာဆိုက နားလည်ပေးစွာဖြင့် ခေါင်းအသာဆတ်ပြကာ ...

"ရပါတယ် ... စာဆို နားလည်ပါတယ်။ ကိုမိုးထိပ်ခေါင်ထက် မသာပေမယ့် စာဆိုလည်း ကလေးတွေကိုအရင်းသံယောဇဉ်ရှိခဲ့တာပါ"

"ကျေးဇူးပါ စာဆို။ ကိုယ့်ဘဝတစ်ခုလုံးမှာ ကလေးတွေအတွက် မြှုပ်နှံထားခဲ့တာပါ။ ဒါပေမဲ့လည်း အချိန်တန်တော့ ကိုယ်မပိုင်တဲ့ ပိုင်ဆိုင်မှုအတွက် ပိုင်ရှင်ပြန်လာရင် ပြန်ပေးကြရတာပါပဲ"

"ကျွန်မလေ ကိုမိုးထိပ်ခေါင်ကို အရမ်းလည်းလေးစားတယ်။ ပြီးတော့ ချီးလည်းချီးကျူးပါတယ်။ တာရာတို့ရဲ့အဖေအဖြစ် ရပ်တည်ပြီး ကလေးတွေအတွက် မျက်နှာငယ်ရအောင် ကာကွယ်ပေးထားတာ တကယ့်ကို စိတ်ထားကောင်းပါ ...

ပြီးတော့ ကိုယ့်ကို သစ္စာဖောက်သွားတဲ့ ချစ်သူရဲ့သွေးသားကို ကိုယ့်သားသမီးလေးတွေလို ကြင်ကြင်နာနာစောင့်ရှောက်နိုင်တဲ့ စိတ်ဓာတ်ကို ကျွန်မ တကယ်လေးစားတာပါ။ ကိုမိုးထိပ်ခေါင် အရမ်းတာဝန်ကျေပါတယ်။ တာရာတို့ကလည်း ကိုမိုးထိပ်ခေါင်ကို အမြဲသတိရနေကြမှာပါ"

စာဆို့စကားကြောင့် သူက သဘောကျစွာ ဟက်ဟက်ပက်ပက် ပြုံးလေသည်။ ကြည့်စမ်း ... ခုမှ သတိထားမိတယ်။ ကိုမိုးထိပ်ခေါင်ဟာ အရမ်းချောပြီး တော်တော်ကြည့်ကောင်းပါလား။ ခုလိုမျိုး ဟက်ဟက်ပက်ပက် ပြုံးပုံမျိုးဟာ တစ်ချိန်က မစိမ့်စမ်းကို ဆွဲဆောင်စေခဲ့တာပေါ့။

"မင်းကိုလည်း ကိုယ်က ကျေးဇူးတင်ပါတယ် စာဆို။ ကိုယ့်ကို အကောင်းမြင်ပေးတဲ့အတွက်ပါ ...

မင်း တစ်ခုခု စားမလား။ မနက်ကထည်းက ထွက်လာတာဆိုတော့ မင်း ဗိုက်ဆာနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"ကိုယ် ဒီနားက ဆိုင်တစ်ဆိုင်ဆိုင် ဝင်လိုက်မယ်။ ကိုယ်လည်း ဗိုက်ဆာနေပြီလေ"

အဲဒါကြောင့် စာဆိုလည်း ဘာမှဆက်မပြောတော့ချေ။ အခုချိန်မှာ စာဆိုဟာ သူ့ခံစားချက်တွေ လျော့ပါးသွားအောင် အုတ်တစ်ချပ် သိတစ်ပွင့်နေရာကနေ ဝင်ရောက်ပံ့ပိုးပေးသူ ဖြစ်ချင်ပါသည်။ သူက အနီးဆုံးက "main"မှာ ဝင်စားမည်ဟုဆိုကာ အဲဒီကိုရောက်လျှင် သူစားချင်တာမှာပြီးတော့ စာဆိုကို ကြိုက်တာမှာလို့ဆိုပြီး toilet သွားလေသည်။ စာဆိုက အစားအသောက်မှာပြီးနောက် တာရာပေးထားတဲ့စာလေးကို ဆွဲသွက်သွက်ထုတ်ကြည့်ကာ ဖတ်ဖြစ်ပါသည်။

"အစ်မ ...

အချစ်ဦးဆိုတာ မမေ့ဖူးလို့ဆိုပေမယ့် မေ့သင့်ရင်မေ့ရမယ်နော်။ ဟုတ်တယ်မှလားဟင်။ အစ်မရင်ထဲမှာ အချစ်ဦးကို မေ့နိုင်ရင် သမီးတို့ဖေဖေကို အစ်မလက်ခံ



ပါတယ်။ စိတ်မဆိုးနဲ့နော် အစ်မ။ ဖေဖေက အရမ်းသနားဖို့ကောင်းပါတယ်။ သမီးတို့အတွက် ဖေဖေဖြစ်နေတဲ့ လူပျိုဖေဖေ့ကို အစ်မ နည်းနည်းလေး သံယောဇဉ်ရှိတယ်ဆို ဖေဖေ့ကို ဂရုစိုက်ပေးပါ အစ်မ ...

သမီးလည်း သူ့ကိုမေ့လိုက်ပြီဆိုတာ အစ်မ ယုံနော်။ ဆယ်တန်းဖြေပြီးသွားရင် သမီး D တွေအများကြီးပါတယ်ဆိုပြီး ပြောနိုင်ဖို့ သမီး တကယ်ကြိုးစားနေပြီ အစ်မ။ အစ်မလည်း fighting !

ချစ်တတ်ဖို့ အစ်မကို အားကိုးပါရစေနော် : P ။

သမီးတို့က အစ်မနဲ့ပဲ ဖေဖေ့ကို သဘောတူတာ။

တာရာ၊ ရောင်နီ၊ မိုးလင်း"

စာဖတ်ပြီးသွားသည့်နောက်မှာတော့ စာဆိုသည် ယောင်ယောင်လေး ပြုံးမိလို့သွားလေသည်။ အချစ်ဦး ဆိုတာ မမေ့ဖူးတဲ့ပုဂ္ဂိုလ်တွေ ဆိုပေမယ့် စာဆို မေ့နေတာ ကြာခဲ့ပြီပဲ။ ဘာဖြစ်လို့ စာဆို မေ့သွားရတာလဲ ? ။

www.burmeseclassic.com



စိုးရိမ်မှုကြီးနေတဲ့ မျက်ဝန်းတွေရဲ့ နွေးထွေးမှုအောက်ကို ဝင်ရောက်ခံစားမိသွားတဲ့ အချိန်တွေမှာ၊ နောက်ပြီးတော့ ညနေခင်းတွေကို မခံစားတတ်အောင် အိပ်ဆေးခတ်ထားတဲ့ နတ်သားလေးတစ်ပါး ကမ္ဘာမြေမှာရှိနေတယ်ဆိုတာ လက်တွေ့သိလာတဲ့အခါ ... ကင်ချီဖြစ်ချင်နေတဲ့ အချစ်ဦးလေးဟာ ရင်ထဲကနေ expire ဖြစ်၍ အလိုလိုထွက်သွားလေတော့သည်။

♣ ♥ ♣



## ၁၇

"ဟဲ့ ... ငါ့စာအုပ်တွေ ပြန်ပေးစမ်း"

"မပေးဘူး ... မပေးဘူး။ ဒါ ငါပိုင်တယ်"

"မပေးရင် ရိုက်တယ်ဟာ၊ အင်းဟယ် ... အင်းဟယ်"

"ဟီး ... ဟီး ... တီတီရေ ... လေးလေးရေ မီးကို မမ ရိုက်နေတယ် ... ဟီး ... ဟီး"

"အား ... နားငြီးတယ်ကွာ။ ဟဲ့ ... အကြီးမ ပါးစပ်ပိတ်ဟာ။ ငါ ဒီမှာ dota ခုတ်နေတယ်"

"ဟဲ့ ... အလတ်ကောင် နင်နဲ့ဘာဆိုင်လဲ။ နင် အငယ်။ နင့်အပေါက်ကို ပိတ်ထားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မဝိတ်ဘူးဟာ။ ရှစ်(ထ်)ပဲ ... ဘာဖြစ်လဲ"

"ဘာ ... နင်ကများ ငါ့ကို ရာရာစစ သေစမ်း"

ဖော်ပြပါဆူညံပွက်လောသံများဟာ တာရာ၊ ရောင်နီ၊ မိုးလင်းတို့ရဲ့ နံနက်ခင်းတေးသံသာများ ဖြစ်ပေသည်။ ဒီကလေးသုံးယောက်ဟာ သုံးနှစ်ကျော် လေးနှစ်အတွင်းမှာ ဘာဖြစ်လို့များ ဒီလောက်တောင် ရိုင်းစိုင်းသွားရတာပါလိမ့်။ သူကယ်ကို စိတ်ပျက်စရာ ချဉ်ဖတ်လေးတွေဖြစ်သည်။

အကြီးမ တာရာဆိုတာလည်း ပြောတော့သာ ဆယ်တန်းတက်ရတော့မယ့်ကျောင်းသူ။ စာလည်း ဘာတစ်လုံးမှမကျက်။ တစ်နေ့ တစ်နေ့ chatting ဝင်လိုက်။ အလှပြင် မွေးကြိုင်နေအောင်လုပ်ပြီး ကျူရှင်ဆို ထွက်သွားနဲ့ လမ်းများနေတဲ့ ငပွေးလေးဖြစ်နေသည်။ အလတ်ကောင် ရောင်နီကတော့ ပြောကိုပြောချင်တော့ပေ။ International School က ကျောင်းသားပီသစွာ brave က ဖြစ်လွန်းအားကြီးနေသည်။ တစ်နေ့ တစ်နေ့ dota ခုတ်ရတာနှင့် ဖုန်းပြောရတာနှင့် ပါတီတက်ချင်တယ် ပူဆာရတာနှင့်



တကယ့် ငချွတ်လေးဖြစ်၏။ အငယ်ဆုံး မိုးလင်းကတော့ တကယ့်မနိုင်စိန့်ပင်။ အကြီးနှစ်ယောက်နှင့် မိုးလင်းတာနှင့် ခံသတ်ကာ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ပြိုပြိုစင် ငိုတော့တာပဲဖြစ်သည်။

အရင်က လင်မယားနှစ်ယောက်တည်း နေထိုင်လေသော ဒီကွန်ဒိုတိုက်ခန်းလေးဟာ တိတ်ဆိတ်လွန်း၍ သရဲခြောက်မှာတောင် ကြောက်ရပေသည်။ အခုများတော့ တစ်ပတ်အတွင်းမှာပင် တစ်အိမ်လုံးဟာ ကြွက်တွင်းလို ရှုပ်ပွမွနေလျက် နံရံတွေမှာလည်း ကလေးပန်းချီလက်ရာတွေက အပုံအပင်။ အိမ်မှာ ဒီကလေးတွေအတွက် စေယျာဝစ္စလုပ်ပေးဖို့ အဒေါ်ကြီးတစ်ယောက်ခေါ်ထားပေးပေမယ့် အဲဒီအဒေါ်ကြီးဟာ သုံးရက်အတွင်းမှာပင် ပေးထားတဲ့လခ ပြန်ပေး၍ ပြေးလေတော့သည်။

ချက်ရေးပြုတ်ရေး သန့်ရှင်းရေးတာဝန်ကို လာလာလုပ်ပေးနေတဲ့ အမိနာကလည်း နောက်ကနေ လိုက်မသိမ်းနိုင်တော့ချေ။ သုံးယောက်ပေါင်း လောင်းကျော်ပြီး တစ်နေ့တစ်နေ့ သောင်းကျန်းသည်မှာ လိုက်ထိန်းရင်းအသက်ထွက်သွားနိုင်ပါသည်။

www.burmeseclassic.com



အခုလည်း ဒီ weekend လေးမှာ အေးဆေးအိပ်ရမလား အောက်မေ့တယ်။ မိုးလင်းတာနဲ့ ကြားရတဲ့ငှက်ဆိုးထိုးသံတွေကြောင့် အိပ်ရာထဲက လူးလဲထကာ အိမ်ရှေ့ကရန်ပွဲကို ဝင်ဆွဲရလေတော့သည်။

"ဟဲ့ ... တော်ကြစမ်း သုံးယောက်။ နင်တို့ ဆေးပတ်ဝန်းကျင်ကို အားနာကြဦး။ ဘာဖြစ်နေတာလဲ ...

တာရာ ... သမီးက အကြီးလေ။ အငယ်တွေကို ညှာမှပေါ့ဟဲ့။ ဒီလောက် ဆူညံပွက်လောရိုက်နေတဲ့ဥစ္စာ။ နည်းနည်းအားနာဦးလေ။ လေးလေးက ခေါင်းကိုက်နေတာ။ တီတီလည်း တစ်ချက်ကလေးမှ မင်းတို့ကို အလစ်ပေးလို့မရဘူး"

စိမ့်စမ်းသည် စိတ်ဖေါက်ပေါက်ဖြင့် ထအော်လိုက်လျှင် ကလေးသုံးယေ   က်က နည်းနည်းတော့ ငြိမ်သွားလေသည်။ မိုး တစ်ယောက်တော့ ဒီကလေးတွေကို ဘယ်လိုပဲပြင်ဆုံးမထားပါလိမ့်။



"ဗိုက်ဆာတယ် တီတီ။ မီး မုန့်ဟင်းခါးစားချင်တယ်"

မိုးလင်းလေးက စိမ့်စမ်းရဲ့ဂါဝန်စကိုဆွဲကာ ပြောလေလျှင် စိမ့်စမ်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"မုန့်ဟင်းခါး စားချင်တယ် ဟုတ်လား။ အိုခေ ... မီးလေး၊ တီတီ မျက်နှာသစ်ပြီးတာနဲ့ သွားဝယ်ပေးမယ်"

"တီတီ ... သားက တူနာဆင်းဒ်ဝတ်ချ်နဲ့ Orange Juice"

"အမ်း ... သမီးက ထောပတ်ဘိန်းမုန့်နဲ့ Premier 2 plus One"

ကလေးသုံးယောက်က သူတို့စားချင်တာကို တစ်ယောက်တစ်မျိုး ပြောနေသောအခါ စိမ့်စမ်းက ပိုလို့တောင် ငိုချင်သွားပေသည်။ သုံးယောက် သုံးမျိုးဖြစ်နေတဲ့ တစ်ဆိုင်တည်းမှာ မရနိုင်တဲ့ breakfast တစ်နပ်ကို စိမ့်စမ်းက ဘယ်နကိုယ်ခွဲပြီး စီစဥ်ရမှာလဲ။

စိမ့်စမ်းက စိတ်ပေါက်ပေါက်ဖြင့် ထမေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး။ နင်တို့သုံးယောက် ဟိုအိမ်မှာတော့ ဘရိတ်ဖတ်စ် ဘာယ်လိုစားကြသလဲ"

"ဒီတိုင်းပဲလေ။ ဖေဖေက သမီးတို့ကို ညကတည်းက စားချင်တာ မေးထားပြီးသား။ သမီးတို့ မနိုးခင်ထပြီး အားလုံးစီစဉ်ထားပြီးသားလေ။ မိုးလင်းကိုဆို မနက်တိုင်း နို့တစ်ခွက် ဖီးကြမ်းတစ်လုံး အမြဲကျွေးနေကြ"

စိမ့်စမ်းသည် ဟူးခနဲ လေပူမှုတ်လိုက်ကာ ခေါင်းကုတ်လိုက်မိပါသည်။ စိမ့်စမ်းနှင့် အသားတကျ မရှိသေးတဲ့ ဒီသုံးယောက်ကို peace ဖြစ်အောင် ဘာလုပ်ရမှန်း မသိတော့ချေ။ ကလေးတွေက သူတို့လိုချင်တာကို ဖြစ်နေကြဆိုတဲ့အစွဲက ခေါက်ရိုးကျိုးပြီးသားဆိုတော့ ပြင်ဖို့ကတော့ တော်တော်ခက်ပါသည်။

ဒါပေမဲ့ ဒီလိုပဲ တဖြည်းဖြည်းနဲ့ ပြင်သွားရမှာပေါ့။

"ကဲ ... တာရာ၊ ရောင်နီ မနက်ဖြန်ကျမှပဲ တီတီ သမီးနဲ့သား စားချင်တာ လုပ်ပေးမယ်နော်။ ဒီနေ့တော့ မုန့်ဟင်းခါးလေးပဲ စားလိုက်ပါနော်။ နောက်ရက်တွေကျမှ တီတီ အားလုံးစီစဉ်ပေးမယ်"



ကလေးနှစ်ယောက်က သိပ်မကြည်ပေမယ့် လက်တော့ လက်ခံသွားကြပါသည်။ စိမ့်စမ်းသည် ချက်နှာသစ် သွားတိုက် ကိုယ်လက်သန့်စင်ပြီးသောအခါ အင်္ကျီလဲဖို့ အခန်းထဲဝင်လာလေလျှင်တော့ ကိုနေက မျက်စိမဖွင့်ဘဲ အိပ်နေရင်းက လှမ်းပြောလေသည်။

"စိမ့် ... မင်းဇာတ်ကို မင်းနိုင်အောင် ကနိုင်ပါတယ်နော်။ ကိုယ်ကတော့ စိမ့်ကို ဘာမှမပြောချင်ဘူး။ စိမ့်ကို ချစ်တဲ့အတွက် စိမ့် တူ့တူမတွေကို သည်းခံပေးနေဦးမှာပဲ"

စိမ့်စမ်းသည် စိတ်ညစ်စွာဖြင့် မှိုင်တွေသွားရတော့သည်။ ကိုနေ့ကိုလည်း အရမ်းအားနာလှပါသည်။ စိမ့်စမ်းကို အရမ်းချစ်ပြီး အရမ်းနားလည်ပေးတဲ့ ဒီယောက်ျားကြောင့်သာ စိမ့်စမ်းဟာ ကလေးတွေကို အိမ်ပေါ်ခေါ်တင်ထားနိုင်တာဖြစ်သည်။ ကိုနေ့လိုလူမို့သာ စိမ့်စမ်းကို အန္တတာခံနိုင်တာဖြစ်သည်။ ဟိုသုံးယောက်ဟာ ကိုနေ့ကိုဆို လုံးဝကိုအဖက်လုပ်တာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးသုံးယောက်ရဲ့ ဘဝတစ်သက်တာ တာဝန်ယူထားတဲ့ စိမ့်စမ်းဟာ ကိုနေ လိုချင်တဲ့ family life ကို ပေးနိုင်ဖို့ အချိန်ကတော့ ယူရဦးမည် ဖြစ်ပါသည်။

"ကိုနေ ... စိမ့် မုန့်ဟင်းခါးသွားဝယ်မှာ။ ကိုနေ ဘာစားမလဲဟင်"

"ရပါတယ်။ စိမ့် အဆင်ပြေတာသာ စီစဉ်ခဲ့။ စိမ့် ... မင်းပင်ပန်းနေပြီလားဟင်။ ကိုယ်ကလေ စိမ့်ကို မပင်ပန်းစေချင်ဘူး။ ကလေးတွေက အခုမှ ဘဝစမယ့်အရွယ်လေးတွေနော်။ စိမ့်ရဲ့သွေးသားတွေကို စိမ့် သူများလက်ထဲမှာ ကြီးပြင်းစေခြင်းဘူးဆိုတာ ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ စိမ့်ရယ် ... သူတို့နဲ့က ကလေးတွေအတွက် ပိုclose ဖြစ်နေတယ် ..."

ကြာရင် စိမ့် ပင်ပန်းပြီး လူတီလာလိမ့်မယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ generation အတွက်လည်း ကိုယ်တို့ အဆင်သင့်ဖြစ်အောင် plan ချရဦးမယ်နော် စိမ့်"



စိမ့်စမ်းသည် ယရက်ရှာတွေများလာ၍ ခေါင်းတွေလည်း နောက်လာပြီဖြစ်သည်။ ကိုနေ့ဘက်က ကြည့်တော့လည်း ဟုတ်သည်။ ရှေ့ဆက်မယ့် life မှာ စိမ့်စမ်းဘက်က family life လေးကို ဖန်တီးပေးရတော့မည်။ ဒီကလေးသုံးယောက်ရဲ့တာဝန်ကလည်း စိမ့်စမ်းရဲ့ပခုံးပေါ်မှာ။

နောက်ဆို တာရာက တက္ကသိုလ်တက်ပြီ။ ရောင်နီကလည်း အတန်းကြီးပြီ။ မိုးလင်းဆိုလည်း ကျောင်းတက်ရပြီ။ အဲဒီလို တစ်ဘဝစာအတွက်ဆို စိမ့်စမ်း ဒီဝန်ကို ထမ်းနိုင်ပါ့မလား။ ဒါပေမဲ့ မိုးကျတော့ကော။ သူတောင် ဒီကလေးတွေကို တာဝန်ယူနိုင်တာပဲ။ အဲဒီလိုဆို ဒီကလေးတွေကို မိုးကိုပဲ ဆက်တာဝန်ယူခိုင်းရမှာလား။

ဟင့်အင်း ... အဲဒီလိုဆို မမကြီးကို ပေးထားတဲ့ကတိကို ဘယ်လိုတည်နိုင်ပါ့မလဲ။ စိမ့်စမ်း စလုံးကိုထွက်သွားပြီးဟိုမှာ ကိုနေနဲ့တွေ့ပြီး လက်ထပ်ခဲ့ပေမယ့် စိမ့်စမ်း မိုးနဲ့ကလေးတွေကို အမြဲအောက်မေ့ သတိရပါသည်။ ဒါကြောင့် ကိုနေ့ကို အားလုံး

www.burmeseclassic.com

www.burmeseclassic.com



မွှင့်ပြောပြီး မြန်မာပြည်ကို အပြီးပြန်လာကာ ကလေးတွေနှင့် မိုးကို ရှာပုံတော်ဖွင့်ပြီး ပြန်တွေ့ကာ ကလေးတွေကို ကိုယ်လက် ထဲရောက်ကာမှ မထိန်းနိုင် တာဝန်မယူနိုင်တော့လို့ မိုးပဲဆက် တာဝန်ယူပေးပါဆိုရင် တကယ်ဂွမ်းပြီဖြစ်သည်။

အဲဒီလိုနှင့်ပဲ စိမ့်စမ်းဟာ ခင်ပွန်းသည်နှင့် တူ,တူမ တွေကြား တကယ်ဗျာများနေရကာ တစ်ချိန်မှာ တစ်ခုခုကိုရွေး ချယ်ရမည့်အရာကတည်းက ကြိုးစဉ်းစားဆုံးဖြတ်နေရပါတော့သည်။

✣ ❣ ✣



၁၈

သူ့ဘဝထဲက သူချစ်ရသော သားသမီးတမျှ ကလေး လေးတွေ ထွက်ခွာသွားသောအခါ သူဟာ စိတ်လေကာ အသည်း ကွဲပြီး ကျန်နေခဲ့ရလေသည်၊ ဒီကာလတွေမှာ သူဟာ ဘယ်မှလဲ မသွားဘဲ အိမ်မှာပဲ circuit design တွေဆင်နေမိသည်။ ခင်စော်ဆို ကတော့ အိမ်ကိုပုံမှန်အတိုင်း လာမြဲလာကာ ကြီးချို့ကို ဝေယျာဝစ္စ ကူညီလုပ်ကိုင်ပေးမြဲ ဖြစ်ပါသည်။

သူ့အတွက် ကလေးတွေဖြင့် စိုပြည်နေခဲ့သောဘဝ ဟာ ရုတ်တရက်ကြီး တိတ်ခြောက်သွားသောအခါ ရင်ကွဲနေရ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးထိပ်ခေါင် ထမင်းစားလို့ ရပါပြီ။ ဒီနေ့က ကျွန်မ ကိုယ်တိုင် လက်စွမ်းပြထားတာနော်။ စပါယ်ရှယ် ... ဟဲ ဟဲ"

သူ့အလုပ်ခန်းတွင် ဝင်လာကာ တက်ကြွရွှင်မြူးစွာ ပြောလာသော စာဆို့ကို သူက တစ်ချက်ငေးကြည့်မိသွားသည်။ ဒီမိန်းကလေးဟာ တကယ်ပဲ သူ့အပေါ်ကို စာနာနားလည်ပေးသူဖြစ်သည်။ လစ်လပ်သွားတဲ့ တာရာတို့နေရာမှာ သူရယ် ကြီးချိုရယ် lonely ဖြစ်မကျန်ခဲ့အောင် ဘေးကနေ လိုတာဖြည့်ဆည်းပေးနေသူကလေး ဖြစ်ပါသည်။ ရိုးသားကြိုးစားကာ ဖျောသည့်ဆိုတာထက် ချစ်ဖို့ကောင်းသော ဒီမိန်းကလေးဟာ ကြင်နာတတ်တာကတော့ စံမမီပင်ဖြစ်သည်။

"ကိုမိုးထိပ်ခေါင် ... လာပါ ထမင်းသွားစားရအောင်"

"အင်း ... ဒီနေ့ ဘာဟင်းချက်တာလဲ ခင်စာဆို"

"အဟဲ ဟဲ ... ဒီနေ့က ပုစွန်တုပ်ဆီပြန်ဟင်းရယ်၊ ပြီးတော့ ကိုက်လန်ကြော်ရယ်၊ စပ်စပ်လေးနဲ့ စားလို့ကောင်းတဲ့ ကြက်သားငါးပိချက်ရယ်။ အမ်း ... အချဉ်သောက်ကတော့



ငါးဖယ်လုံးတုံ့ယမ်းလေ။ မမိုက်ဘူးလား။ အချိုပွဲအနေနဲ့ နဂါးမောက်သီးလေးကို စိပ်ထားပြီး ရေခဲသေတ္တာထဲထည့်ထားပြီးသား။ ဘယ်လိုလဲ ... ကိုမိုးထိပ်ခေါင် ရှင်ဗားချင်လာပြီမှလား"

ခင်စာဆိုကြောင့် သူဟာ အသာပြုံးရကာ သူမခေါ်ဆောင်ရာ ထမင်းစားပွဲဝိုင်းသို့ လာခဲ့ရတော့သည်။ စားချင်စဖွယ် ပြင်ဆင်ထားသော စေတနာကြောင့် သူဟာ ရင်ခံနေပေမယ့်လည်း အားရပါးရ ထမင်းစားဖြစ်ပါသည်။ ခင်စာဆိုရဲ့ဟင်းချက်လက်ရာဟာ တော်တော့်ကို talent ပါပါဖြင့် ချက်ထားတာကြောင့် တော်တော်လေး စားလို့ကောင်းလှပါသည်။

"ဘယ်လိုလဲ ... စားလို့ကောင်းလား"

"အင်း ... ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ် ခင်စာဆို"

"ရပါတယ် ... ဟဲ ဟဲ။ ကိုမိုးထိပ်ခေါင်နဲ့ ကြီးချိုက စားလို့ကောင်းတယ်ဆို ကျွန်မက အရမ်းပျော်ပြီး ဝမ်းသာလှပြီ။ ကဲ ... အားလုံး စားပြီးပြီဆိုတော့ အဆင်သင့်ပြင်ထားတဲ့ နဂါးမောက်သီးလေးစားလိုက်ပါဦး။ ကြီးချို ...

www.burmeseclassic.com

www.burmeseclassic.com



များများ စားနော်။ နဂါးမောက်သီးက ဆီးချိုသွေးချိုကျတယ်တဲ့၊ စာဆို ကြားဖူးတယ်။ စာဆို ပန်းကန်သွားဆေးလိုက်ဦးမယ်"

ခင်စာဆိုက တက်ကြွစွာထပြီး ပန်းကန်တွေကို ဆောင်မှာ သွားဆေးလေလျှင် သူနှင့် ကြီးချိုက ညည့်ခန်းမှာ နဂါးမောက်သီး ထိုင်စားကြရင်း စကားစမြည် ပြောဖြစ်ကြပါသည်။

"မောင်မိုး ... ကလေးတွေလည်း နေရာမှန်ရောက်ပြီ။ မင်းနှလုံးသားကော နေရာမှန် မရောက်သေးဘူးလားသား"

"ဗျာ"

သူဟာ ဒီနှစ်ကာလတွေအတွင်းမှာ မကြားခဲ့ဖူးသော စကားတစ်ခွန်းကို ကြားလိုက်ရသောအခါ အံ့သြမှင်သက်သွားမိပါသည်။ နှလုံးသားက နေရာမှန် မရောက်သေးဘူးလားတဲ့။ အဲဒါ ဘာကိုဆိုလိုတာပါလိမ့်။ သူ့စိတ်ထဲက မေးခွန်းအတွက် ကြီးချိုက ကြိုသိနေသည့်အလား ပြန်ဖြေပါသည်။





"ဟုတ်တယ် မောင်မိုး။ မင်းလည်း သုံးဆယ်စွန်းလာပြီ။ ကိုယ့်ဘဝအတွက် မျိုးဆက်ဆိုတာလည်း ရှိဦးမှ မောင်မိုး။ မင်းမလည်း စိမ့်စမ်းအတွက် ကလေးတွေအတွက်ဆိုပြီး ဘဝမှာမြှုပ်နှံထားတာ။ မင်းနှလုံးသားအတွက် လွတ်လပ်တဲ့ ခံစားချက်တစ်ခုကိုတော့ ပေးခံစားသင့်တယ် မောင်မိုး။ သားမှာ ချစ်တတ်တဲ့ချစ်သူတစ်ယောက် အနားမှာရှိသင့်တယ် သားရယ်"

"အာ ... ကြီးချိုကလည်းဗျာ။ ကျွန်တော့်ဘဝမှာ ဘာမှမလိုချင်တော့ပါဘူးဗျာ။ အားလုံး ပြီးပြည့်စုံပါတယ်"

"ဟင်း ဟင်း ... သေချာလို့လား မောင်မိုးရယ်။ ကြီးချိုက မင်း ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့တဲ့သူပါ။ မောင်မိုးရဲ့ဘဝမှာ အချစ်ဆိုတာနဲ့ နောက်တစ်ကြိမ် ပြန်ဆုံသင့်ပါတယ် သားရယ်။ မောင်မိုး ... စာဆို့ကိုမချစ်ဘူးလား"

"ဟာ ... ကြီးချိုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရက်အွားတာကတစ်ကြောင်း၊ ပြီးတော့ နောက်ဖေးမှာ ပန်းကန်ဆေးနေတဲ့ စာဆို ကြားသွားမှာစိုးရိမ်တာကြောင့် ကြီးချိုကို လှမ်းတားရလေသည်။ ကြီးချိုကတော့ သူ့ကို ဆက်ပြောပါသည်။

"ဘာမှကြီးချိုက မလဲဘူး မောင်မိုး။ ဒီမှာ ကောင်လေး၊ စာဆိုကို မင်း သံယောဇဉ်ရှိတာ ကြီးချို သေချာသိနေတယ်။ လုံးဝငြင်းဖို့မကြိုးစားနဲ့။ မောင်မိုး ... စာဆိုလေးက သိမ်ချစ်ဖို့ကောင်းတယ်။ မင်းအပေါ်လည်း သိတ်အနွံတာခံတယ်...

ကြီးချို စိတ်ထဲက အလိုလိုသိနေတယ် သား။ စာဆိုကလေးက မင်းရဲ့ပါရမီဖြည့်ဖက် ချစ်သူပဲ။ မင်း သေချာစဉ်းစားပြီး နောက်တစ်ခေါက် ထပ်ချစ်ကြည့်လိုက်ပါဦး သား။ အချစ်က သားအတွက် ကံကောင်းစေဖို့ နောက်တစ်ဖန် ထပ်မွေးဖွားမှာပါ ...

ပြီးတော့ သားအပေါ် သိပ်ကောင်းတဲ့ သားဘဝကို ပြီးတော့ သားရဲ့ခံစားချက်တွေကို နားလည်နိုင်တာ စာဆို တစ်ယောက်ပဲ ရှိတယ် သား။ မင်း သူ့ကို ချစ်သင့်တယ်။ သံယောဇဉ်ကတော့ ရှိပြီးသားပဲ သား။ သံယောဇဉ်ရှိရင် အချစ်ဆိုတာဖြစ်ဖို့ အချိန်ဘယ်လောက်မှ မလိုပါဘူးကွယ်။ မြင်တတ်ရင် ရပါတယ်"

မိုးထိပ်သည် တော်လိုက်အလန်းတွေဖြင့် ဆုံးမလေတဲ့ ကြီးချို စကားကြောင့် သူဟာ ရင်ထဲမှာ တစ်မျိုးတော့တစ်မျိုးကြီး ဖြစ်သွားပါသည်။ စာဆိုကို သူ သံယောဇဉ်ရှိတာ သူ့ဘာသာ သူ ရိပ်မိသတိထားမိတာတော့ ရှိပါသည်။ ဒါပေမဲ့ ချစ်ဖို့ဆိုတာ ... အာ ... လုံးဝမဖြစ်နိုင်ပါဘူးကွာ။ သူ့အတွက် ချစ်ခြင်းမေတ္တာဆိုတာ အသွားအပြန်မရှိသည့် ခံစားမှုနာမ်တစ်ခုပဲ ဖြစ်တာမို့ စာဆိုလေးကိုလည်း ချစ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာမဟုတ်ပါ။

အဲဒါနှင့်ပဲ သူဟာ ခေါင်းအသာယမ်းရင်း သူ့အလုပ်ခန်းဆီသို့သွားကာ design ပဲ ပြန်ဆင်နေလိုက်တော့သည်။ diode တွေ တပ်သာတပ်နေတာ သူဟာ စိတ်ကတော့ ဒီထဲမှာမရှိ

www.burmeseclassic.com



တော့ချေ။ သူဟာ စာဆိုကို ချစ်သွားနိုင်သလားဆိုတဲ့ အတွေးတွေကသာ ခေါင်းထဲမှာ ကြီးစိုးလို့နေပါသည်။ ချစ်လား ... သူက စာဆိုကို ချစ်တယ်လား။ မိုးထိပ်သည် ဘာမှန်းမသိတဲ့ ဘာသာပြန်တွေကို နားမလည်စွာဖြင့် စဉ်းစားနေရပါသည်။

"အား"

နားထဲတွင် ပဲ့တင်လှိုင်းထပ်နေသော အော်သံကြောင့် သူဟာ ဘာလဲဟုဆိုပြီး ခေါင်း ဆတ်ခနဲထလိုက်ပြီး စိတ်ထဲမှာ တစ်ယောက်ကို ပြေးမြင်သွားကာ ဝုန်းခနဲ မတ်တတ်ထရပ်၍ နောက်ဖေးသို့ အသည်းအသန် ပြေးထွက်လာလျှင် လဲကျနေသော စာဆိုနှင့် ထိတ်လန့်မှင်တက်နေသော ကြီးချိုကို တွေ့ရရင် သူဟာ စိုးရိမ်စိတ်က ငယ်ထိပ်ဆောင့်တက်ကာ စာဆိုကို ပြေးပွေ့ကာ ...

"ကြီးချို ... စာဆို ဘာဖြစ်တာလဲ"

"ဘောစင်တန်းက မီးသီးကျွမ်းနေလို့ စာဆိုက မီးသီးလဲတာ အဲဒါ ဓာတ်လိုက်ပြီး ပြုတ်ကျတာ"





"အာ ... ကြီးချိုရာ ဒုက္ခပါပဲ။ စာဆို ... စာဆို ... မင်း ဘာဖြစ်သွားလဲ"

"ဟို ... ခြေထောက်နည်းနည်း မျက်သွားရုံပါ။ စာဆိုဘာမှမဖြစ်ပါဘူး။ ကြီးချိုကိုလည်း မပြောပါနဲ့။ စာဆို့ဘာသာ မီးသီးတက်လဲတာ ရှော့ခ်လ်ဖြစ်သွားတာပါ။ နည်းနည်းလေး ကျင်သွားရုံပါ"

စာဆိုက သူ့ရင်ခွင်ထဲကနေ ရုန်းဖယ်ထွက်သွားကာ အတင်းကုန်းရုန်းထပေမယ့် ခြေထောက်က ဆစ်ခနဲ နာကျင်အောင့်မျက်ကာ သူ့ရင်ခွင်ထဲပဲ ပြန်ပစ်လဲလေသည်။ သူက အလွန်တရာ စိုးရိမ်စွာဖြင့် စာဆို့ကို ဇွေ့ခနဲကောက်ပွေ့ကာ အခန်းထဲသို့ချီမခေါ်သွားလေလျှင် စာဆိုဟာ သတိလစ်မေ့မြောမတတ်ကို ရင်ခုန်ရလေတော့သည်။

"ပြစမ်း ... မင်းခြေထောက်"

စာဆိုက သတိပြန်ဝင်ကာ နဂိုစိတ် ပြန်ကပ်၍ မငြင်းရဲစွာ ခြေထောက်ကို အသာပင့်ပြလျှင် သူက စာဆို့ခြေကျင်းဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ဆတ်ဆတ် တစ်ချက်ဆွဲခါလိုက်လျှင် မျက်ရည်လည်မတတ် နာကျင်ရလေသည်။ ပြီးတော့ သူက ကြီးချိုဘက်သို့လှည့်ကာ ...

"ကြီးချို ... ကျွန်တော့်ကို ထွန်းရွှေဝါနဲ့ ပတ်တီးလေးပေး ပါ"

ကြီးချိုက သူ့လက်ထဲသို့ ဆေးဘူးလာပေးလျှင် သူက စာဆို့ခြေထောက်ကို ဆေးပွပွလေးဖြစ်အောင် အသားထဲ စိမ့်ဝင်အောင် လိမ်းပေးကာ ပတ်တီးစည်းပေးလေသည်။

"နည်းနည်းလေးပွမယ်နော်။ ခြေထောက်က အရမ်းနာနေ သေးလား"

စာဆိုရဲ့ရင်ထဲမှာ ပူလွင်ပြင်းရှတဲ့ စမ်းချောင်းလေး တစ်စင်း ဖြတ်စီးသွားလေသည်။ အရမ်းဂရုစိုက်တတ်တဲ့ သူ့ကို စာဆို့စိတ်တွေ ယိမ်းယိုင်သွားပြီလား။ တကယ်ပဲ အချစ်ဆိုတာကို စာဆို ခံစားမိသွားပြီလား။ စာဆို့ကို မချစ်ဘဲနဲ့ ဘာလို့ဂရုစိုက် ရတာလဲ ကိုမိုးထိပ်ခေါင်ရယ်။

"စာဆို ခြေထောက်က နာလားလို့"





"ဩော် ... ရပါတယ်။ မနာတော့ပါဘူး"

"အင်း ... တော်သေးတာပေါ့ကွာ။ ကြီးချိုရယ် ... စာဆို က မီးသီးတက်လဲမယ် ဆိုတာ ကြီးချိုက တားလိုက်ရမှာ။ အခုတော့ဗျာ ... စာဆို မင်းလက်ကော ထုံပေပေဖြစ်နေ လားဟင်"

"ဟင့် ... ဟင့်အင်း ... မဖြစ် ... မဖြစ်တော့ပါဘူး"

"ကဲ ... အဲဒါဆိုလည်း ဆေးခန်းတော့ သွားမှဖြစ်မယ်။ ပြီးရင် ကိုယ် အိမ်ပြန်ပို့ပေးမယ်" —

"အာ ... ရ ... ရပါတယ် ကိုမိုးထိပ်ခေါင်ရဲ့။ စာဆို အိမ် ပဲပြန်ပို့ပေးရင် ဖြစ်ပါပြီ။ စာဆို ဘာမှမဖြစ်ပါဘူး"

သူက စိတ်မချသေးသည့် အမူအရာဖြင့် စာဆို့ကို စိုက်ကြည့်လျှင် စာဆိုသည် မျက်လုံးတွေကို အကြည့်လွှဲလိုက်ရ တော့သည်။ ကျွန်မ ရင်ခုန်နေတာကို ရှင့်ကို မသိစေချင်ပါဘူး ကိုမိုးထိပ်ခေါင်။ ကျွန်မရဲ့ရူးသွပ်မှုဟာ ကျွန်မအတွက် နိဗ္ဗာန်ပေ မယ့်၊ ရှင့်အတွက် ငရဲဖြစ်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"OK … အဲဒါဆို ကိုယ်ပြန်ပို့ပေးမယ်။ ခဏလေး ကိုယ် အင်္ကျီလဲလိုက်ဦးမယ်"

စာဆိုက ခေါင်းအသာဆတ်ပြလိုက်လျှင် သူကထ ထွက်သွားလေလျှင် ကြီးရိုက သူ့ကို မကြားတကြား လှမ်းပြော လေသည်။

"သိပ်စိတ်ပူနေတာ သိပ်ချစ်လို့တဲ့ မောင်မိုးရေ"

သူဟာ စာဆိုများ ကြားသွားမလားဆိုတဲ့ စိတ်ကြောင့် ရှက်ရှက်နှင့် အခန်းထဲက ပြေးထွက်လာခဲ့ရတော့သည်။ ထူးဆန်း စွာပင် သူ့ဘယ်ဘက်ရင်အုံထဲက နှလုံးသားလေးသည် တဒုတ် ဒုတ် အော်မြည်နေတာကို သူ ပြန်ကြားရလေသောအခါ အချစ် ဆိုတာများ သူ့နှလုံးသားထဲ ပြန်လည်ရောက်နေပြီလားဟု သူ့ကိုယ် သူ ပြန်မေးကြည့်မိလေသည်။

ခင်စာဆို့ကို ချစ်များချစ်နေတာလား ? ? ။



## ၁၉

"ဟယ်လို … ဖေဖေလား၊ မိုးတို့ ဖေဖေ့ဆီ ပြန်လာကြပြီ သိလား။ အခု lift နဲ့ တက်လာပြီ၊ ဒါပဲနော် ဖေဖေ"

သူ့ကို အလျှင်အမြန်ပင်ပြောကာ ဖုန်းချသွားလေ သောအခါ မိုးထိပ်သည် ဘာမှလိုက်မမီတော့စွာဖြင့် ဖုန်းကိုပြန်ခေါ် လျှင် ဖုန်းက လုံးဝမကိုင်တော့ချေ။ ပြီးတော့ အိမ်ရှေ့ကဘဲလ် တီးသံကြားလျှင် သူဟာ အပြေးတစ်ပိုင်းဖြင့် တံခါးဆွဲဖွင့်လိုက် လျှင် သူ့မျက်လုံး သူ မယုံကြည်နိုင်စွာဖြင့် သူသိပ်ချစ်သော တလေးတွေကို တွေ့ရလေသည်။

"ဟား … သမီး တာရာ၊ မိုးလင်း၊ သားလေး ရောင်နီ ဖေဖေ့ဆီလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … အပြီးပြန်လာတာ။ တီတီ ပြောလိုက်လေ"

သူက အားလုံးကို အိမ်ထဲဝင်စေပြီးသည့်နောက်မှာတော့ စိမ့်စမ်းက သူ့ကို စကားစပြောပါသည်။

"မိုး … တာရာတို့ကို တကယ်ပဲ တစ်သက်လုံး တာဝန်ယူနိုင်လို့လား"

"ဘာ … ဘယ်လိုမေးလိုက်တာလဲ စိမ့်စမ်းရာ။ ကိုယ် တာဝန်ယူနိုင်တာပေါ့"

သူ့ရဲ့ကတိပေးစကားကြောင့် စိမ့်စမ်းသည် ကြည်လင်သောအပြုံးတစ်ခုကို နှစ်လိုဖွယ်ပြုံးကာ …

"အဲဒါဆို စိတ်ချသွားပါပြီ။ စိမ့်စမ်းရဲ့ တူ၊တူမတွေက စိမ့်စမ်းကို အခေါ်လိုပဲ ချစ်နိုင်ကြတာ။ မိုးကိုတော့ သူတို့က သူတို့အဖေလို ချစ်နေကြပြီ။ သူတို့ ကျွန်မနဲ့ဘယ်လိုမှ မပျော်ဘူး မိုး။ ပြီးတော့ ကျွန်မ သူတို့လေးတွေကို control မလုပ်နိုင်ဘူး မိုး …



ကျွန်မ ကလေးတွေနဲ့ စကားပြောကြည့်လိုက်တော့ တာရာ၊ ရောင်နီ၊ မိုးလင်းက မိုးဆီမှာ နေပါရစေဆိုပြီး ကျွန်မကို တောင်းပန်ကြတယ်။ ကျွန်မလည်း ဒီကလေးတွေကို ကျွန်မနဲ့အတူ ထားချင်တယ်။ ဒါပေမဲ့ ထင်သလို ဖြစ်မလာတာလေးတွေ ရှိလာတယ် မိုး။ အဲဒါကြောင့် မိုး ဖြစ်နိုင်ရင် ကလေးတွေကို စောင့်ရှောက်ပေးပါ။ ကလေးစရိတ် ကျွန်မပဲ တာဝန်ယူမှာပါ။ ခင်စာဆိုရင် မိုးတို့က သူတို့လေးတွေကို စောင့်ရှောက်ပေးနိုင်မလား ဟင်"

မိုးထိပ်သည် ဆုံးရှုံးသွားပြီထင်တဲ့ အရာတစ်ခုအတွက် ပြန်လည်ရရှိခွင့် ရသောအခါ မျက်ရည်လည်မတတ် အရမ်းပဲ ဝမ်းသာရလေသည်။ သူ့ကလေးတွေဟာ သူနှင့်တစ်သက်လုံး အတူနေရတော့မည့်ကိစ္စ သူက ပျော်ပျော်ကြီး ခေါင်းညိတ်ရုံပေါ့။

"တစ်သက်လုံး စောင့်ရှောက်နိုင်ပါတယ် စိမ့်စမ်း။ မင်းအတွက်က ကလေးစရိတ် ဘာမှထောက်စရာ မလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးတွေကို ကိုယ်က ကိုယ့်ရဲ့သားသမီးလေးတွေလို ချစ်ခဲ့တာပါ။ သူတို့အတွက် ကိုယ်ဟာ အမြဲတမ်းဖခင်ပါပဲ စိမ့်စမ်း။ အဲဒါ ကိုယ့်ရဲ့သူတို့အပေါ်ထားတဲ့ မေတ္တာပါ။ ကိုယ်နဲ့ ကလေးတွေကို အတူပြန်နေခွင့်ပေးတဲ့အတွက်ပဲ ကိုယ်က စိမ့်စမ်းတို့ကို ကျေးဇူးတင်လှပါပြီ"

"တကယ်တော့ ကျွန်မက အဓေါ်မပီသတဲ့လူပါ။ မိုးကတော့ မေတ္တာစိတ် သိပ်ကြီးမားတဲ့သူပါ။ စာဆို ကံကောင်းပါတယ်။ မိုးလို သိပ်ချစ်ပြီး သိပ်ကြင်နာတတ်တဲ့ ယောကျ်ားမျိုးကို ပိုင်ဆိုင်ရတာ အရမ်းကံကောင်းပါတယ်"

အနောက်မှာ မတ်တတ်ရပ်နေလေတဲ့ စာဆို့ကိုပါ လှမ်းကြည့်ပြီး ပြောလေလျှင် သူဟာ စာဆို့အတွက် အရမ်းအားနာသွားပါသည်။ ကလေးသုံးယောက်ကတော့ ပြုံးစိစိလေးတွေ ဖြစ်နေကြတာ သူ ရိပ်မိပါသည်။ ဒါပေမဲ့ သူတောင်တားချိန်မရှိ တော့ဘဲ စိမ့်စမ်းက ထိုင်ရာမှ ဆတ်ခနဲထကာ ကြီးချို့နဲ့ စာဆို ဆီသွား၍ ...



"ကြီးချို ... သူတို့လေးတွေကို စောင့်ရှောက်ပေးပါနော်။ စိမ့်စမ်းဘက်က ကြီးချိုကို ပြောမှားဆိုမှားရှိခဲ့ရင် တောင်းပန်ပါတယ် ...

ပြီးတော့ စာဆို ... မင်းကို တို့ ပြောတာ မှားတာတို့ လွန်တာတို့ရှိပါတယ်။ တို့ တောင်းပန်ပါတယ်။ မိုးကို ပိုင်ဆိုင်ခွင့်ရတဲ့ စာဆိုက တကယ်ကံကောင်းတဲ့သူပါ။ မိုးက သူ့ဘဝကို ချစ်ခြင်းမေတ္တာတွေနဲ့ ပျော်ရွှင်နေချင်တာ။ သူ့ဆန္ဒကို စာဆို ဖြည့်ဆည်းပေးပါနော်။ ပြီးတော့ တာရာတို့ကို စာဆို နားလည်ပေးပါနော်။ စာဆို့ကို ကိုယ်ချင်းစာပေးလို့ ရပါတယ်။ ဒါပေမဲ့လေ ကလေးသုံးယောက်စလုံးက ..."

"ဟို ... ဟို ... ဟို ... ရပါတယ် မစိမ့်စမ်း။ စာဆို့ကို ဘာမှတောင်းပန်ဖို့ မလိုပါဘူး"

"ဘယ်လို ... တောင်းပန်ဖို့မလိုပါဘူး ဟုတ်လား။ ဘယ် ဟုတ်ပါ့မလဲ စာဆိုရယ်။ စာဆိုက နားလည်မှုရှိပေမယ့် ကျွန်မကတော့ တောင်းပန်ပါတယ် ...

www.burmeseclassic.com



စာဆို … ကျွန်မ တူ,တူမလေးတွေကို နည်းနည်း သည်းခံပေးပါနော်”

စာဆိုက အနေရခက်နေဟန် တူပါသည်။ လေရူ အသာမှုတ်ထုတ်ကာ မျက်ခုံးတွေ တွန့်ရှုံး၍ အသည်းအသန်ပင် ငြင်းနေရှာ၏။

“ဟို … တောင်းပန်ဖို့လည်း မလိုပါဘူး။ စာဆို မစိမ့်စမ်းကို နားလည်ပါတယ်။ တာရာတို့ကို ကျွန်မ ချစ်ပါတယ်။ ကျွန်မ တာဝန်ကိုက …”

သူဟာ စာဆိုရဲ့တာဝန်ရာထူးတွေကို စိမ့်စမ်းကို မသိစေချင်ပါ။ ဘာလို့မှန်းတော့ မသိ။ စာဆိုက ကျွန်မတာ ကလေးထိန်းပါလို့ မပြောခင်မှာပဲ သူက ဝင်ပြောလိုက်တော့သည်။

“စိမ့်စမ်း … မင်း စိတ်ချပါ။ မင်းနဲ့ကလေးတွေ မဆုံခင် ကတည်းက စာဆိုနဲ့ သူတို့က သိပ်ချစ်ပြီး သိပ်သံယောဇဉ် ရှိကြပါတယ် …



ကိုယ်တို့မိသားစုအားလုံးက သံယောဇဉ်ကို အရင် တည်ဆောက်ပြီးမှ ချစ်သွားကြတာချည်းပါ”

သူ့ပါးစပ်က အဲဒီစကား ပြောထွက်သွားတဲ့အတွက် သူ့ဘာသာသူတောင် အံ့အားသင့်ရပေသည်။ ဘာတဲ့ … သံယောဇဉ် ကို အရင်တည်ဆောက်ပြီးမှ ချစ်သွားကြတာချည်းပါတဲ့။ သူ့စကား ကြောင့် စာဆိုက မသိမသာ သူ့ကိုမျက်လုံးလှန်ကြည့်လျှင် သူ ဟာ ဒုတ်ခနဲ တစ်ချက်တော့ ထိုးထွက်လို့သွားပါသည်။ မင်းကို ရင်ခုန်နေတာ ကိုယ်သိတယ် စာဆိုရေ။

“အော် … OK … တို့ သဘောပေါက်ပြီ။ အဲဒါဆို စိတ် ချပါရစေနော်။ စိမ့်စမ်းလည်း မကြာမကြာလာပါ့မယ် …

ကဲ … အားလုံးပဲ ခွင့်ပြုပါဦး။ ကျန်တဲ့ပစ္စည်းတွေ ကိုတော့ နောက်မှ လူလွှတ်ပြီး ပို့လိုက်မယ်နော်။ တာရာ၊ ရောင်နီ၊ မိုးလင်း … တီတီ မင်းတို့ကို အလိုလိုက်ပါတယ် နော်။ ဒီမှာ မဆိုးကြနဲ့နော်”

“စိတ်ချပါ တီတီ။ ဒါ သမီးတို့အိမ်ပါ”

www.burmeseclassic.com

www.burmeseclassic.com



တာရာ၊ ရောင်နီနဲ့ မိုးလင်းရဲ့ပါးလေးတွေကို တစ်ဖက်စီနမ်းကာ သူမက အားလုံးကို နှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။ ဒီတော့မှ သူဟာ ရင်ခုန်သံကို ခဏထားကာ သူ့ကလေးသုံးယောက်ကို အပြေးဖက်၍ ...

"သမီးတို့ သားတို့ ဖေ့ဆီ တကယ်ပြန်လာတယ်နော်"

"ဒါပေါ့ ဖေရ။ သားတို့ ဒီလိုပြန်လာရဖို့ သားတို့တွေ twist ရိုက်ရသေးတယ်"

"ဘယ်လို ... ဘယ်လို"

သူက နားမလည်စွာမေးလေလျှင် တာရာက ပြုံး မျက်နှာလေးဖြင့် သူ့ကိုကြည့်ကာ ...

"အဲဒါတွေ နောက်မှပြောပြမယ် ဖေဖေရယ်။ အခု ဖေ က သမီးတို့ ပြန်လာတဲ့အတွက် သမီးတို့ စိတ်ချမ်း အောင် လုပ်ပေးရမယ်"

"ကဲ ... ပြော၊ ဖေဖေ ဘာလုပ်ပေးရမလဲ"



တာရာဟာ သူ့ဟာသူ ဟုတ်နေစွာဖြင့် အပြုံးမပျက် မျက်နှာလေးဖြင့် သူ့ရှေ့ကနေ စာဆိုဆိုသို့သွားကာ ...

"အစ်မ ... သမီးတို့ဖေဖေရဲ့ချစ်သူ လုပ်ပေးပါလားတင်။ ပြီးတော့ သမီးတို့ရဲ့မေမေ လုပ်ပေးပါလား"

"ဟမ်"

"ဟာ ... တာရာ ... သမီး"

သူက အသည်းအသန် လှမ်းတားလိုက်သေမယ့် သမီးဟာ သူ့စကားကို နားမထောင်ဘဲ သူပြောချင်တာကို ဆက်ပြောလေသည်။

"တကယ်တော့ ဖေဖေက သမီးတို့အတွက် ဘဝကို ကလေးအဖေဆိုတဲ့ဂုဏ်ပုဒ်နဲ့ ရပ်တည်နေရတာ။ သမီးတို့ကို သိပ်ချစ်တဲ့ ဖေဖေ့မှာလည်း သိပ်ချစ်တဲ့ချစ်သူဆိုတာ ရှိရမှာပဲလေ ...

အစ်မကို ဖေဖေက ချစ်နေတာ သမီး သိတယ်။ ပြီးတော့ ဖေဖေကလည်း အစ်မကို အရမ်းသံယောဇဉ်ရှိတယ်ဆိုတာ ကလေးတွေ သိပါတယ်"

www.burmeseclassic.com



"အား ... ဒုက္ခပါပဲ"

စာဆိုက မျက်နှာထားစရာမရှိအောင် ရှက်တာကြောင့် အိမ်ထဲက ပြေးထွက်သွားလျှင် သမီးကြီးက သူ့ရဲ့နောက်ကျောကိုတွန်းထုတ်ကာ ကလေးတွေ သံပြိုင်ဖြင့် သူ့ကိုရဲဆေးတင်ပေးလေသည်။

"ဖေဖေ ... ဒီတစ်ခါမှ မရဘူးဆို ဖေဖေ့ကို မချစ်တော့ဘူးနော်။ အစ်မနောက်ကို အမြန်လိုက်ပြီး ရည်းစားစကားသွားပြောတော့"

"အေး ... သွားပြောရမှာလား"

"အာ ... ဖေဖေကလည်း သိပ်တုံးတာပဲ။ သွားပါဆို"

"မောင်မိုး ... ဒီတစ်ခါတော့ အချစ်စစ်ပဲပေါ့။ သွားတော့"

သူ့ကို ရဲဆေးတင်လေသောအခါ သူဟာ တက်ကြွသွားကာ စာဆို့နောက်ကို အသည်းအသန် ပြေးလိုက်ရလေသည်။ lift စောင့်နေသော စာဆို့ကို သူက အနောက်ကနေ အတင်းလှမ်းခေါ်လေလျှင် စာဆိုက ရှက်ရစ်ဝဲမျက်နှာလေးဖြင့် ငြိမ်ငြိမ်လေး မတ်တတ်ရပ်နေပါသည်။





ဘဝမှာ အချစ်တစ်ခုဖြစ်ဖို့ဆိုတာ ဘယ်အချိန်ကာလမှာ ပေါ်ပေါက်လာတယ်ဆိုတာ မသိပါ။ ဒါပေမဲ့ သူ့ရင်ထဲမှာ စာဆိုနှင့်တွေ့ရင် ဖြစ်လာတဲ့ ငြိမ်းချမ်းမှုဟာ အရမ်းအေးမြပါသည်။ ပြီးတော့ သူ စာဆို့ကို ချစ်နေမိပြီဆိုတာ သေချာသွားပါသည်။

"စာဆို ... ကိုယ့်ကို စိတ်ဆိုးသွားလားဟင်"

"ရှင် ... ဘာလို့လဲ"

"ကိုယ်က စာဆို့ကို ချစ်နေလို့လေ"

"အာ ... ကိုမိုးထိပ်ခေါင်ကလည်း ဘာမှန်းလဲ မသိဘူး"

သူ့ဘဝမှာ ရင်ခုန်ခြင်းတွေဟာ အခုမှ ပြန်ဖြစ်လာတာဖြစ်သည်။ သူ တစ်ခဏအတွင်းမှာပင် စာဆို့ကို ချစ်မိပြီဆိုတာ သဘောပေါက်သွားခဲ့ပါပြီ။

"စာဆို ကိုယ့်ကို ချစ်လားဟင်"

သူ့ရဲ့ရိုးရှင်းသော မေးခွန်းအတွက် စာဆိုက သူ့ရဲ့မျက်နှာကို မော့ကြည့်ကာ ပြီးတော့ ချက်ချင်းပင် ခေါင်းငုံ့သွားတော့သည်။ ပြီးတော့ သူ့ကို တိုးတိုးလေး ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံယောဇဉ်တော့ ရှိပါတယ် ကိုမိုးထိပ်ခေါင်"

သူ့ အရှမ်းပျော်သွားပါသည်။ စာဆိုရဲ့စကားတစ်ခွန်းဟာ ရင်ခုန်နှုန်း အတိုင်းအတာ အလွန်တရာ မြင့်မားသွားစေပါသည်။ စာဆိုရဲ့အဖြေစကားအတွက် သူဟာ စာဆို့အနားသို့ တိုးကပ်သွားကာ ...

"ကိုယ့်ဘဝမှာ အချစ်ကို ဖုံးကွယ်ထားတာ မပျော်ထားတာ ကြာပါပြီ စာဆိုရယ်"

"သိပါတယ်။ ကိုမိုးထိပ်ခေါင်က ညနေခင်းတွေအတွက် ကိုယ်ကိုယ်တိုင် အိပ်ဆေးခတ်ထားတဲ့ လူဆိုတာ စာဆို သိပါတယ်။ ကိုမိုးထိပ်ခေါင်ရဲ့ မြင့်မြတ်တဲ့စိတ်နဲ့ မေတ္တာကို စာဆို တန်ဖိုးထားပါတယ်"

စာဆိုရဲ့ကဗျာဆန်လှသော စကားလေးအတွက် သူဟာ ရင်ပွင့်မတတ် ပျော်ရွှင်သွားပေသည်။ အခုဆို သူ့ဘဝမှာ အားလုံးပြည့်စုံသွားချေပြီ။ ကလေးတွေက သူ့အုပ်ထိန်းမှုအောက် ပြန်ခိုဝင်ခွင့်ရသလို သူချစ်တဲ့ ကောင်မလေးကလည်း သူ့ကိုနား



လည်ပေးတယ်ဆိုတော့ စာဆို ပြောသလိုစကားနဲ့ ကဗျာဆန်ပြရရင် သူ့ဘဝရဲ့အိပ်ဆေးခတ်ထားတဲ့ညနေခင်းတွေအတွက် နတ်သမီးက မေတ္တာရေစင် ပက်ဖျန်းပေးလေသည်။

အဲဒီနတ်သမီးလေးက တခြားတော့ မဟုတ်ပါ။ ပရိသတ်ကြီးလည်း သိနေပါပြီ။ အိပ်ဆေးခတ်ထားတဲ့ ညနေခင်းရဲ့အဆုံးသတ်ဟာ စာဆိုရဲ့မေတ္တာအောက်မှာ ပြုံးရွှင်ခဲ့ရပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူ့ကမ္ဘာ

♥ ခေတ်အဆက်ဆက်က
ကမ္ဘာမြေမှာ အကြင်နာတွေ
ပုံအောခဲ့ဖူးတယ်။

♥ အလျားအနံ မရှိတဲ့ မေတ္တာတရား
အသွားအပြန်တော့ ရှိလေရဲ့။
မသိချင်ယောင်ဆောင် မျက်နှာလွှဲထားပါတယ်
အချစ်က ဘေးနားမှာရှိနေလေသတဲ့။



♥ နတ်သားလေးက အိပ်ဆေးခတ်ထားလည်း
ညနေခင်းမှာ သက်တံတွေပေါ်ထွန်းဖို့
ကိုယ့်အချစ်နဲ့ လှုပ်နှိုးပေးပါ့မယ်။

♥ တစ်ခုတော့ ရှိပါတယ်။
ချစ်ပြီးတော့
ပစ်မထားဖို့
ကောင်းကင်ကြီးက သက်သေလုပ်ကာ
အချစ်အတွက် ဆေးပေါင်းခပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးတင်စွာဖြင့်

မယ်မင်းသုံ

10-11-2011(THUR)

11:59 P.M

(တန်ဆောင်မုန်းလပြည့်ည)

www.burmeseclassic.com